# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝတ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၅၀)


# မြန်မာနိုင်ငံအနေနဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုများကို ကျော်ဖြတ်လွန်မြောက်ဖို့ စိတ်အားထက်သန် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များအားလုံး ကျွန်မတို့အနားမှာ နီးနီးကပ်ကပ် ရှိနေကြမယ်လို့ မျှော်လင့်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Myanmar Development Effectiveness Roundtable (မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆွေးနွေးပွဲ)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**Myanmar Development Effectiveness Roundtable (မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေး ဆွေးနွေးပွဲ)တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

**လေးစားအပ်ပါသောဧည့်သည်တော်များရှင့်**

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ ထိရောက်မှုနဲ့ပတ်သက်လို့ ပထမဦးဆုံးကျင်းပတဲ့ ဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့သူအားလုံးကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါတယ်။

အခုလို နေပြည်တော်ကို ဖိတ်ခေါ်ပြီး ပြန်တွေ့ဆုံရတဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ကို ပထမဆုံးအကြိမ် ဖွဲ့စည်းပြီးနောက် သိပ်မကြာခင်ကာလ ၂၀၁၆ ခုနှစ် အနှောင်းပိုင်းလောက်မှာ ကျွန်မတို့ ပထမဆုံး တွေ့ဆုံဆွေးနွေးခဲ့တာကို မှတ်မိပါသေးတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ဆွေးနွေးပွဲကို ဒီနှစ်အစောပိုင်းမှာ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် တူညီတဲ့အနာဂတ်ရည်မှန်းချက်တွေနဲ့ ၂၀၁၈ ခုနှစ်ကို ကြိုဆိုပြီး ဖွံ့ဖြိုးမှုအကူအညီတွေကနေ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်နိုင်လာတဲ့အထိ ကျွန်မတို့ အတူတကွ ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာ ဆွေးနွေးနိုင်မယ့် အခွင့်အလမ်းတစ်ခုဖြစ်တယ်လို့ ယုံကြည်တဲ့အတွက် ဒီလိုကျင်းပရတာ ဖြစ်ပါတယ်။

နိုင်ငံတကာအသိုက်အဝန်းရဲ့ ပံ့ပိုးကူညီမှုဟာ အရေးပါတဲ့ အခန်းကနေရှိနေနိုင်ပြီး အတားအဆီးအခက်အခဲတွေရှိနေတဲ့ကြားက ပြုပြင်ပြောင်းလဲရေးသမားတွေကို ရှေ့တိုးနိုင်အောင် တွန်းအားပေးတဲ့အပြင် ဆယ်စုနှစ်များစွာကြာအောင် တိုးတက်မှုဆိတ်သုဉ်းနေတဲ့ ကျွန်မတို့ရဲ့ အင်စတီကျူးရှင်းအချို့ကိုပါ ပြန်လည်အသက်ဝင်လာစေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အရင်ထက်ပိုပြီး အခုလိုအပ်နေတာကတော့ နိုင်ငံတကာ အသိုင်းအဝိုင်းတွေဆီက အကူအညီများပဲဖြစ်ပါတယ်။ ယခုလို ကူညီပံ့ပိုးတဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကို မြန်မာနိုင်ငံအနေနဲ့ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရပါတယ်။ စိန်ခေါ်မှုများလာလေ အဲ့ဒီစိန်ခေါ်မှုတွေကို ထိုအခြေအနေမျိုးမှာ *စာမျက်နှာ ၅ ကော်လံ ၁* ✻

---

**အဆောက်အဦဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန နှစ်ခုကို Regulatory Body အဖြစ် ပြောင်းလဲဆောင်ရွက်မည်**

*ပြည်ထောင်စုလွှတ်တော်* *စာမျက်နှာ - ၇*

**ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် ကူညီပံ့ပိုးနိုင်မည့် ကိစ္စရပ်များအား ဆွေးနွေး**

*ပြည်တွင်းသတင်း* *စာမျက်နှာ - ၁၁*

**၂၀၃၀ တွင် တရုတ်နိုင်ငံ၏ နျူကလီးယား စွမ်းအင်ကဏ္ဍဖွံ့ဖြိုးမှု အမေရိကန်ကို ကျော်လွန်နိုင်**

*နိုင်ငံတကာသတင်း* *စာမျက်နှာ - ၁၄*


Shwe La Min

ရွှေလမင်း ဆေးရုံ

မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ကို ကြိုဆိုသောအားဖြင့်(၁.၃.၂၀၁၈ မှ ၃၀.၄.၂၀၁၈) ရက်နေ့အတွင်း အခန်းခများကို (၃) ရက် နေခဲ့လျှင် (၁) ရက် လျှော့ပေးခြင်းနှင့် (Medical Check Up Package) ကျန်းမာရေးစစ်ဆေးခြင်းများကို အထူးလျှော့ဈေးပေးမည် ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ရွှေလမင်းဆေးရုံ(၁) : အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Hot Line : 01-655612

ရွှေလမင်းဆေးရုံ(၂) : အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်။ Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(၃) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။Ph:044-2021375,2022799

ရွှေလမင်းဆေးရုံ(၄) : အမှတ်(၁)၊ ရှမ်းစုလမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026855

မြန်မာ့အလင်း

# ချင်းပြည်နယ်နှင့်လေယာဉ်ကွင်းငယ်တို့၏ အခန်းကဏ္ဍ

**Mission Aviation Fellowship (MAF)** သည် ခရစ်ယာန်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ခရစ်ယာန်ဘာသာဝင်များနှင့် ဝေးလံခေါင်သီသော ဒေသတို့ရှိ ရွာသူ ရွာသားတို့အတွက် လေယာဉ်ပျံသန်းပြေးဆွဲပေးခြင်းနှင့် ဆက်သွယ်ရေးစနစ် ထူထောင်ရေးဝန်ဆောင်မှုတို့ကို ပံ့ပိုးပေးပါသည်။ **Mission Aviation Fellowship (MAF)** ၏ ဗဟိုစင်တာသုံးခုကို အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့တွင် ဖွင့်လှစ်ထားရှိပါသည်။ ၂၀၁၀ ပြည့်နှစ်၌ **Mission Aviation Fellowship** သည် ခရီးသည်ပေါင်း ၂၀၁၇၁၀ ကို နိုင်ငံပေါင်း ၅၅နိုင်ငံသို့ လေယာဉ်ပျံ ၁၃၀ ဖြင့် ပျံသန်းပို့ဆောင်ပေးခဲ့ပါသည်။ **Mission Aviation Fellowship (MAF)**၏ လုပ်ငန်းဆောင်တာတို့ကို နမူနာပြောရမည်ဆိုပါက ဆူမာထရား **(Sumatra)** ၌ သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်းမှသည် ပါပူဝါနယူးဂီနီ၌ အင်တာနက်ဝိုင်ဖိုင်ဝန်ဆောင်မှုပေးခြင်းအထိ မျိုးစုံရှိပါသည်။

ယခုအခါ **Mission Aviation Fellowship (MAF)** သည် ချင်းပြည်နယ်တောင်ပိုင်း မတူပီခရိုင် လိုင်လင်းပီမြို့၌ ပထမဦးဆုံးသော လေယာဉ်ကွင်းငယ်ကို တည်ဆောက်သွားမည်ဟု သိရှိရပါသည်။ ချင်းပြည်နယ်သည် ဖွံ့ဖြိုးမှုနောက်ကျနေဆဲ ပြည်နယ်တစ်ခုဖြစ်သည်သာမက သဘာဝပတ်ဝန်းကျင်အနေအထားအရ လမ်းပန်းဆက်သွယ်ရေးစနစ်ဖော်ဆောင်ရန် ခက်ခဲသောဒေသလည်း ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းသည် ဒေသခံပြည်သူတို့၏ စီးပွားရေး အပါအဝင် လူမှုရေးအခြေအနေ အရပ်ရပ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနှောင့်နှေးစေပါသည်။ ချင်းတိုင်းရင်းသား ပြည်သူတို့၏ အခြေခံလိုအပ်ချက်သည် လွယ်ကူမြန်ဆန်သော လမ်းပန်းဆက်သွယ်ရေးစနစ်တစ်ရပ် အကောင်အထည်ဖော်နိုင်ရေး ဖြစ်ပါသည်။ **Mission Aviation Fellowship** က ယခုအကောင်အထည်ဖော်မည့် လေယာဉ်ကွင်းငယ်သည် ချင်းတိုင်းရင်းသား ပြည်သူတို့၏ အဆိုပါအခြေခံလိုအပ်ချက်ကို တစ်နည်းတစ်ဖုံဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

၎င်းလေယာဉ်ကွင်းငယ်ကို **Mission Aviation Fellowship** က **Health &Hope Myanmar** အဖွဲ့နှင့် ပူးပေါင်းတည်ဆောက်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ သန်းခန့်ရှိပါသည်။ ယခုတည်ဆောက်မည့် လေယာဉ်ကွင်းအတွက် ခွင့်ပြုချက်အား ပြည်ထောင်စု အစိုးရထံမှ ၂၀၁၇ ခုနှစ် ဇူလိုင်လ၌ ရရှိခဲ့ပြီး ယခုလောလောဆယ် မြေအနေအထားတို့ကို လေ့လာသုံးသပ်လျက်ရှိပါသည်။ စီမံကိန်းလျာထားချက်အရ အဆိုပါ လေယာဉ်ကွင်းငယ်ကို ၂၀၂၀ ပြည့်နှစ်မေလ၌ ပြီးစီးစေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လက်ရှိအချိန်၌ လိုင်လင်းပီမြို့သည် တိုင်းပြည်၏ ကျန်ဒေသများသို့ နွေရာသီ၌သာ သွားလာနိုင်ပါသည်။ ယခုလေယာဉ်ကွင်းငယ် ပြီးစီးပါက လိုင်လင်းပီဒေသခံ ချင်းတိုင်းရင်းသားတို့သည် ကျန်တစ်နိုင်ငံလုံးသို့ ၁၂ ရာသီစလုံး သွားလာနိုင်တော့မည်ဖြစ်၍ ဒေသ၏ စီးပွားရေးအပါအဝင် လူမှုရေးအနေအထားအရပ်ရပ်တို့ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

ပို၍ ဝမ်းမြောက်စရာကောင်းသည်မှာ ၎င်းလေယာဉ်ကွင်းငယ်ကို အခြေပြုသည့် ပျံသန်းသယ်ယူပို့ဆောင်မှုတို့သည် စီးပွားရေးအကျိုးအမြတ်အပေါ်၌ အခြေမခံ၊ ဒေသခံပြည်သူတို့၏ ကျန်းမာရေးကဲ့သို့သော ကိစ္စမျိုးများနှင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းတို့အတွက်သာ ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ ၎င်းကဲ့သို့သော လေယာဉ်ကွင်းငယ်တို့ကို ဟားခါး၊ ပလက်ဝနှင့် တီးတိန်တို့၌ပါ ဆက်လက်တည်ဆောက်သွားရန် စီစဉ်နေသည့် **Mission Aviation Fellowship** နှင့် **Health & Hope Myanmar** တို့၏ ကြိုးပမ်းဆောင်ရွက်မှုကို ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME များ၏ ထုတ်ကုန်ပြပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှကြီးမှူးကျင်းပသည့် ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME များ၏ ပထမအကြိမ်ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို မန္တလေး ချမ်းမြသာစည်မြို့နယ်မန္တလာသီရိအားကစားကွင်း၌ ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "ကျွန်တော်တို့ တာဝန်ယူပြီးတဲ့ နှစ်နှစ်အတောအတွင်း မန္တလေးတိုင်းဒေသကြီးမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တတ်နိုင်သလောက်ကြိုးစားဆောင်ရွက်နေပါတယ်၊ အဲဒီအတွက် ဒုသမ္မတကြီးကိုလည်း သီးသန့်တွေ့ဆုံဖို့ ပန်ကြားထားပါတယ်၊ ဒီကျန်ခဲ့တဲ့ သက်တမ်းသုံးနှစ်တာ ကာလအတွက် ကျွန်တော်တို့ အခြေခိုင်အောင် လုပ်ချင်ပါတယ်၊ စီးပွားရေးအရရော နိုင်ငံရေးအရပါ ကျွန်တော်တို့ အခြေခိုင်အောင် လုပ်ဖို့လည်း စိတ်ပိုင်းဖြတ်ထားပါတယ်" ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က "နောက်ဆုံးတစ်ခုကတော့ စိုက်ပျိုးမွေးမြူရေးပါ၊ နောက်ဆုံးထွက်လာတဲ့ ထုတ်ကုန်ဟာ ISOလက်မှတ်ရတဲ့အပြင် ကျွန်တော်တို့ Export လုပ်နိုင်တဲ့ Quality ရအောင်ကြိုးစားနေပါတယ်၊ ကျွန်တော်တို့တိုင်းဒေသကြီးက တတ်နိုင်တဲ့ ဘတ်ဂျက်နဲ့ ဒီကိစ္စကိုလုပ်ဖို့လည်း စဉ်းစားထားပါတယ်၊ သူတို့ကိုယ်တိုင်က ပြိုင်ချင်၊ ဆိုင်ချင်စိတ်ရှိရမယ်၊ သူတို့ကိုယ်တိုင်ကလည်း တီထွင်ဖန်တီးချင်စိတ်ရှိရမယ်၊ လုပ်ငန်းရှင်းနီးမြှုပ်နှံပြီးတော့ ဘာလုပ်မလဲဆိုတာ စဉ်းစားပြီးရင် ကျွန်တော်တို့ SME အေဂျင်စီနဲ့ တိုင်းဒေသကြီးအစိုးရက ကူညီပေးမယ်၊ အဲဒီတော့အားလုံးကို ကြိုးစားစေချင်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။



ထို့နောက် ဝန်ကြီးချုပ်က ပထမဆုရရှိသော အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်း ဆုများကိုလည်းကောင်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ဒုတိယဆုရရှိသူများကို လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက တတိယဆုရရှိသူများကိုလည်းကောင်းဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ကလေးမြို့ဆေးရုံအတွက် ကျောက်ကပ်ဆေးစက်လှူ

**ကလေး ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပြည်သူ့ဆေးရုံကြီးတွင် ထားရှိအသုံးပြုရန်အတွက် ကျောက်ကပ်ဆေးစက်တစ်လုံး ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၃၆၅၀ ကို ကျောက်မီးသွေး လုပ်ငန်းရှင်များအသင်းက ဖေဖော်ဝါရီ ၂၆ ရက်က လှူဒါန်းခဲ့သည်။

ကလေးမြို့ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည့် လှူဒါန်းပွဲတွင် အလှူရှင်များကိုယ်စား ကျောက်မီးသွေးလုပ်ငန်းရှင်များအသင်းမှ ဦးဇော်ဝင်း (Max Myanmar)က ကျောက်ကပ်ဆေးစက် လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ကျောက်မီးသွေးလုပ်ငန်းရှင်များအသင်းမှ အလှူရှင်များကိုယ်စား အဖွဲ့ဝင်များက ကျောက်ကပ်ဆေးစက်ဝယ်ယူရန်အတွက် အလှူငွေကို ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မျိုးဝင်းထံသို့ ပေးအပ်ခဲ့သည်။

ကလေးမြို့ပြည်သူ့ဆေးရုံကြီးတွင် ယခင်က အလှူရှင်များ လှူဒါန်းထားသော ကျောက်ကပ်ဆေးစက် သုံးလုံးရှိပြီးဖြစ်ကာ ယခုထပ်မံလှူဒါန်းသော ကျောက်ကပ်ဆေးစက်တစ်လုံးအပါအဝင် စုစုပေါင်း ကျောက်ကပ် ဆေးစက်လေးလုံး ရှိလာမည်ဖြစ်၍ ကျောက်ကပ်ဝေဒနာရှင်များအား အဆင်ပြေစွာ ကုသမှုများ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

✻ *ကျော်ဖုံးမှ*

တိုးလာပါတယ်၊ စာစစ်ဌာနကတော့ တစ်နိုင်ငံလုံးမှာ နိုင်ငံခြားစာစစ်ဌာန ၂၀ ခု အပါအဝင် ၁၇၄၂ ခု ရှိပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးမျိုးသန့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးရုံဖြေ စာဖြေဌာနလေးခုဖွင့်လှစ်ထားကြောင်း၊ ၎င်းတို့မှာရန်ကုန်ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံ၊ မြောက်ဥက္ကလာ အထွေထွေရောဂါကုဆေးရုံနှင့် မြောက်ဥက္ကလာဝေဘာဂီဆေးရုံတို့ဖြစ်ကြောင်း၊ ဆေးရုံများတွင် ဖြေဆိုသော ကျောင်းသား ကျောင်းသူများ၊ စာရေးနိုင်ခြင်းမရှိသော ကျောင်းသားကျောင်းသူများအတွက် နဝမတန်းကျောင်းသား ကျောင်းသူစာတော်သော ကလေးများ အရန်သင့်ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများ အနေဖြင့် အသံဖမ်းနိုင်သော အီလက်ထရွန်နစ်ပစ္စည်းများ၊ ဂဏန်းတွက်စက်များ၊ ဖုန်းများ၊ စမတ်နာရီများကိုစာမေးပွဲခန်းအတွင်း ယူဆောင်ခွင့်ပေးမည်မဟုတ်ကြောင်း၊ ကျောင်းသား ကျောင်းသူအားလုံးသည် တန်းတူအခွင့်အရေးဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် မတ် ၇ ရက်တွင် စတင်ဖြေဆိုတော့မည့်တက္ကသိုလ်ဝင်စာမေးပွဲကြီးအတွက် ဝေးလံသောဒေသများသို့ မေးခွန်းများအချိန်မီရောက်ရှိရေး အဆင့်ဆင့်ကြပ်မတ်မှုများဖြင့် ပို့ဆောင်ပေးနိုင်ရန် စီမံကွပ်ကဲဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၆-၂-၂၀၁၈

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ·၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကား ပြောကြားသည်။

**တာဝန်ရှိသူများတက်ရောက်**

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားသည်။

**လုပ်ငန်းစဉ်များရှင်းလင်း**

ထို့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီအတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်း လက်ရှိအခြေအနေများကိုလည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စရပ်များအပေါ် နိုင်ငံတကာနှင့်စပ်လျဉ်းသည့် အခြေအနေများကိုလည်းကောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ ဗဟိုကော်မတီသို့ လွှဲပြောင်းပေးပို့ထားသည့် အမှုတွဲများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံသားစိစစ်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကော်မတီလုပ်ငန်းများ၊ UEHRD လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းများနှင့် အထွေထွေကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နိုင်ငံပိုင်သတင်းစာများ တင်ဆက်မှု ပိုမိုကောင်းမွန်ရန် အားထုတ်ခြင်းဖြင့် မြန်မာ၏အသံကို ကမ္ဘာက ပို၍ကြားရန် ကြိုးပမ်းဖို့လို

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံအတွင်းရှိ အကြောင်းအရာများကို တိကျမှန်ကန်စွာ ဖော်ပြနိုင်ရေးနှင့် မြန်မာတို့၏ အသံကို ကမ္ဘာ့မီဒီယာများအထိ ထိုးဖောက်နိုင်ရန်မှာ သတင်းစာသမားများတွင် တာဝန်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကတာဝန်မှာလည်း မြန်မာ၏အသံကို ပိုမိုဖော်ထုတ်နိုင်ရန်ပင်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နေပြည်တော်ရှိ နိုင်ငံပိုင် သတင်းစာတိုက်များမှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ဖေဖော်ဝါရီ ၂၆ ရက်က ဒုတိယဝန်ကြီးသည် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံပိုင်သတင်းစာ မြန်မာ့အလင်း၊ ကြေးမုံနှင့် မြန်မာ့သတင်းစဉ်(ပြည်တွင်း)၊ မြန်မာ့သတင်းစဉ် (နိုင်ငံခြား)၊ နေပြည်တော်သတင်းစာတိုက်တို့မှ စာတည်းမှူးချုပ်များ၊ စာတည်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

"ကျွန်တော်သတိထားမိတာတစ်ခုက အခြားသတင်းဌာနတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ကျွန်တော်တို့ သတင်းစာတွေမှာပါရှိတဲ့ အချို့သတင်းတွေဟာ သတင်းတန်ဖိုး အားနည်းတာမျိုး၊ သတင်းရေးသားမှုပုံစံမှာ အားနည်းတာမျိုး၊ သတင်းစောင့်ကြည့်မှုနဲ့ နောက်ဆက်တွဲဖော်ပြနိုင်မှု လိုအပ်ချက်တွေကို မြင်တွေ့ရတယ်၊ အခုလို ဝန်ထမ်းတွေနဲ့ တွေ့ဆုံပြီး လိုအပ်ချက်တွေ၊ အခက်အခဲတွေနဲ့ လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွေကို သိရှိရတဲ့ အတွက် အများကြီးအကျိုးရှိပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

ထို့အပြင် ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ လိုအပ်ချက်များနှင့် ဖြည့်ဆည်းပေးရန် ဆောင်ရွက်နေသည့်အပိုင်းများကို ဆွေးနွေးခဲ့ပြီး အထူးသဖြင့် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နေရသည့် သတင်းစာလုပ်ငန်းဖြစ်သည့်အားလျော်စွာ အင်တာနက်လိုင်းများ ကောင်းမွန်စေရေး၊ လုပ်ငန်းခွင်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အားအရင်းအမြစ်များ စနစ်တကျပျိုးထောင်ရေး၊ သတင်းစာတိုက် ဝန်ထမ်းအိမ်ရာအတွင်း နေထိုင်ကြသည့် ဝန်ထမ်းမိသားစုများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့တွင် လိုအပ်ချက်များရှိပါက ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

သတင်းခန်းစွမ်းရည် ပိုမိုမြင့်မားရေးအတွက် သတင်းစာပညာသင်တန်းများ၊ သတင်းတည်းဖြတ်မှုဆိုင်ရာ သင်တန်းများ၊ သတင်းခန်း စီမံခန့်ခွဲမှုဆိုင်ရာများနှင့် စာမျက်နှာဖွဲ့စည်းမှုများအတွက် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်သွားရန် ရည်ရွယ်ထားကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်တို့ရှိ သတင်းခန်းများကို လိုက်လံကြည့်ရှုသည်။

**ခင်ရတနာ**



# မြန်မာနိုင်ငံအနေဖြင့် အကူးအပြောင်းအလွန်ကာလတွင် အကြီးမားဆုံးစိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရ

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
မြန်မာနိုင်ငံအနေဖြင့် အကူးအပြောင်းအလွန်ကာလတွင် အကြီးမားဆုံးစိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရသည့်အချိန်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့သည့် Myanmar Development Effectiveness Roundtable (မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေး ဆွေးနွေးပွဲ)တွင် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ ( Development Assistance Coordination Unit - DACU) ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

**အခြေခံအုတ်မြစ်အဖြစ်ဖော်ဆောင်**

ထိုစိန်ခေါ်မှုများသည် ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် မိမိတို့၏ ကတိကဝတ်များ ခိုင်မာအားကောင်းလာစေရန် အခွင့်အလမ်းများဖြစ်လာပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ရှင်သန်ရင့်ကျက်လာရေးအတွက် အခြေခံအုတ်မြစ်အဖြစ် ဖော်ဆောင်ပေးမှာဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အစိုးရမဟုတ်သော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမှာစကားကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်)**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**မြန်မာနိုင်ငံအခြေအနေများဆွေးနွေး**

ဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ၊ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E.Dorothee Janetzke- Wenzel နှင့် United Nations Resident and Humanitarian Coordinator a.i. in Myanmar, H.E.Mr.Knut Ostby တို့က မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

**မူဝါဒများရှင်းလင်း**

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် (Myanmar, Cambodia and Lao PDR) World Bank Regional Country Director, Ms. Ellen Goldstein တို့က မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒများကို ရှင်းလင်းဆွေးနွေးကြသည်။

**NGO နှင့် INGO တို့ ပါဝင်မှုများဆွေးနွေး**

ယင်းနောက် Local Resource Centre, Director, Daw Pansy Tun Thein၊ Marie Stopes International, Country Director, Dr . Sidney Naing၊ The Republic of the Union of Myanmar Federation of Chambers of Commerce and Industry, Joint Secretary General, Daw Khine Khine Nwe နှင့် Aust Cham Myanmar, Chief Executive Officer, Ms. Jodi Weedon တို့က ဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ပေးရာတွင် NGO နှင့် INGO တို့၏ ပါဝင်မှုများကို ဆွေးနွေးကြသည်။

**နည်းပညာကဏ္ဍဆိုင်ရာဆွေးနွေး**

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်း က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးဝင်းက လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစုစုလင်းက ကျန်းမာရေးကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေအေးလွင်က အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က Macroeconomic Management ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒေါက်တာလွင်မာလှိုင်က အာဟာရပြည့်ဝမှု ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက လူမှုကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူ ဒေါ်အေးအေးလှက ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

**လုပ်ငန်းအစီအစဉ်များဆွေးနွေး**

ထို့နောက် Myanmar Development Institute, Executive Director ဦးမင်းရဲပိုင်ဟိန်းက ဦးဆောင်၍ လုပ်ငန်းကဏ္ဍအဖွဲ့ဝင်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များက ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**အားကောင်းလာစေရန်ရည်ရွယ်**

ဆွေးနွေးပွဲကို ဖွံ့ဖြိုးမှုအကူအညီမူဝါဒအရ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အလှူရှင် နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၎င်းတို့၏ဖွံ့ဖြိုးမှုအကူအညီများ၊ ထိရောက်မှုရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အားကောင်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကုလသမဂ္ဂမှ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် Mr. Knut Ostby နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ကုလသမဂ္ဂမှ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးစံရွှေအောင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

### လျှောင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်

**ပြည် ဖေဖော်ဝါရီ ၂၆** - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြည်မြို့ ခေတ္တရာမြို့သစ် အနောက်မြို့ပတ် ၈ လမ်း၌ လျှောင်ဘေးအန္တရာယ်သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါသရုပ်ပြလေ့ကျင့်ဆောင်ရွက်ခြင်းကို မြို့နယ်ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် လျှောင်ဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့၊ ရာဇဝတ်ကယ်ဆယ်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ၊ ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူရေး ဆပ်ကော်မတီ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်မြို့မိုးမေတ္တာပရဟိတလူမှုကူညီရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၂၈၅ ဦးခန့်က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဖွံ့ဖြိုးမှုအကူအညီများရယူရာမှာ ကောင်းမွန်သေချာသည့် ညှိနှိုင်းမှုရှိရန် ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့များ လိုအပ်

✻ ရွှေဖုံးမှု

နိုင်ငံတကာအသိုင်းအဝိုင်းက မိတ်ဆွေတွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုကို တိုးမြှင့်ပြီး လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

**အထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်**

ယနေ့ကျင်းပတဲ့ ဆွေးနွေးပွဲက တင်ပြမှုတွေဟာ ဖွံ့ဖြိုးတဲ့နိုင်ငံများ မလွဲမသွေ ရင်ဆိုင်နေရတဲ့ အခက်အခဲအတားအဆီးတွေကို ကျွန်မတို့အားလုံး ကျော်လွှားနိုင်ဖို့ အထောက်အကူပြုလိမ့်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။

ဒီတွေ့ဆုံဆွေးနွေးပွဲမှာ ကျွန်မတို့ရဲ့ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အပြင် ပြည်တွင်း ပြည်ပမှာရှိတဲ့ ပုဂ္ဂလိကအဖွဲ့အစည်းက ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲ့လူမှုရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ မရှိမဖြစ်လိုအပ်တဲ့ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများပါ တက်ရောက်တာကို တွေ့ရတဲ့အတွက် များစွာဝမ်းမြောက်မိကြောင်း ပြောကြားလိုပါတယ်။

**အခွင့်အလမ်းတွေ ရရှိခဲ့**

ဒီနေ့အစည်းအဝေးမှာ ကျွန်မတို့ လက်ရှိကြုံတွေ့နေရတဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများနဲ့ ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခွင့်ရကြတဲ့အတွက် ဆွေးနွေးပွဲ တက်ရောက်သူများအနေနဲ့ မြန်မာနိုင်ငံရဲ့စဉ်ဆက်မပြတ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမယ့် အပြုသဘောဆောင်သော တီထွင်ဖန်တီးမှုနည်းလမ်းတွေ မျှဝေဖို့ အခွင့်အလမ်းတွေ ရရှိခဲ့ကြပါတယ်။

**လေးစားအပ်ပါသောဧည့်သည်တော်များရှင့်**

မြန်မာနိုင်ငံအနေနဲ့ အကူးအပြောင်းအလွန်ကာလမှာ အကြီးမားဆုံး စိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရတဲ့အချိန်ပဲ ဖြစ်ပါတယ်။ အဲ့ဒီစိန်ခေါ်မှုတွေဟာ ငြိမ်းချမ်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးအတွက် ကျွန်မတို့ရဲ့ကတိကဝတ်တွေ ခိုင်မာအားကောင်းလာစေမယ့် အခွင့်အလမ်းတစ်ရပ် ဖြစ်လာပြီး မြန်မာနိုင်ငံရဲ့ဒီမိုကရေစီရှင်သန်ရင့်ကျက်လာရေး အတွက် အခြေခံအုတ်မြစ်အဖြစ် ဖော်ဆောင်ပေးမှာ ဖြစ်ပါတယ်။

အားလုံးသိရှိကြတဲ့အတိုင်း မကြာသေးမီကာလက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ အဖွဲ့နှစ်ဖွဲ့ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့တာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြခြင်းနှင့်အတူ မကြာခင်မှာ ပင်လုံညီလာခံကျင်းပနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

**ဖွဲ့စည်းခဲ့**

ရခိုင်ပြည်နယ်အတွင်း အားလုံးပါဝင်တဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်ရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့တည်ငြိမ်မှုနဲ့ သဟဇာတဖြစ်မှု ဖော်ဆောင် ပေးရေးအတွက် နိုင်ငံတော်အစိုးရရဲ့ကတိကဝတ်ကို အကောင်အထည်ဖော်တဲ့အနေနဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးအဖွဲ့နဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) တို့ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။

**မဟာဗျူဟာကျတဲ့ ဆွေးနွေးပွဲတစ်ရပ်ဖော်ဆောင်**

ငြိမ်းချမ်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးဟာ ကျွန်မတို့နိုင်ငံရဲ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော်လည်း ယခု အစည်းအဝေးကျင်းပတဲ့ ရည်ရွယ်ချက်ကတော့ ကဏ္ဍတစ်ခု၊ကိစ္စတစ်ခု သို့မဟုတ် နေရာဒေသ တစ်ခုတည်း အပေါ်မှာ လွန်လွန်ကဲကဲ အလေးထားတာမျိုးမဟုတ်ဘဲ ဘယ်ငွေကြေးအရင်းမြစ်ကိုမှ ထိခိုက်မှုမရှိတဲ့ လာမည့်နှစ်တွေမှာ ကိုင်တွယ်ဖြေရှင်းရမယ့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများနဲ့ ပတ်သက်သော ကျယ်ပြန့်နက်ရှိုင်းပြီး မဟာဗျူဟာကျတဲ့ ဆွေးနွေးပွဲတစ်ရပ် ဖော်ဆောင်ဖို့ ဖြစ်ပါတယ်။

**ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုရမှာဖြစ်**

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာရဲ့ဖွံ့ဖြိုးမှုအကူအညီတွေရရှိနေချိန်မှာ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ဖြစ်တဲ့ မိမိတို့အနေနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို ရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မယ်ဆိုလျှင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါပြီးအားအထားရဆုံးဖြစ်တဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာ သိရှိထားရမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးအခင်းအကျင်း ကျွန်မတို့ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ထိုသို့ ပြောင်းလဲရာမှာ တာဝန်သိရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့ အစိုးရ၊ ပုဂ္ဂလိက၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကို အရင်းအနှီးရော စွမ်းဆောင်ရည်အရပါ ကြိုဆိုရမှာ ဖြစ်ပါတယ်။

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ဟာ နိုင်ငံတကာမှာ ပြောင်းလဲဖြစ်ပေါ်နေတဲ့ ကိစ္စရပ်တွေကို သိရှိထားတဲ့အကြောင်းနဲ့ မြန်မာနိုင်ငံအနေနဲ့ ဒီဆန်းသစ်လာတဲ့ ကမ္ဘာကြီးဆီက အကျိုးကျေးဇူးတွေ ခံစားနိုင်အောင် ကျွန်မတို့ လုပ်ဆောင်နိုင်မလဲ ဆိုတာ ဆန်းစစ်လေ့လာနေပါကြောင်း ဝမ်းမြောက်စွာ ပြောကြားလိုပါတယ်။

မိမိတို့အနေနဲ့ အချိန်နှောင်းမှ ရောက်လာသူများရဲ့ အားသာချက်တွေ၊ ကောင်းကျိုးတွေကိုလည်း အထူးတလည်သိရှိထားသလို အခြားသူတွေရင်ဆိုင်နေရတဲ့ အဟန့်အတားတွေ၊ စိန်ခေါ်မှုတွေကိုလည်း ဖြစ်နိုင်မယ်ဆိုရင် ကျော်လွှားလို၊ ရှောင်ရှားလိုပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်**

ဒီနေ့ဆွေးနွေးပွဲမှာ မတူညီတဲ့ကိစ္စရပ်တွေကို စုစည်းဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်၊ အစီအစဉ်မှာ ထည့်သွင်းဖော်ပြထားတဲ့အတိုင်း DACU အနေနဲ့ ရေရှည်၊ မဟာဗျူဟာကျကျ၊ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနေတာကို တွေ့ရမှာဖြစ်ပါတယ်။

**ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေး**

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) ကို ဖွဲ့စည်းခဲ့တဲ့ အချိန်ကတည်းက မိမိတို့ ပြည်သူများရဲ့အကျိုးကို ရည်ရွယ်ပြီး ဖွံ့ဖြိုးမှုအကူညီတွေကို ရယူသုံးစွဲရာမှာ ရေရှည်တည်တံ့ရေးအတွက် နည်းစနစ်တကျဆောင်ရွက်ဖို့ ရည်မှန်းချက်တွေကို ရှင်းရှင်းလင်းလင်း သတ်မှတ်ထားပြီး ဖြစ်ပါတယ်၊ DACU အဖွဲ့ဝင်များဟာ မိမိနဲ့ ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးပြီး ဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေကို တင်ပြခဲ့ပါတယ်။

**လုပ်ငန်းစဉ် (၅)ရပ်**

DACU ရဲ့ဥက္ကဋ္ဌအနေနဲ့ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒရေးဆွဲခြင်း၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ဦးစားပေးလုပ်ငန်းများသတ်မှတ်ခြင်း၊ ကဏ္ဍအလိုက်နှင့် ဦးတည်ချက်အလိုက် လုပ်ငန်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းခြင်း၊ လုပ်ငန်းစီမံကိန်းများအား သုံးသပ်အကဲဖြတ်ရေးစနစ် ထူထောင်ခြင်း၊ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရတဲ့ အဓိကအခက်အခဲများအား ဖြေရှင်းခြင်းဆိုတဲ့ လုပ်ငန်းစဉ် (၅)ရပ်ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ အခြေအနေတွေကို အသိပေးလိုပါတယ်။

မိမိတို့ရဲ့ဦးစားပေးလုပ်ငန်းတွေကို ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒ (DAP) မှာ ထည့်သွင်းဖော်ပြထားပါတယ်၊ အဲ့ဒီဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒကို ဒီကနေ့ တရားဝင် မိတ်ဆက်သွားမှာဖြစ်ပြီး အဆိုပါမူဝါဒဟာ မြန်မာနိုင်ငံအတွက် ပထမဆုံး ထုတ်ပြန်တဲ့ မူဝါဒဖြစ်ပါတယ်၊ မိမိတို့ ပြည်သူလူထု ကောင်းကျိုးအတွက် ဖွံ့ဖြိုးမှုအကူအညီတွေကို အကျိုးရှိထိရောက်ပြီး ပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်ရေး အတွက် ပြီးပြည့်စုံတဲ့ မူဝါဒလမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းရေးဆွဲထားပါတယ်။

**DAP ကို ရေးဆွဲခဲ့တာဖြစ်**

DAP ကို ရေးဆွဲရာမှာ ဒီဖွံ့ဖြိုးမှုအကူအညီကိုသင့်လျော်တဲ့ စောင့်ကြည့်စစ်ဆေး အကဲဖြတ်မှုလုပ်ဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကို မချန်လှပ်ခဲ့ဘဲ ထိရောက်တဲ့ လုပ်ထုံးလုပ်နည်းတွေဖြစ်စေဖို့ DACU ကို တောင်းဆိုခဲ့ပါတယ်။ အထူးသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ အစိုးရအဖွဲ့အစည်းတွေအနေနဲ့ သူတို့ရရှိတဲ့ အကူအညီတွေကို မိမိတို့ပိုင်အဖြစ် ပိုမိုစီမံခန့်ခွဲနိုင်အောင် တာဝန်ပေးလိုတဲ့ ရည်ရွယ်ချက်နဲ့ဒီ DAP ကို ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။

မြင်သာမှုရှိဖို့အတွက် ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့တွေဟာ မရှိမဖြစ် လိုအပ်ပါတယ်။ ဒါမှသာ ပြည်ထောင်စုဝန်ကြီးများအနေနဲ့ သူတို့အခန်းကဏ္ဍတွေမှာ အကောင်းဆုံး ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ သတင်းအချက်အလက်တွေကို ရရှိကြမှာ ဖြစ်ပါတယ်။

**မဟာဗျူဟာကျကျ စဉ်းစား**

အချို့အဖွဲ့တွေအနေနဲ့ ကဏ္ဍဆိုင်ရာ စီမံကိန်းများနဲ့ မဟာဗျူဟာများ ရေးဆွဲဆောင်ရွက်နေပြီး အချို့က ဘဏ္ဍာငွေကုန်ကျစရိတ်တွေကို ပြုစုဆောင်ရွက်နေတယ်လို့ သိရှိရတဲ့အတွက် မိမိအနေနဲ့ ကျေနပ်မိပါတယ်၊ ဒါဟာ အရေးကြီးတဲ့ လုပ်ငန်းပါ။ ဘာလို့လဲဆိုတော့ အောင်အောင်မြင်မြင် လုပ်နိုင်မယ်ဆိုရင် တစ်နှစ်စာ စီမံကိန်းနဲ့ ဘတ်ဂျက်စက်ဝန်းကနေ ကျွန်မတို့ ရုန်းထွက်နိုင်မှာဖြစ်ပြီး ကာလရှည်၊ ကာလလတ်အတွက် မဟာဗျူဟာကျကျ စဉ်းစားပြီး စီမံကိန်းချမှတ်သွားနိုင်မှာ ဖြစ်ပါတယ်။

မိမိတို့ရဲ့ပြည်ထောင်စုဝန်ကြီးတွေကို လုပ်အားနှစ်ဆတိုးပြီး ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များအနေနဲ့လည်း လုပ်ငန်းများပြီးမြောက်နိုင်ဖို့ နည်းပညာဖြစ်စေ၊ဘဏ္ဍာရေး(ဒါမှမဟုတ်) အခြားအချင်းအရာဖြစ်စေ လိုအပ်တဲ့ အရင်းအမြစ်တွေ ရရှိသုံးစွဲနိုင်အောင် စဉ်းစားပေးကြဖို့ တိုက်တွန်းလိုပါတယ်။

**ကျွမ်းကျင်မှုများကို ကြိုဆိုတန်ဖိုးထား**

အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေနဲ့ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွေမှာ ပါဝင်ဆောင်ရွက်သွားစေလိုပါတယ်၊ လုပ်ငန်းစီမံချက်အစီအစဉ်များကို အကောင်အထည်ဖော်ရာမှာ သူတို့ဟာ ရှေ့တန်းကနေ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းတွေရဲ့ အတွေးအမြင်များနဲ့ ကျွမ်းကျင်မှုများကိုလည်း ကြိုဆိုတန်ဖိုးထားပါတယ်။

**❖ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာရဲ့ ဖွံ့ဖြိုးမှုအကူအညီတွေ ရရှိနေချိန်မှာ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ဖြစ်တဲ့ မိမိတို့အနေနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို ရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မယ်ဆိုလျှင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါပြီး အားအထားရဆုံးဖြစ်တဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတာ သိရှိထားရမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရဲ့ဘဏ္ဍာရေးအခင်းအကျင်း ကျွန်မတို့ပြောင်းလဲရမှာဖြစ်**

**ထည့်သွင်းရေးဆွဲထား**

မိမိအနေနဲ့ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒရေးဆွဲထုတ်ပြန်နိုင်ခဲ့တာကို အထူးပင် ကျေနပ်မိပါတယ်၊ ဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်များ အနေနဲ့လည်း ထုတ်ပြန်ထားတဲ့ မူဝါဒအတိုင်း လိုက်နာဆောင်ရွက်ကြဖို့ ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။ ထပ်မံပြီး ယခင်အတွေ့အကြုံများအရ ဝန်ကြီးဌာနများအနေနဲ့ ခွင့်ပြုချက်ရယူပြီး ကိစ္စရပ်များနဲ့ စိစစ်ခြင်းဆိုင်ရာ ကိစ္စရပ်များ အကူအညီရယူနိုင်ဖို့ အတွက် အချိန်မီအောင် ဆောင်ရွက်ကြရာမှာ တကွဲတပြား ဆောင်ရွက်ရခြင်းများ၊ တစ်ပြိုင်နက်တည်း ဆောင်ရွက်ရခြင်းများ စတဲ့အခြေအနေတွေကို ရှောင်ရှားနိုင်စေဖို့လည်း ထည့်သွင်းရေးဆွဲထားပါတယ်။

ဒါကြောင့် တက်ရောက်လာသူအားလုံးအနေနဲ့ DACU နဲ့ ပုံမှန်တွေ့ဆုံဆွေးနွေးသွားစေလိုပါတယ်၊ DACUနဲ့ ကနဦး ညှိနှိုင်းဆွေးနွေးခြင်းမရှိဘဲ ဖွံ့ဖြိုးမှုမိတ်ဖက်များအတွက် လမ်းညွှန်ချက်ထုတ်ပြန်တာတွေကို ရှောင်ရှားကြဖို့ ကျွန်မ တိုက်တွန်းလိုပါတယ်။

**ပြန်လည်အကြံပြုချက်များကို ကြိုဆို**

DACU ရဲ့လုပ်ငန်းဆောင်ရွက်မှုတွေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပိုပြီးအသေးစိတ်ဆွေးနွေးသွားမှာဖြစ်ပြီး ပြန်လည်အကြံပြုချက်များကိုလည်း ကြိုဆိုပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်**

DACU ကိုပေးအပ်ထားတဲ့လုပ်ငန်းစဉ်ရဲ့ဒုတိယနဲ့ တတိယအချက်တွေကတော့ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ခြင်း၊ ကဏ္ဍအလိုက်နဲ့ ဦးတည်ချက်အလိုက် လုပ်ငန်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းခြင်းတို့ ဖြစ်ပါတယ်။

**အနီးကပ်စောင့်ကြပ်ကြည့်ရှု**

ယခင်နှစ်က အသစ်ပြင်ဆင်ဖွဲ့စည်းထားတဲ့ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ၁၀ ဖွဲ့က တင်ပြဆွေးနွေးခဲ့တာတွေကိုလည်း သိရှိလိုပါတယ်၊ အချို့အဖွဲ့များအနေနဲ့ ပိုပြီးကောင်းမွန်အောင် ဆောင်ရွက်နိုင်တာကိုလည်း သိရှိထားပြီး ဖြစ်ပါတယ်၊ DACU အနေနဲ့ လုပ်ငန်းဆောင်ရွက်ရာမှာ ကြန့်ကြာနိုင်မှု အခြေအနေများကို အနီးကပ်စောင့်ကြပ် ကြည့်ရှုစေလိုပါတယ်။ ကောင်းကောင်းမွန်မွန် စွမ်းဆောင်နိုင်မှုများကိုလည်း မိမိကို အသိပေးစေလိုပါတယ်။

**ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ မရှိမဖြစ်လိုအပ်**

ဖွံ့ဖြိုးမှုအကူအညီများ ရယူရာမှာ ကောင်းမွန်သေချာတဲ့ ညှိနှိုင်းမှုရှိဖို့နဲ့ ပွင့်လင်း

အခုအချိန်မှာ ပြည်တွင်း ပြည်ပ ပုဂ္ဂလိကကဏ္ဍနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် stakeholder အားလုံးမှ ကိုယ်စားလှယ်များလည်း ရောက်ရှိနေပါတယ်၊ မဖွဲ့စည်းရသေးတဲ့ အဖွဲ့တွေကိုတော့ ခုလာမယ့် ရက်သတ္တပတ်နှစ်ပတ်အတွင်း ဖွဲ့စည်းသွားရမှာ ဖြစ်ပါတယ်။

DACU အနေနဲ့လုပ်ငန်းတာဝန်များကြီးမားသော်လည်း ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွေအနေနဲ့ ကတိကဝတ်များနဲ့အညီ ဆောင်ရွက်မှုအခြေအနေများကို ကြီးကြပ်စေလိုပါတယ်၊ နောက်ရက်သတ္တပတ်လေးပတ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို သိရှိလိုပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်**

ဖွံ့ဖြိုးမှုအကူအညီများနဲ့ ဆောင်ရွက်မယ့် ဦးစားပေးလုပ်ငန်းများ ဆုံးဖြတ်သတ်မှတ်ရာမှာ DACU အနေနဲ့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ခြုံငုံစဉ်းစားပြီး သတ်မှတ်ထားတာဖြစ်ပါတယ်။

အဆင့်မြင့်လမ်းညွှန်ချက်အနေနဲ့ ကျွန်မတို့နိုင်ငံရဲ့စီးပွားရေးမူဝါဒ(၁၂) ချက်ရှိပေမယ့် ပိုပြီးမဟာဗျူဟာကျဖို့ လိုအပ်တဲ့ အဆင့်အတွက် အခုထက်ပိုပြီး အသေးစိတ်ဖြစ်ရမယ်လို့ ကျွန်မတို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

**ခန့်မှန်းစရိတ် တွက်ချက်ထား**

ဒါ့ကြောင့် DAP ကို ရေးဆွဲစဉ်မှာ မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုစီမံချက် (MSDP) ကိုစတင်လုပ်ဆောင်ကြဖို့ ရေးဆွဲရေးအဖွဲ့ကို ညွှန်ကြားခဲ့ပါတယ်။ ဒီမဟာဗျူဟာမြောက် စာတမ်းရဲ့နောက်မှာ အကောင်အထည်ဖော်မယ့် ခန့်မှန်းစရိတ် တွက်ချက်ထားပါတယ်၊ ဦးစားပေးအချက်များပါရှိတဲ့ အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းများ စာရင်းဇယားတစ်ခုဖြစ်တဲ့ မြန်မာပြည်သူ့ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Myanmar Public Investment Programme) ကိုလည်း ရေးဆွဲသွားမှာဖြစ်ပြီး ယခုအချိန်မှာ မူကြမ်းရေးဆွဲပြီးဖြစ်လို့ အဲဒီမူကြမ်းအပေါ် stakeholder များမှ အကြံပြုဆွေးနွေးပေးကြပါလို့ ပြောကြားလိုပါတယ်။

**ရှေးရှုဆောင်ရွက်သွားဖို့ အရေးကြီး**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက MSDP ကို အသေးစိတ်တင်ပြသွားမှာဖြစ်ပြီး မိမိတို့ ဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်တွေ၊ အစပျိုးဆောင်ရွက်မှုတွေဟာ ငွေကြေးအရင်းအမြစ်များကို အဓိကမထားဘဲ တစ်ခုနှင့် တစ်ခု ချိတ်ဆက်မှုရှိဖို့နဲ့ တူညီတဲ့ဦးတည်ချက်ကို ရှေးရှုဆောင်ရွက်သွားဖို့ အရေးကြီးတယ်ဆိုတာ ကျွန်မအလေးပေး ပြောကြားလိုပါတယ်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ဒီနေ့ အမှာစကားပြောကြားပြီးချိန်မှာ ရလဒ်အနေနဲ့ တိုတောင်းတိကျပြီး လက်တွေ့ကျကျ ဆောင်ရွက်နိုင်ခြေရှိတဲ့အကြံပြုမှုများကို မြင်တွေ့လိုပါတယ်၊ ဒါဟာ DACU ရဲ့ဦးဆောင်မှုအောက်မှာ DAP အလုပ်အမှုဆောင်အဖွဲ့ကို ပေးအပ်လိုက်တဲ့ ပထမဆုံးလုပ်ငန်းတာဝန်တွေထဲက တစ်ခုဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။

ဒီအကြံပြုချက်တွေဟာ ကျွန်မတို့ရှေ့ဆက်သွားတာနဲ့အမျှ အပြုသဘောဆောင်တဲ့ အရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်ဖို့အတွက် ၂၀၁၈ ခုနှစ်နဲ့ ကာလလတ်အတွင်းမှာ ဆောင်ရွက်ရမယ့် အလွန်အရေးကြီးတဲ့ ကိစ္စရပ်တွေအတွက် ရှင်းလင်းပြတ်သားတဲ့ အကြံပြုချက်တွေဖြစ်စေလိုပါတယ်။ ဒီနေ့ပြုလုပ်မယ့်ဆွေးနွေးပွဲတွေမှာ ဒီအချက်ကို ဦးတည်ဆွေးနွေးသွားစေလိုပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်**

လေးနက်ပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ပြောင်းလဲမှု ကာလအလယ်မှာစိန်ခေါ်မှုတွေကို ကြုံတွေ့နေရပေမယ့် မိမိတို့မြန်မာနိုင်ငံအနေနဲ့ ရှေ့ကို ဆက်လက်လျှောက်လှမ်းနေတယ်လို့ ကျွန်မခံစားမိပါတယ်။

မိမိတို့ဟာ နယ်ပယ်အစုံမှာ စိန်ခေါ်မှုတွေကြုံတွေ့နေရပြီး ပြည်သူများက မျှဝေတဲ့ အတွေ့အကြုံများအရ အဓိကအချက်ဟာ ဆင်းရဲနွမ်းပါးမှုပဲဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေ ဖွံ့ဖြိုးမှုအကူအညီမူဝါဒကို ထုတ်ပြန်ထားနိုင်ပြီဖြစ်သလို ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာကိစ္စရပ်များမှာ ကြုံတွေ့နေရတဲ့ အဓိကအခက်အခဲများအပေါ် ဆွေးနွေးအဖြေရှာဖို့ ခိုင်မာတဲ့မူဘောင်တစ်ခုလည်း ရှိနေပြီဖြစ်ပါတယ်။

စောစောက ကျွန်မပြောခဲ့သလိုပဲ DACU အနေနဲ့ ကနဦးသတ်မှတ်ဖော်ထုတ်ထားတဲ့လုပ်ငန်းကဏ္ဍ (၅)ရပ်မှာ တိုးတက်မှုရှိပါတယ်၊ အခုအချိန်ဟာနောက်လာမည့်ကာလများမှာ ဆောင်ရွက်ဖို့ လိုအပ်ချက်တွေ၊ မပြီးမြောက်သေးတဲ့ လုပ်ငန်းတွေ၊ DAP နဲ့မကြာမီထုတ်ပြန်မယ့် MSDP တို့နဲ့ပတ်သက်ပြီး ရည်မှန်းဆောင်ရွက်ရမယ့် လုပ်ငန်းတွေကိုဖိတ်ခေါ်ဖို့ စတာတွေကို ဖော်ထုတ်ရမယ့် အချိန်ဖြစ်ပါတယ်။

DAP ကို ထုတ်ပြန်ခြင်းနဲ့အတူ အခုလိုအစည်းအဝေးတွေကို နှစ်စဉ်ကျင်းပသွားဖို့ ရည်ရွယ်ထားပါတယ်။ နှစ်ဝက်ပြန်လည်သုံးသပ်မှုတွေနဲ့ မိမိတို့လုပ်ငန်းဆောင်ရွက်မှုတွေကို တည့်မတ်သွားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုလုပ်ငန်းစီမံချက်နဲ့ဆိုရင် မကြာမီကာလမှာ ဖွံ့ဖြိုးမှုဆိုင်ရာရင်းနှီးမြှုပ်နှံမှုတွေကို ဒီထက်ပိုမိုကြီးမားတောက်ပတဲ့ပုံရိပ် အခြေအနေမျိုးနဲ့ ချိတ်ဆက်နိုင်ဖို့အတွက် သေသေချာချာ စဉ်းစားဖော်ထုတ်ရရှိတဲ့ ဦးစားပေးရည်မှန်းချက်တွေ၊ မဟာဗျူဟာတွေနဲ့ လုပ်ငန်းစဉ်တွေပါဝင်တဲ့ စီမံချက်တစ်စုံထွက်ရှိလာမှာ ဖြစ်ပါတယ်။

ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအနေနဲ့ လမ်းညွှန်ထားတဲ့အတိုင်း ဆောင်ရွက်ရာမှာ ရရှိလာမယ့်ရလဒ်များအပေါ် တာဝန်ခံမှုဖြင့် ဆောင်ရွက်နိုင်ဖို့အတွက် သက်ဆိုင်ရာညွှန်းကိန်းများနဲ့ ရည်မှန်းချက်များပါဝင်တဲ့ မဟာဗျူဟာ စီမံချက်တစ်ခုပေါ်ထွက်လာမယ်ဆိုရင်အဲဒါဟာ DACU အတွက်လည်း အသုံးဝင်မယ်လို့ ယူဆပါတယ်။

ဒီနေ့ဆွေးနွေးပွဲရဲ့ရလဒ်များကို တင်ပြပေးစေလိုပါတယ်၊ ရရှိလာတဲ့ရလဒ်များကို ပွင့်လင်းမြင်သာစွာနဲ့ မျှဝေပေးသွားကြရမည်ဖြစ်ပါတယ်။ ဒါမှသာတခြားသူတွေအနေနဲ့ မြန်မာနိုင်ငံမှာ ဆောင်ရွက်နေတာကို လေ့လာနိုင်မှာဖြစ်ပြီး ရရှိလာတဲ့ အတွေ့အကြုံကောင်းတွေကို ပြန်လည်အသုံးချကောင်း ချနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအစီရင်ခံစာကို ဖြန့်ဝေသွားရမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသောဧည့်သည်တော်များရှင့်**

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံအနေနဲ့ ဒီကနေ့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုများကို ကျော်ဖြတ်လွန်မြောက်ဖို့ စိတ်အားထက်သန်ပါတယ်၊ နောက်တစ်နေ့မှာ ရင်ဆိုင်ရမယ့် အခက်အခဲများကိုလည်း ကြိုဆိုလက်ခံပြီး ရင်ဆိုင်ကျော်ဖြတ်သွားမှာ ဖြစ်ပါတယ်၊ ဒီလိုလုပ်ဆောင်ရာမှာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များ အားလုံးဟာ ကျွန်မတို့အနားမှာ နီးနီးကပ်ကပ်ရှိနေကြမယ်လို့ ကျွန်မတို့မျှော်လင့်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားရာမှာ ကျွန်မတို့ရဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေကို ဘဏ္ဍာရေးအရင်းအမြစ်နဲ့ နည်းပညာအကူအညီအတွက်သာမက တစ်ခါတရံမှာ ကျွန်မတို့ကို အားပေးလှုံ့ဆော်ပေးကြဖို့ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များအားလုံးကို ကျွန်မတို့အားကိုးလိုပါတယ်။

၂၀၁၈ ခုနှစ်ထဲကို ကျွန်မတို့ဝင်ရောက် လျှောက်လှမ်းနေကြပါပြီ။ ပြည်သူများအနေနဲ့လည်း မြန်မာနှစ်သစ်ကူးပွဲတော်ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်နေကြပါပြီ၊ ဘဏ္ဍာရေးနှစ် ပုံစံသစ်ပြောင်းလဲလိုက်ခြင်းနဲ့အတူ များပြားလှတဲ့ပြုပြင်ပြောင်းလဲမှုများ စတင်နေပြီဖြစ်ပါတယ်။

ယုံကြည်အားကိုးရပြီး စိတ်စေတနာကောင်းရှိကြတဲ့ ရေခြားမြေခြားမှ ကျွန်မတို့ရဲ့မိတ်ဆွေများနဲ့အတူ မှန်ကန်တဲ့ဆောင်ရွက်ချက်များ၊ ပိုမိုခိုင်မာတဲ့ရည်ရွယ်ချက်များနဲ့ ပြန်လည်ဆန်းသစ်ပြီး ၂၀၁၈ ခုနှစ်မှာ ဆောင်ရွက်မယ့်လုပ်ငန်းများအတွက် ဒီနေ့အစည်းအဝေးကနေရရှိလာမယ့် အခွင့်အလမ်းတွေကို အသုံးပြုကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**ကျေးဇူးတင်ပါတယ်။** ။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့ ဂျီနီဗာမြို့တွင် အစည်းအဝေးတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့်အဖွဲ့ဝင် ဦးညွန့်ဆွေတို့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပသော အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions - GANHRI)၏ နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီးကို ကုလသမဂ္ဂ က ကမကထပြု၍ ဖွဲ့စည်းထားပြီး လက်ရှိအချိန်တွင် အဖွဲ့ဝင် အဖွဲ့အစည်းပေါင်း ၁၁၇ ဖွဲ့ရှိပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို အဆိုပါအဖွဲ့ကြီးက ၂၀၁၆ခုနှစ် ဇန်နဝါရီလမှစတင်၍ အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့သည် GANHRI ၏နှစ်ပတ်လည်အစည်းအဝေးအပြင် သက်ကြီးရွယ်အိုများ အခွင့်အရေးနှင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ အခန်းကဏ္ဍ အသိပညာဖလှယ်မှု ဆွေးနွေးပွဲသို့လည်းကောင်း၊ GANHRI နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးတို့ ပူးပေါင်းကျင်းပသည့် မသန်စွမ်းသူများ အခွင့်အရေးနှင့် အမျိုးသား လူ့အခွင့်အရေးကော်မရှင်များ၏ အခန်းကဏ္ဍဆွေးနွေးပွဲသို့လည်းကောင်း၊ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Asia Pacific Forum of NHRIs - APF)အစည်းအဝေးသို့ လည်းကောင်း၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum - SEANF) အဖွဲ့ဝင်များနှင့် ဂျီနီဗာမြို့အခြေစိုက် ညှဉ်းပန်းနှိပ်စက်မှုတားဆီးကာကွယ်ရေးအဖွဲ့ (Association for the Prevention of Torture) ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ အဖွဲ့အစည်းနှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးသည့် အစည်းအဝေးသို့လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သိရ သည်။ **သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

အစည်းအဝေးတွင် အစည်းအဝေး အစီအစဉ်များ အတည်ပြုခြင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးသည့် မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး( LDU) ကိုယ်စားလှယ်များ ကိစ္စ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးအစီအစဉ် ကိစ္စ၊ လုပ်ငန်းကော်မတီကိစ္စနှင့် လူထုတွေ့ဆုံပွဲ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက တင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဗိုလ်မှူးချုပ်စိန်ထွန်းလှ၊ ပဒိုစောတာဒိုမှူး၊ ဦးစိုင်းငင်း၊ ဦးမျိုးဝင်း၊ ခွန်မြင့်ထွန်း၊ စောမြရာဇာလင်း၊ စိုင်းကျော်ညွှန့်၊ မင်းကျော်ဇေယျာဦး၊ တာလုဇေ၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စောကျော်ညွှန့်၊ စိုင်းကျော်ညွှန့်၊ မွန်ပြည်သစ်ပါတီမှ နိုင်အောင်မငေးနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးမှ နာဗစ်ဘွန်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

သွားရောက်ဖို့ စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်''ဟု ရှင်းလင်းပြောကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်နှင့် Myanmar Information Technology (MIT) CEO ဒေါက်တာ ထွန်းသူရသက်တို့ကလည်း ဘာလင်ကွန်ဖရင့်သို့ တက်ရောက်ခွင့်မရခဲ့သည့်အပေါ် ရှင်းလင်းပြောကြားသည်။

ထို့နောက် သံတမန်များနှင့် ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်နှင့် အဖွဲ့ဝင်များက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ စီစဉ်ကျင်းပသည့် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူအပါအဝင် မြန်မာ့အရေး စိတ်ဝင်စားသူများ ဖြစ်ကြသည့် Forum on Strategies for Peace, and Harmony and Reconciliation မှ အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ UN အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမီဒီယာများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် မြန်မာ့သတင်းစဉ်က ပါမောက္ခဒေါက်တာ အောင်ထွန်းသက်နှင့် သီးခြားတွေ့ဆုံမေးမြန်းရာတွင် “ဘာလင်မှာပြောမယ့် စာတမ်း ခေါင်းစဉ်တွေက တစ်ဖက်စောင်းနင်းဖြစ်နေပြီး ပြောမယ့်လူပုဂ္ဂိုလ်တွေကလည်း ကိုယ့်နိုင်ငံအပေါ်မှာ အကောင်းမမြင်တဲ့သူတွေဆိုတာ သိရတော့ လွန်ခဲ့တဲ့ တစ်ပတ်လောက်က မြန်မာနိုင်ငံမှာ အေးချမ်းမှု၊ ဖွံ့ဖြိုးမှုခေါင်းစဉ်နဲ့ ပြုလုပ်တဲ့ အစည်းအဝေးမှာ တက်ရောက်ခဲ့သူလူငယ်တွေထဲက သွားရောက်ဖို့ စီစဉ်ခဲ့ကြတယ်၊ တကယ်တော့ နိုင်ငံတကာဆွေးနွေးပွဲတွေမှာ တစ်ဖက်တည်းမဟုတ်ဘဲ ဘက်စုံ၊ တစ်ဖက်နဲ့တစ်ဖက် အမြင်ချင်းမတူပေမယ့် ကိုယ့်အမြင် သူ့အမြင်ရှိပါတယ်၊ မြန်မာ့အမြင်ဆိုတာ ရှိသင့်တယ်လို့ ထင်တဲ့အတွက် သွားဖို့စီစဉ်ကြတယ်၊ မှတ်ပုံတင်ကြတယ်၊ အဲဒီအချိန်မှာလည်း သူတို့ကို လက်ခံမယ်ဆိုတော့ ပြင်ဆင်ထားကြတယ်၊ အနီးကပ်နောက်ဆုံးကျမှ လက်မခံတော့ဘူးလို့ အကြောင်းပြန်တယ်'' ဟု ပြောသည်။

ယနေ့သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍လည်း “ဒီနေ့လုပ်တဲ့ပွဲကတော့ ကိုယ့်အသံတွေကိုတော့ ကြားစေချင်တယ်၊ တစ်ကမ္ဘာလုံးမှာ ဖြစ်နေတဲ့ ပြဿနာတွေ အားလုံးမှာ တစ်ဖက်စောင်းနင်း ပြောနေတာ၊ ဒါကြောင့် သူတို့ပြောခွင့်ရှိသလို ကိုယ်လည်း ပြောခွင့်ရှိတယ်၊ ဒီလောက်ပဲတောင်းဆိုတာ၊ များများတောင်းဆိုတာ မဟုတ်ဘူး၊ မပြောရဘူးလို့ ပိတ်ပင်တာလည်း မဟုတ်ဘူး၊ သူတို့ပြောခွင့်ရှိသလို ကိုယ်လည်း ပြောခွင့်ရှိတယ်၊ အဲဒီလိုပြောခွင့်ရှိတာကို ပြောခွင့်မရတာတော့ စိတ်မကောင်းဖြစ်မိတယ်၊ ပြောခွင့်မပေးတာကိုလည်း မဝေဖန်ပါဘူး၊ အပြစ်မတင်ပါဘူး၊ ဖြစ်တဲ့အကြောင်းကိုသာ ကမ္ဘာသိအောင်၊ လူတွေသိအောင် ပြောစေချင်တယ်၊ စိုးရိမ်စိတ်တစ်ခုကတော့ တစ်ဖက်သတ်ဆွေးနွေးပြီး တစ်ဖက်သတ် တင်ပြပြီးဆုံးဖြတ်ချက်တွေအားလုံးက မမှန်နိုင်ဘူး၊ အဲဒီတော့ အမှန်တရားရချင်တယ်၊ တကယ်ကို အမှန်တရားသိချင်တယ်၊ မြန်မာပြည်မှာဖြစ်တဲ့ အခြေအနေကို တကယ်တမ်း သိချင်တယ်ဆိုရင် တစ်ဖက်တည်းက ဆွေးနွေးတာထက် ဘက်စုံဆွေးနွေးရင် ပိုပြီးပြည့်စုံတယ်ဆိုတဲ့ စေတနာလေးတစ်ခုနဲ့ ပြုလုပ်ခြင်းဖြစ်ပါတယ်''ဟု ဆိုသည်။

**သတင်း-နန္ဒာဝင်း၊ ဇော်ကြီး**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**

# အဆောက်အဉီ ဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှစ်ခုကို Regulatory Body အဖြစ် ပြောင်းလဲဆောင်ရွက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသား စီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပူးပေါင်းကော်မတီနှစ်ရပ်၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏မူနှင့် အခြေခံသဘော ဆွေးနွေးခြင်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော် အစည်းအဝေး တွင် လွှတ်တော်ဉက္ကဋ္ဌမှ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် Regulatory Body ဆောင်ရွက်သွားမည်ဖြစ်ရာ တတ်နိုင်သမျှ အချိန်ရှေ့တိုး၍ ဖြစ်အောင်ဆောင်ရွက်ရန် မိမိတို့ဝန်ကြီးဌာနကို လမ်းညွှန်ခဲ့ပါကြောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနတွင် လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ အဆောက်အဉီဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနဆိုသည့် ဌာနကြီး ၅ ခု အနက် အရင်ဆုံး Regulatory Body ပြောင်းလဲရန် အတွက် အလွယ်ကူဆုံးဖြစ်သည့် အဆောက်အဉီ ဦးစီးဌာနကို စတင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီ ၁ရက်မှ စတင်၍ ပြည်ထောင်စုဘတ်ဂျက်နှင့် ကိုယ်တိုင်ဆောင်ရွက်မှုမရှိတော့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရန် တောင်းဆိုလာပါက ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့သည် Regulatory Body စစ်စစ် ဖြစ်သွားမည်ဖြစ်ပါကြောင်း။

လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန အနေဖြင့် Regulatory Body ဖြစ်ရန်အတွက် ကြိုတင်ဆောင်ရွက်နေရသည့် Standard နှင့် Specifications များ၊ Rules and Regulations များ၊ Laws များ၊ Standard Operating Procedures များ၊ Policy and Plans များ စသည့် လုပ်ငန်းများကို ADB အကူအညီနှင့် ရေးဆွဲလျက်ရှိပါကြောင်း၊ ရေးဆွဲပြီးပါက လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနတို့သည် မူလခန့်မှန်းထားသည့် ၂၀၂၀ ခုနှစ် ဒီဇင်ဘာမတိုင်မီတွင် Regulatory Body အဖြစ် ပြောင်းမည်ဟု စီစဉ်ထားရှိပါကြောင်း။

အဆောက်အဉီဦးစီးဌာနကို ၂၀၁၈ ခုနှစ် ဧပြီမှစ၍ Regulatory Body ပြောင်းလဲပြီးသည့်နောက်ပိုင်း အဆောက်အဉီလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်မည်မဟုတ်ဘဲ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားပြီး လိုအပ်သည့် စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကိုသာ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဦးစီးဌာနများ အနက် အဆောက်အဉီဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နှစ်ခုကို Regulatory Body အဖြစ် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဦးစွာ စတင်ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ဦးစီးဌာနများကိုလည်း အမြန်ဆုံးတစ်ဆင့်ချင်း ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆ လအတွက်) အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းလျာထားချက်များနှင့် အညီ ငွေလုံးငွေရင်းအတွက် လျာထားရာတွင် အဆိုပါကာလအတွင်း အကောင်အထည်ဖော်ပြီးစီးနိုင်မည့် လုပ်ငန်းများကို စိစစ်ပြီး ဆောင်ရွက်သွားနိုင်ရန် သတ်မှတ်လုပ်ကိုင်ခဲ့ပါကြောင်း၊ လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် ယင်းဘတ်ဂျက်ကာလသည် အချိန်တိုပြီး မိုးရာသီကာလလည်းဖြစ်သည့်အတွက် မြေပြင်တွင် အမှန်အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများကိုသာ လျာထားတင်ပြခဲ့ပါကြောင်း။

ထို့အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာရေရရှိရေးလုပ်ငန်း စီမံကိန်းများ အတွက်ကိုလည်း အဆိုပါ အခြေခံများနှင့် လျာထားစီမံဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်းတွင် နိုင်ငံတကာယှဉ်ပြိုင်စနစ်နှင့် တင်ဒါခေါ်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် တင်ဒါခေါ်ယူခြင်းကို ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း ဆောင်ရွက်ရပြီး လုပ်ငန်းအကောင်အထည်ဖော်မှုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၁၂ လ ကာလတွင် လျာထားဆောင်ရွက်သွားရန် စီမံဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလတွင် လုပ်ငန်းသဘာဝအရ မြေပြင်တွင် အမှန်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုသာ လျာထားတင်ပြထားပြီး လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ၁၂ လတာကာလအတွင်း ရန်ပုံငွေ လျာထားရာတွင် တစ်နှစ်စာ အားလုံးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရေးဆွဲ လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ (နေပြည်တော် စည်ပင်သာယာရေး ကော်မတီအပါအဝင်) မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ် အခွန်ကောက်ခံရရှိမှု အခြေအနေအစီရင်ခံစာနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အခွန်အကောက်ရငွေ လျာထားချက် မူလခန့်မှန်းခြေစာရင်းအရ ငွေကျပ် ၆၄၈၁ ဒသမ ၀၀၈ ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်အတွက် အခွန်အကောက် ၂၁ မျိုးမှ ကောက်ခံရန် လျာထားချက် ငွေကျပ် ၂၅၅၃ ဒသမ ၆၈၅ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှု ကျပ် ၃၀၇၈ ဒသမ ၇၉၉ ဘီလီယံ၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းမှာ ၁၂၀ ဒသမ ၅၆ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် အနာဂတ်ကာလများတွင် နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များကို အခွန်အရပ်ရပ် ကောက်ခံရရှိမှု ရငွေများဖြင့် အဓိကတည်မှီ၍ သုံးစွဲရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အခွန်အကောက်ရငွေနှင့် ဂျီဒီပီ အချိုးသည် နိမ့်ကျနေဆဲဖြစ်၍ ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝကောက်ခံရရှိရေးနှင့် အခွန်အခြေချဲ့ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယ ခုအခါ အခွန်ဝန်ထမ်းများ၏ စိတ်ထားခံယူချက်၊ လုပ်ဆောင်ချက်များ ပြုပြင်ပြောင်းလဲရေး၊ ဆုပေးဒဏ်ပေးစနစ်ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်ရေး၊ အခွန်ပညာပေးမှုများ ပိုမိုလုပ်ဆောင်ရေး၊ နိုင်ငံတကာအဆင့်မီ အခွန်စနစ်ဖြစ်ပေါ်လာစေရေး စသည်တို့ပါဝင်သော အခွန်စနစ်ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ပြည်ပမှ ကျွမ်းကျင်သူများ၏ အကူအညီကိုပါ ရယူ၍ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

> **“အခွန်များ တိုးတက်ရရှိရေးအတွက် အရှိန်မြှင့်ဆောင်ရွက်သကဲ့သို့ အခွန်ကျေပွန်စွာ ထမ်းဆောင်သူများကို အလေးထားပြီး ၎င်းတို့၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ရန် အခွန်တိမ်းရှောင်မှု၊ အခွန်ငွေထိမ်ချန်မှုနှင့် ကုန်စည်များ တရားမဝင် တင်သွင်းခြင်းနှင့် ထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုတို့ကိုလည်း ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ် ”**

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၈) နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်က အခွန်ရငွေတိုးတက်ရရှိရေး အရှိန်မြှင့်တင်ဆောင်ရွက်ရာတွင် တည်ဆဲအခွန်မူဝါဒနှင့် ကိုက်ညီသည့် သွယ်ဝိုက်ခွန်များဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်များကို လည်းကောင်း၊ တိုက်ရိုက်ခွန်ဖြစ်သည့် ဝင်ငွေခွန်များကို လည်းကောင်း အထူးအလေးထားပြီး ဖိဖိစီးစီးကောက်ခံသင့်ပါကြောင်း၊ အခွန်ထမ်းဆောင်မှုအလေ့အထ ပြန့်ပွားတိုးတက်စေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်းကြောင့် ပြည်သူများ ရရှိခံစားနိုင်မည့်အခွင့်အရေးများကို ပြည်သူများ ပိုမိုသိရှိစေရန် ပညာပေးမှုများ ကျယ်ပြန့်စွာ ဆောင်ရွက်သင့်ပါကြောင်း၊ အခွန်များ တိုးတက်ရရှိရေးအတွက် အရှိန်မြှင့်ဆောင်ရွက်သကဲ့သို့ အခွန်ကျေပွန်စွာ ထမ်းဆောင်သူများကို အလေးထားပြီး ၎င်းတို့၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ရန် အခွန်တိမ်းရှောင်မှု၊ အခွန်ငွေထိမ်ချန်မှုနှင့် ကုန်စည်များ တရားမဝင်တင်သွင်းခြင်းနှင့် ထုတ်လုပ် ရောင်းဝယ် ဖောက်ကားမှုတို့ကိုလည်း ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည်ဟု သဘောထားမှတ်ချက်ပြုအပ်ပါကြောင်း တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ ခိုးယူမှု သို့မဟုတ် တရားမဝင်တင်ပို့မှုအပေါ် UNIDROIT အပြည်ပြည်ဆိုင်ရာ သဘောတူညီမှု ကွန်ဗင်းရှင်း (၁၉၉၅) တွင် မြန်မာနိုင်ငံ မှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း ၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယ အခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

---

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**


ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမမြောက်နေ့သို့ မန္တလာသီရိဒီဂရီကောလိပ်မှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ Yangon Institute for University Studies မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ Ayeyarwaddy International School မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက် လေ့လာကြသည့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ ပြည်သူများ စုစုပေါင်း ၂၈၇ ဦး တက်ရောက်ခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၃၅၇၉၂ ဦးရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူများ၏ သဘောထားအမြင်များ


ဒေါ်ပန်စီထွန်းသိန်း


Ms Jodi Weedon


Dr Sean Turnell


Dr. Stephan Paul Jost


Ms. Ellen Goldstein

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ တက်ရောက်လာသူအချို့အား တွေ့ဆုံမေးမြန်းထားပါသည် -**

**ဒေါ်ပန်စီထွန်းသိန်း**
**Executive Director of Local Resource Center (LRC)**

ကျွန်မအနေနဲ့တော့ ကောင်းတယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံမှာ တိုးတက်အောင်လုပ်မယ့် အဖွဲ့တွေ အကုန်လုံး ဒီပွဲမှာ ပါတာပေါ့နော်။ development parliament တွေပါတယ်၊ embassy တွေပါတယ်။ ပြည်တွင်း ပြည်ပက အစိုးရမဟုတ်တဲ့ အဖွဲ့တွေပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေပါတယ်။ အခုလိုမျိုး အရပ်ဘက်အဖွဲ့အစည်းတွေပါ ပါဝင်ဆွေးနွေးခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။

ဒီမိုကရေစီလမ်းကြောင်းကို သွားမယ်ဆိုရင် ကျွန်မတို့က လူထုအသံကို အများကြီး နားထောင်ရပါတယ်။ လူထုတွေနဲ့ ထိတွေ့နေတဲ့ အဖွဲ့တွေဖြစ်တဲ့ community based organizations လို့ခေါ်တဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေ CSO တွေနဲ့ ပူးပေါင်းနေမယ်ဆိုရင် လူထုရဲ့ အသံကို အမြဲပဲ ကြားနေရမှာ ဖြစ်ပါတယ်။ အခုလိုမျိုးပွဲတွေ လုပ်တဲ့အခါမှာ အဲဒီအသံတွေကို ယူလာပေးပြီး ကျွန်မတို့က ဖြည့်ဆည်းပေးရတာ ဖြစ်ပါတယ်။ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းမှာ ပါဝင်နေတဲ့ ကျွန်မအနေနဲ့ ပြည်သူနဲ့ အစိုးရကြားမှာ ပေါင်းကူးတံတားအနေနဲ့ လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ အဖွဲ့ပေါင်း ၄၀ ပါဝင်တဲ့ Myanmar Civil Society Platform for Aid and Development က နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတွေ လုပ်တဲ့အခါမှာ အောက်ခြေက အသံတွေ ယူတာဖြစ်ပါတယ်။ အဲဒီအသံတွေကို Myanmar Civil Society Platform for Aid and Development ကနေတစ်ဆင့် ဒီကနေ့မနက် ဆွေးနွေးသွားတဲ့ နိုင်ငံတော် အဆင့်ဖြစ်တဲ့ DACU မှာ ဖြည့်ဆည်းပေးဖို့ တောင်းဆိုခဲ့တာဖြစ်ပါတယ်။

ကျွန်မတို့ CSO လို့ခေါ်တဲ့ အရပ်ဘက်အဖွဲ့အစည်းတွေက နိုင်ငံတော်ကို တတ်နိုင်တဲ့ဘက်ကနေ ဖြည့်ဆည်းပေးနေတာပါ။ ဒါ့ကြောင့်မို့လို့ ကျွန်မတို့လို အရပ်ဘက်အဖွဲ့အစည်းတွေကို အစိုးရအနေနဲ့ လက်တွဲခေါ်ဖို့၊ ယုံကြည်ဖို့ လိုပါတယ်။ စားပွဲဝိုင်းမှာ ထိုင်ပြီးတော့ ဆွေးနွေးချင်ပါတယ်။ အဲဒီလို ဆွေးနွေးနိုင်ဖို့ အခွင့်အရေးလေးတွေ ပေးစေချင်ပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေ ကောင်းကောင်းလုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းပေးနိုင်မယ့် ဥပဒေတွေလုပ်ပေးစေချင်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ အရပ်ဘက်အဖွဲ့အစည်းတွေ ပါဝင်ရေးဆွဲခဲ့တဲ့ Association Registration Law က အရပ်ဘက်အဖွဲ့အစည်းတွေ လိုအပ်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဒီဥပဒေရှိတဲ့အတွက် အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ ပိုမိုပြီး လုပ်ဆောင်နိုင်တယ်။ ပိုမိုပြီး ပါဝင်နိုင်တယ်။ အစိုးရရဲ့ ယုံကြည်မှုတွေ ပိုရနိုင်တယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ အဲဒီလိုမျိုး ဥပဒေတွေ လိုချင်တယ်။ အစိုးရအနေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို ပိုပြီး ယုံကြည်စေချင်တယ်။ ယုံယုံကြည်ကြည်နဲ့ အစိုးရနဲ့ လက်တွဲနိုင်မယ်ဆိုရင် အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ အများကြီး ကူညီနိုင်ပါတယ်။

**Ms Jodi Weedon – Chief Executive Officer (Aust Cham Myanmar) Australia Chamber in Myanmar based in Yangon.**

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် သိပ်ကိုကြီးမားတဲ့ အရေးပါတဲ့ ဆွေးနွေးပွဲဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ မကြာမီကမှ မြန်မာနိုင်ငံမှာ စစ်အုပ်ချုပ်ရေးကနေ အရပ်သားအုပ်ချုပ်ရေးကို ပြောင်းလဲတာရယ်၊ ပုဂ္ဂလိက လုပ်ငန်းတွေမှာ ပြောင်းလဲနေတာတွေကြောင့်သာ အခု အောင်မြင်မှုတွေလို့ ပြောနိုင်ပါတယ်။ အခုလို စားပွဲဝိုင်းဆွေးနွေးပွဲမှာ နောက်ခံအမျိုးမျိုးရှိတဲ့ အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်ကြားမှာ တွေ့ဆုံရတာ အင်မတန်မှ အဓိပ္ပာယ်ရှိပါတယ်။ ကျွန်မရဲ့ ကိုယ်ပိုင်အမြင်ကို ပြောရမယ်ဆိုရင် ပုဂ္ဂလိကအဖွဲ့တွေ အတွက် ဒီဆွေးနွေးပွဲဟာ အထူးသင့်လျော်တဲ့ အခွင့်အရေး ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပုဂ္ဂလိကအဖွဲ့တွေအနေနဲ့ ကိုယ့်အဖွဲ့တွေက ဘာတွေလုပ်နိုင်တယ်၊ ဘယ်လောက်တန်ဖိုးရှိတဲ့ အလုပ်တွေ လုပ်နိုင်တယ်ဆိုတာကို ပြသနိုင်သလို အောင်မြင်မှုတွေရရှိနေတာကို ပြနိုင်လို့ပါ။ ဒါ့အပြင် ပုဂ္ဂလိကအဖွဲ့တွေကလည်း မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးမှာ အထူးအရေးပါတဲ့ အဖွဲ့တွေ ဖြစ်တယ်ဆိုတာ ပြသနိုင်တဲ့အတွက်ပါပဲ။

ကျွန်မအမြင်ကို ပြောရမယ်ဆိုရင် စီးပွားရေးလုပ်ငန်းတွေမှာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့ကလည်း အဓိကပြုလုပ်ရမယ့် အချက်ပါ။ ဒါပေမယ့် တခြား လူတိုင်းကတော့ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုပဲ အဓိကအချက်အနေနဲ့ တွေးကြပါတယ်။ ဒီနိုင်ငံမှာ ဆက်လက်လုပ်ကိုင်ဖို့ လိုနေတဲ့ နေရာတွေကတော့ ဥပဒေမူကြမ်းတွေ ပြင်ဆင်မယ်။ ပြီးခဲ့တဲ့ ၂၄ လအတွင်းမှာ ကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေထွက်ပေါ်လာတယ်ဆိုတာက အဖိုးမဖြတ်နိုင်တဲ့ အချက်ဆိုတာ ကျွန်မသိထားပါတယ်။ ဒါပေမယ့် ပုဂ္ဂလိက အဖွဲ့အစည်းတွေကို ဥပဒေမူကြမ်းတွေ ရေးဆွဲတဲ့အခါ ပိုမိုပါဝင်ခွင့်ပေးတာမျိုးတွေ လုပ်သင့်ပါတယ်။ အဲဒီလို လုပ်ခြင်းအားဖြင့် ဥပဒေတွေ အကောင်အထည်ဖော်ကျင့်သုံးတဲ့အခါ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် နားလည်လာမှာ ဖြစ်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြု ဥပဒေ (DAP Development Assistance Policy)နဲ့ ပတ်သက်ပြီး သိပ်ပြီး အလေးထားတာကို တွေ့ရသလို ဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (DACU - Development Assistance Coordination Unit) ကိုလည်း လုပ်ငန်းတွေ အောင်မြင်အောင် အကောင်အထည်ဖော်ဖို့အတွက် သူ့ရဲ့ပါဝင်မှုဟာ အရေးကြီးပါတယ်ဆိုတာကိုလည်း ဒီနေ့ ဆွေးနွေးပွဲကနေ တွေ့ရှိပါတယ်။

**Dr Sean Turnell, Special Economic Consultant to the State Counsellor**

ဒီပွဲက မြန်မာနိုင်ငံအတွက် ဘယ်လောက်အရေးပါသလဲဆိုတော့ အလွန်ကို အရေးပါပါတယ်။ အားလုံးသိတဲ့အတိုင်း မြန်မာနိုင်ငံဟာ အလှူရှင်တော်တော်များများဆီကနေ အကူအညီအများကြီး ရနေတဲ့ နိုင်ငံတစ်နိုင်ငံပါ။ ဒီအကူအညီတွေ အားလုံး အချိတ်အဆက်ရှိစေဖို့နဲ့ အစိုးရရဲ့ စီးပွားရေးမူဝါဒနဲ့ ကိုက်ညီဖို့ အရေးကြီးပါတယ်။ ဒီပွဲကတော့ အလှူရှင်အဖွဲ့အစည်းတွေ တွေ့ဆုံကြတဲ့ပွဲပါပဲ။ ဒါပေမယ့် အစိုးရအဖွဲ့က သူတွေအားလုံးနဲ့ စီးပွားရေးအသိုင်းအဝိုင်းက သူတွေအားလုံးဟာ အသုံးစရိတ်နဲ့ ဝင်ငွေမြင့်မားအောင် ဆောင်ရွက်ရာမှာ အစီအစဉ်တွေ အားလုံးကို စီမံချက်တစ်ခုတည်းမှာပေါင်းပြီး ဆောင်ရွက်နိုင်ဖို့ လိုပါတယ်။

ဒီမိုကရေစီအပြောင်းအလဲကို သွားတဲ့နေရာမှာ စီးပွားရေးနဲ့ ပတ်သက်ပြီး အခက်အခဲတွေ အများကြီးရှိပါတယ်။ အားလုံးသိကြတဲ့အတိုင်းပါပဲ မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ အရင်က တင်းကျပ်လွန်းတဲ့ အနေအထားတို့၊ ငွေမြုပ်နေတာမျိုးတို့၊ ကိုယ်ကျိုးအတွက် ပတ်သက်နေတာမျိုးတွေ စသဖြင့် အမျိုးမျိုးရှိနေရာကနေ အပြောင်းအလဲလုပ်နေရတာပါ။ နိုင်ငံရေးအရ အပြောင်းအလဲကလည်း စီးပွားရေးမှာ အပြောင်းအလဲ ဖြစ်စေပါတယ်။ အရင်က လုပ်ပိုင်ခွင့်မရတဲ့သူတွေကို စီးပွားရေးလုပ်ငန်းတွေ လုပ်ခွင့်ပေးတာ၊ စီးပွားရေးလုပ်ငန်းတွေ စတင်ခွင့်ပေးတာ၊ စီးပွားရေးလွတ်လပ်ခွင့်ပေးတာ စတာတွေလို လုပ်ငန်းတွေ အပြိုင်အဆိုင်လုပ်ဖို့ လမ်းဖွင့်ပေးတာမျိုးတွေပေါ့။ ဒါတွေက ဒီမိုကရေစီနည်းစနစ်မှာ ပါဝင်တဲ့ ကဏ္ဍတချို့ပါ။

အတွက် အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ အချက်က နှစ်နှစ်နီးပါးအတွင်းမှာ အစိုးရဟာ အသေးစားစီးပွားရေးလုပ်ငန်းတွေ တည်ငြိမ်လာအောင် ဆောင်ရွက်နေတဲ့အချက်ပါ။ ဈေးငွေပမာဏ၊ ငွေကြေးဖောင်းပွမှု၊ ငွေစက္ကူအသစ် ထပ်ထုတ်တာ စတဲ့ အချက်တွေဟာ အသေးစားစီးပွားရေးလုပ်ငန်းတွေ တည်ငြိမ်မှု ရှိ မရှိပြတဲ့ အဓိကလက္ခဏာတွေပါ။ အခုအဲဒီအချက်တွေ အားလုံး အခြေအနေကောင်းနေပါတယ်။ ပြောရမယ်ဆိုရင် တိုးတက်မှုဖြစ်စေနိုင်မယ့် ပြုပြင်ပြောင်းလဲမှု ဒုတိယလှိုင်းမှာ ပါဝင်နိုင်မယ့်အခွင့်အလမ်းတွေ အခုတွေ့နေရပါတယ်။ ဒါကြောင့် အခုအချိန်မှာ စီးပွားရေး တိုးတက်မှုနှုန်းက အားကောင်းနေတယ်လို့ ပြောရမှာပါ။

မြန်မာနိုင်ငံရဲ့စီးပွားရေးပြုပြင်ပြောင်းလဲမှု

မြန်မာနိုင်ငံရဲ့ စီးပွားရေးအောင်မြင်မှုရှိစေဖို့ အကြံပြုရမယ်ဆိုရင် အဓိကအချက်ကတော့ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရာမှာ စီးပွားရေးလွတ်လပ်ခွင့်ရှိဖို့လိုတဲ့ အချက်ပါပဲ။ မြန်မာတွေ အထူးသဖြင့် လူငယ်တွေရဲ့ အရည်အချင်းတွေ၊ စိတ်အားထက်သန်မှုတွေနဲ့ လုပ်နိုင်စွမ်းတွေကို ကျွန်တော် အမြဲတမ်း သဘောကျပါတယ်။ သူတို့အတွက် အဓိကလိုနေတာကတော့ သူတို့ရဲ့စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်ခွင့်ပြုမယ့် လွတ်လပ်ခွင့်ရှိဖို့ လိုနေတာပါပဲ။ အတိတ်ကာလကို ပြန်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ စီးပွားရေးမှာ စည်းမျဉ်းစည်းကမ်းတွေနဲ့ တင်းကျပ်ထားပါတယ်။ စီးပွားရေးမူဝါဒအရ ကျွန်တော်တို့ လုပ်နိုင်မယ့် အရေးကြီးဆုံးအချက်ကတော့ သူတို့တွေ စိတ်ဝင်စားတာကို လုပ်ခွင့်ပေးဖို့၊ သူတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ခွင့်ပေးဖို့ပါပဲ။ ကန့်သတ်ချက်တွေ ကင်းလွတ်ခွင့်ပေးတာ၊ ဖြေလျှော့ပေးတာမျိုးတွေဟာ အဓိကကျတဲ့ မဟာဗျူဟာတွေဖြစ်သလို စီးပွားရေးဆိုင်ရာအဖွဲ့အစည်းတွေ ဖွဲ့တာမျိုးလို တခြားဟာတွေလည်း လုပ်ပေးဖို့လိုပါတယ်။ ဒါပေမယ့် ကျွန်တော့်အမြင်အရကတော့ နိုင်ငံတွင်းမှာရှိတဲ့သူတွေအတွက် စီးပွားရေး လွတ်လပ်ခွင့် ပိုပေးတာဟာ အရေးကြီးဆုံးအချက်လို့ ထင်ပါတယ်။ ဒါမှ စစ်မှန်ပြောင်းလဲမှုမျိုး ဖြစ်လာမှာပါ။

မြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာကတော့ တော်တော်လေးကောင်းပါတယ်။ အထူးသဖြင့် ကာလလတ်နဲ့ ရေရှည်ကာလတွေအတွက်မှာပါ။ အခုအချိန်မှာတော့ စီးပွားရေတိုးတက်လာဖို့ ကြီးကြီးမားမားစတင်ဖို့ အစောက ပြောခဲ့သလိုပါပဲ။ စီးပွားရေးလွတ်လပ်ခွင့် ပိုရှိလာအောင် လုပ်ဖို့လိုပါတယ်။ မလိုအပ်တော့တဲ့ စည်းမျဉ်းတွေကိုဖယ်ရှားပြီး ပြည်သူတွေ သူတို့ရဲ့ စိတ်ကူးတွေကိုအကောင်အထည်ဖော်နိုင်ဖို့ စီးပွားရေးလွတ်လပ်ခွင့်ပေးဖို့လိုပါတယ်။

**Dr. Stephan Paul Jost**
**WHO Representative to Myanmar**

ဒီအခမ်းအနားက မြန်မာနိုင်ငံအတွက် အလွန်ကိုအရေးပါတဲ့အခမ်းအနားလို့ ကျွန်တော် ထင်ပါတယ်။ ဖွံ့ဖြိုးရေးအကူအညီပေးရေးမူဝါဒက မတူညီတဲ့အဖွဲ့အစည်းတွေ၊ အစိုးရတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို မိတ်ဖက်ဆောင်ရွက်ရာမှာ အရေးပါတဲ့မူဘောင်ဖြစ်ပါတယ်။ စဉ်ဆက်မပြတ်တဲ့ ဖွံ့ဖြိုးရေးစီမံချက်ကလည်း ဖွံ့ဖြိုးရေးစီမံချက်တွေ အကောင်အထည်ဖော်ဆောင်ရာမှာ အလွန်ကိုအရေးကြီးတဲ့အရာတွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ စိန်ခေါ်မှုတွေ အများကြီးရှိနေသလို သိသာထင်ရှားတဲ့ တိုးတက်မှုတွေကိုလည်း လုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံက ပြီးခဲ့တဲ့ ငါးနှစ်အတွင်းမှာ လူမှုရေးနဲ့ စီးပွားရေးနယ်ပယ်မှာသာမက ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးမှာ မြန်ဆန်စွာနဲ့ တိုးတက်နေပါတယ်။ နယ်ပယ်များစွာမှာ ဖြေရှင်းစရာတွေလည်း အများကြီးရှိနေပါသေးတယ်။ ငြိမ်းချမ်းရေးဟာ မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ကြိုးပမ်းဆောင်ရွက်မှုမှာ အရေးကြီးပါတယ်။ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်ရာမှာ ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ လုပ်ဆောင်မှသာ အနာဂတ်မျိုးဆက်သစ်တွေက အဲဒီအကျိုးဆက်ကို ခံစားရမှာဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်ရဲ့ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒီနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကဲဖြတ်ရရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေကို ထိထိရောက်ရောက် ခိုင်မာအားကောင်းလာအောင်လုပ်ဆောင်ဖို့ အရေးကြီးပါတယ်။ ဒါမှသာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးက သူတို့ဆန္ဒရှိတဲ့အတိုင်း လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒီနည်းလမ်းကသာ မြန်မာနိုင်ငံကိုစီးပွားရေးအရ အလျင်မြန်ဆုံး ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်ပါတယ်။ ဒီနိုင်ငံမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လူ့စွမ်းအားအရင်းအမြစ်တွေနဲ့ စွမ်းဆောင်ရည်မြှင့်တင်မှု အပိုင်းတွေ ခိုင်မာအားကောင်းလာအောင် လုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ စွမ်းဆောင်ရည်မြှင့်တင်မှုအပိုင်း အကောင်အထည်ဖော်ဆောင်ရေးက အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအပိုင်းကိုလုပ်ဆောင်ရာမှာ အခက်အခဲတွေရှိသလို ကောင်းမွန်တဲ့ စီမံချက်လည်း လိုအပ်တယ်လို့ ကျွန်တော်တို့အားလုံး သိရှိပြီးဖြစ်ပါတယ်။ စွမ်းဆောင်ရည်မြှင့်တင်မှုပိုင်း အကောင်အထည်ဖော်ဆောင်ဖို့ မူဝါဒမှာ ကြီးမားတဲ့ စိန်ခေါ်မှုတွေ ရှိနေပါတယ်။ *စာမျက်နှာ ၉ သို့*

**❒ အစိုးရအနေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို ပိုပြီးယုံကြည်စေချင်တယ်။ ယုံယုံကြည်ကြည်နဲ့ အစိုးရနဲ့ လက်တွဲနိုင်မယ်ဆိုရင် အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ အများကြီးကူညီနိုင်ပါတယ်**

**ဒေါ်ပန်စီထွန်းသိန်း**

**❒ စီးပွားရေးလွတ်လပ်ခွင့် ပိုရှိလာအောင် လုပ်ဖို့လိုပါတယ်။ မလိုအပ်တော့တဲ့ စည်းမျဉ်းတွေကို ဖယ်ရှားပြီး ပြည်သူတွေ သူတို့ရဲ့ စိတ်ကူးတွေကို အကောင်အထည်ဖော်နိုင်ဖို့ စီးပွားရေး လွတ်လပ်ခွင့်ပေးဖို့လို**

**Dr Sean Turnell**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် CTFMR ၏ ပူးတွဲဥက္ကဋ္ဌအသစ် နှစ်ဦးဖြစ်သည့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby နှင့် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. June Kunugi တို့ကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တနင်္သာရီတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ရောက်ရှိခဲ့ရာ လေဆိပ်ဧည့်ခန်းမဆောင်၌ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများအား ဆွေးနွေးညှိနှိုင်းသည်။

**လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး**

ထို့နောက် ထားဝယ်မြို့နယ် တောင်သုံးလုံးကျေးရွာအနီး အမှတ် ၂ သတ္တုတွင်းလုပ်ငန်းနှင့် မြန်မာပွန်ပီပက်ကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဟိန္ဒားသတ္တုတွင်းသို့ ရောက်ရှိခဲ့ရာ အမှတ် ၂ သတ္တုတွင်းလုပ်ငန်းနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းသုံးစွန့်ပစ်ရည်များနှင့် စပ်လျဉ်း၍ နုန်းအနည်များ ပါဝင်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိမှုများ၊ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်မည့် အစီအစဉ်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး မိုင်းပိတ်သိမ်းချိန်တွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် ကလိန်အောင်မြို့နယ် ကံပေါက်ကျေးရွာအုပ်စု ဂန့်ဂေါ်တောင်ရွာအနီးရှိ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း ဧည့်ရိပ်သာသို့ရောက်ရှိခဲ့ပြီး စီမံကိန်းတာဝန်ရှိသူများက တနင်္သာရီသဘာဝကြိုးဝိုင်း Phase IV အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ၂၀၁၇-၂၀၂၀ နှင့် လုပ်ငန်းရန်ပုံငွေသုံးစွဲမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**စီးပွားရေးပျဉ်းကတိုးစိုက်ခင်း**

ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ဟိန္ဓဲ-ကလိန်အောင်ကြိုးဝိုင်း ထားဝယ်မြစ်ကွက်ကြီး အကွက်အမှတ် ၁၄ အတွင်း တည်ထောင်စိုက်ပျိုးထားသည့် စီးပွားရေးပျဉ်းကတိုးစိုက်ခင်း ၁/၂၀၁၇ ဧက ၁၀၀ ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်းရှိ ဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက် သဘာဝတောများအား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ထိုင်း-မြန်မာနယ်နိမိတ်အနီးရှိ ဓာတ်ငွေ့ပိုက်လိုင်းအနီးစခန်း (Metering Station) တွင် မုတ္တမဓာတ်ငွေ့ပို့ဆောင်ရေးကုမ္ပဏီတာဝန်ရှိသူများက တနင်္သာရီသဘာဝကြိုးဝိုင်း စီမံကိန်းဧရိယာအတွင်း ခြိမ်းခြောက်နေမှုများနှင့် စပ်လျဉ်း၍ တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ ကြိုးဝိုင်းအတွင်း တရားမဝင်တိုးချဲ့အခြေချနေထိုင်ခြင်း၊ တောမီးကာကွယ်ရေး၊ ကင်းလှည့်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းနိုင်ရေး၊ လိုအပ်သော ဝန်ထမ်းများရရှိရေးတို့အတွက် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေး-ထားဝယ်ကားလမ်း မိကျောင်းလောင်ကျေးရွာအနီးရှိ တနင်္သာရီသဘာဝကြိုးဝိုင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်း၌ စီမံကိန်းဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပညာပေးပြခန်း ဧည့်ခန်းမတွင် တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီး ဦးမြင့်မောင်နှင့်အတူ တနင်္သာရီတိုင်းဒေသကြီး သတ္တု၊ သစ်တော၊ သစ်လုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တိုင်းတာဝန်ခံများနှင့် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ ဆွေးနွေးမှာကြားခြင်းများ ပြုလုပ်ခဲ့သည်။

**သဘာဝတောထိန်းသိမ်းခြင်း**

ဆက်လက်၍ ရေး-ထားဝယ်ကားလမ်း မိုင်တိုင်အမှတ် ၃၈/၄ အနီး ရေပုံးကျေးရွာ အခြေစိုက်စခန်းနှင့် မိုင်တိုင်အမှတ် ၂၇/၁ အနီး သက်ကယ်ကွက်ကျေးရွာ အခြေစိုက်စခန်းများတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းများဖြစ်သည့် သဘာဝတောထိန်းသိမ်းခြင်း၊ စိုက်ခင်းပင်ကျပ်နုတ်ခြင်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းအတွေ့အကြုံများအား ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

မြန်မာနိုင်ငံအတွင်းက တိုင်းရင်းသားလူမျိုးစုတွေကြား လူမျိုးစုပြဿနာတွေကို အဆုံးသတ်အောင် လုပ်ဆောင်နိုင်မှသာ စဉ်ဆက်မပြတ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို မှန်ကန်တဲ့ နည်းလမ်းနဲ့ အကောင်အထည်ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်မှု အနာဂတ်အလားအလာက အလွန်ကိုကောင်းမွန်တယ်လို့ ကျွန်တော်ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဂျီဒီပီဖွံ့ဖြိုးတိုးတက်မှုက ၈ ရာခိုင်နှုန်းနီးပါး ရှိပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်တာကလည်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကြောင့် ဖြစ်ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ နယ်ပယ်အသီးသီးမှာ လာရောက်ရင်းနှီးမြှုပ်နှံလာဖို့ ပညာရေးကဏ္ဍက အလွန်ကို အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာ ငယ်ရွယ်တဲ့ လုပ်သားထုရှိနေတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာကောင်းတွေ ရှိနေပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်ရာမှာ အရေးကြီးတဲ့ နိုင်ငံတစ်ဝန်းသာတူညီမျှတဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ဖို့လည်း လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးပိုရလာလေလေ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပိုဝင်လာလေလေပါပဲ။ မြန်မာနိုင်ငံမှာ အလားအလာကောင်းတွေ အများကြီး ရှိနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်က ဖက်ဒရယ်ပြည်ထောင်စုဖြစ်တဲ့ ဂျာမနီနိုင်ငံက ဖြစ်ပြီး ကျွန်တော်တို့နိုင်ငံမှာ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိပါတယ်။ ဂျာမနီနိုင်ငံက ပြည်နယ် ၁၆ ခုနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို အဲဒီ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖြစ်ပွားနေတဲ့ ပြဿနာတွေကို သူတို့ဘာသာ ကိုင်တွယ်ဖြေရှင်းဖို့ လုပ်ပိုင်ခွင့် ပိုပေးသင့်ပါတယ်။ ဒါဟာ အနာဂတ်မှာ တိုင်းပြည်အတွက် အလွန်ကို အရေးကြီးပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘာတွေက အရေးကြီးသလဲဆိုတော့ လူမှုရေးကဏ္ဍကို ကောင်းကောင်းမွန်မွန်ပံ့ပိုးပေးဖို့ လိုအပ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ပညာရေးကဏ္ဍကလည်း ပြည်သူတွေကို သက်မွေးဝမ်းကျောင်းသင်တန်းတွေပေးရာမှာ အရေးကြီးပါတယ်။ မျက်မှောက်ခေတ်က မြန်ဆန်စွာနဲ့ ပြောင်းလဲနေပါတယ်။ နည်းပညာသစ်တွေကို ဒီလိုသင်တန်းတွေမှာ အသုံးချနိုင်ဖို့လည်း အရေးကြီးပါတယ်။ ကျန်းမာရေးကဏ္ဍကလည်း အရေးကြီးပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ကောင်းမွန်စွာ ပံ့ပိုးပေးရာမှာ စွမ်းဆောင်ရည်မြှင့်တင်မှုအပိုင်းကလည်း ဆက်လက်အရေးပါနေမှာ ဖြစ်ပါတယ်။

**Ms. Ellen Goldstein**
**World Bank Regional Country Director(Myanmar, Cambodia and Lao PDR)**

ဒီပွဲက မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရအတွက် အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်နှစ်၊ သုံးနှစ်နဲ့ ငါးနှစ်အတွင်းမှာ ရှင်းလင်းပြတ်သားတဲ့ ရည်မှန်းချက်တွေ ရှိလာတာကြောင့်ဖြစ်ပါတယ်။ တိကျတဲ့ပန်းတိုင်မရှိရင် ရှေ့ဆက်ဖို့ အလွန်ခက်ပါတယ်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဆိုတာကလည်း အလွန်အရေးကြီးပါတယ်။ အခုဆိုရင် အစိုးရက ရှင်းလင်းပြတ်သားတဲ့ ရည်မှန်းချက်တွေ၊ ဦးတည်ချက်တွေ အောင်မြင်ဖို့ နိုင်ငံတွင်းစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ နိုင်ငံတကာမိတ်ဖက်တွေဆီက အကြံဉာဏ်ရယူဆောင်ရွက်နေပါတယ်။

ကမ္ဘာ့ဘဏ်က မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုအပေါ် အာရုံစိုက်နေပါတယ်။ ၂၀၁၁ မှာ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးတွေ စလုပ်ကတည်းက ဈေးကွက်စနစ်အမျိုးမျိုးမှာ ဖြေလျှော့မှုတွေ ပြုလုပ်ခဲ့ပြီး တော်တော်လေး တိုးတက်လာခဲ့တယ်လို့ မြင်ပါတယ်။ မြန်မာဟာ နှစ်စဉ် ကုန်သွယ်ရေးနဲ့ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု နှစ်ဆတိုးခဲ့ပြီး GDP ၇ ရာခိုင်နှုန်း ရှိလာတဲ့ နောက်ဆုံး နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ ဆင်းရဲမွဲတေမှုမှာ ဈေးကွက်လျှော့ချမှုနဲ့ ငွေလုံး ငွေရင်းရငွေမှာ ထင်သာတဲ့ တိုးတက်မှုတွေရှိခဲ့ပါတယ်။ ဒါက ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါတဲ့ အညွှန်းကိန်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် စိန်ခေါ်မှုတွေ အများကြီးရှိတဲ့ ပြုပြင်ပြောင်းလဲရေးကာလမှာ ဒီနေ့အချိန်အထိ တော်တော်လေး တိုးတက်မှုတွေ ရှိနေတယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။

ဒီကနေ့ ထောက်ပြချင်တဲ့ အကြီးဆုံး စိန်ခေါ်မှုကတော့ နိုးနိုးကြားကြားနဲ့ ဆက်ထိန်းထားဖို့၊ မက်ခရိုစီးပွားရေးနဲ့ ရုပ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုကိုဆက်ထိန်းထားဖို့ လိုတယ်လို့ ထင်ပါတယ်။ မြင်သာတဲ့ တည်ငြိမ်မှုတွေ ရှိပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ဖို့ လယ်သမားတွေက အစ အားလုံးပါဝင်မှုရှိတဲ့ ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးဖို့၊ အရေးအကြီးဆုံးက ပုဂ္ဂလိကနဲ့ ဆက်စပ်နေတဲ့ ကဏ္ဍတွေကို ပြုပြင်ပြောင်းလဲဖို့ ဖြစ်ပါတယ်။ နောက်တစ်ခု တလေးတစား ထောက်ပြချင်တာက အခြေခံအချက်တွေဖြစ်တဲ့ အခြေခံအဆောက်အဦနဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေ ပိုချဲ့ဖို့၊ လမ်းပန်းဆက်သွယ်ရေး တိုးချဲ့တည်ဆောက်ဖို့ လိုအပ်နေသေးပါတယ်။

အရေးအကြီးဆုံးကတော့ မြန်မာနိုင်ငံအနေနဲ့ ကြိုးပမ်းလျက်ရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အားလုံးမှာ တည်ငြိမ်အေးချမ်းဖို့၊ ငြိမ်းချမ်းတဲ့ နိုင်ငံတော်တစ်ရပ်ဖြစ်အောင် ဘယ်လိုဖန်တီးမလဲဆိုတာပါပဲ။ ဖွံ့ဖြိုးတိုးတက်မှုက အလွန်အရေးကြီးပေမယ့် အခြေအနေက အလွန်ရှုပ်ထွေးပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့ ဒေသအသီးသီးမှာရှိတဲ့ အဖွဲ့အစည်းတွေအကြား ပြေလည်စေမယ့် အဖြေတွေ လိုအပ်ပါတယ်။ ဒါကြောင့် တိုင်ပင်ဆွေးနွေးမှုတွေ ပြုလုပ်ပြီး အဖွဲ့အစည်းတွေကို ဦးတည်ထားတဲ့ စီမံကိန်းတွေ တကယ့်ကို လိုအပ်ပါတယ်။ ဒီထဲမှာ ခရီးသွားလာမှုတွေကို ပိတ်ပင်ထားတဲ့ ရခိုင်ဒေသလည်း ပါဝင်ပါတယ်။ မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတစ်လျှောက် ဒါက မြန်မာအစိုးရအတွက် ရခိုင်အရေးကို ဘယ်လိုကိုင်တွယ် ဖြေရှင်းနေသလဲ ပြသဖို့၊ ရခိုင်ပြည်နယ်နဲ့ ပတ်သက်လို့ မစ္စတာကိုဖီအာနန်ကော်မရှင်ရဲ့ မှတ်ချက်တွေကို အကောင်အထည်ဖော်ဖို့ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ နိုင်ငံတကာကို ပြသဖို့အခွင့်အရေးလို့ ထင်ပါတယ်။ ရခိုင်ပြည်နယ်မှာ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွေနဲ့ နေရပ်ပြန်လည်ပို့ဆောင်ရေးအတွက် နောက်ခြောက်လ၊ တစ်နှစ်၊ ဒါမှမဟုတ် နှစ်နှစ်အတွင်း တိုးတက်မှုတွေရရှိဖို့ ရည်မှန်းချက်ကြီးပြီး ကျိုးကြောင်း ဆီလျော်တဲ့ လုပ်ငန်းစဉ်တွေနဲ့ ပတ်သက်လို့က တကယ့်ကို ရှင်းရှင်းလင်းလင်းပါပဲ။ ဒါကအရေးကြီးကိစ္စတွေထဲက တချို့ဖြစ်ပါတယ်။

စီးပွားရေး အောင်မြင်မှုတွေရဖို့ မြန်မာ စဉ်ဆက်မပြတ် စီးပွားရေးစီမံကိန်း အကောင်အထည်ဖော်ဖို့ အရေးကြီးပါတယ်။ ဒီစီမံကိန်းက အလွန်အရေးကြီးပါတယ်။ ဆောင်ရွက်ရမယ့် စီမံကိန်း ရာပေါင်းများစွာမှာ ရည်မှန်းချက် ငါးခုနဲ့ မဟာဗျူဟာ ၂၈ ခု ရှိပါတယ်။ ရည်မှန်းချက်တွေ ပြည့်ဝဖို့ စီမံခန့်ခွဲရေးပိုင်းကို စောင့်ကြည့်ရမှာက အစိုးရအတွက် အလွန်အရေးကြီးတဲ့ လုပ်ငန်းစဉ် ဖြစ်ပါလိမ့်မယ်။ နည်းဗျူဟာ တစ်ခုစီရဲ့ အညွှန်းကိန်းတွေကို စောင့်ကြည့်ဖို့နဲ့ နည်းဗျူဟာအသီးသီးကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ရလဒ်တစ်ခုစီကို ရှင်းလင်းပြတ်သားတဲ့ အမြင်တွေ၊ သုံးသပ်မှုတွေ ရရှိဖို့အတွက် အဆိုပါ ရည်မှန်းချက်ငါးရပ်နဲ့ နည်းဗျူဟာ ၂၈ ချက်ဟာ နိုင်ငံအတွက် တော်တော်လေးကောင်းပါတယ်။ ဒါမှသာ ကဏ္ဍအသီးသီးရဲ့ အောင်မြင်မှုက ဘာလဲဆိုတာ အစိုးရတစ်ရပ်လုံး၊ တစ်နိုင်ငံလုံးနဲ့ လုပ်ငန်းရှင်တွေက သိလာမှာ ဖြစ်ပါတယ်။ အားလုံးကလည်း ရည်မှန်းချက်တွေ ပြည့်ဝဖို့ ဘယ်လိုအကောင်အထည်ဖော်ရမလဲ ဆိုတာနဲ့ပတ်သက်ပြီး ပြဿနာတွေကို အတူတကွ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

လက်ရှိအစိုးရ စတင်ခဲ့တဲ့ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး နှစ်စဉ် GDP ၇ ရာခိုင်နှုန်းလောက် တိုးနေပြီး တော်တော်လေး မြန်မြန်ဆန်ဆန် တက်လာနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ နိုင်ငံအတွင်း ငြိမ်းချမ်းရေး အယူဝါဒတွေနဲ့ ချိတ်ဆက်နေနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ခရီးသွားလုပ်ငန်းတွေမှာ စိုးရိမ်မှုတချို့ရှိတာက လွဲပြီး တခြားကဏ္ဍတွေမှာ ကျသွားတာ မတွေ့ပါဘူး။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် အလားအလာကောင်းတွေရှိနေပါတယ်။ လူမှုဖူလုံရေး လုပ်ငန်းတွေလည်း လုပ်နေပါတယ်။ တစ်ချိန်တည်းမှာ ကျွန်တော် ဘာတွေမိသလဲဆိုတော့ နိုင်ငံတွင်း စီးပွားရေး ပြုပြင်ပြောင်းလဲမှုနှုန်းကို အရှိန်မြှင့်ဖို့ အလွန် အရေးကြီးတဲ့ မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းက တော်တော်လေး ကောင်းမွန်မှုရှိတယ်လို့ တွေးမိပါတယ်။ အကြောင်းအရာတွေအများကြီးကို အတော်လေး မြန်မြန်ဆန်ဆန် စီမံခန့်ခွဲနိုင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြုပြင်ပြောင်းလဲမှုတချို့ဟာ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုထက် ပိုလွယ်ခဲ့တာကြောင့်ပါ။ အကောင်အထည်ဖော်ပြီးတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပထမအဆင့် ပြုပြင်ပြောင်းလဲရေးလို့ခေါ်ပါတယ်။ ကျန်တာတွေက အကောင်အထည်ဖော်ဖို့ အတော်လေး ခက်ခဲပါတယ်။ ဒါတွေက စိန်ခေါ်မှုတွေဖြစ်လာပါပြီ။ ယခု မြန်မာအစိုးရက ဖွဲ့စည်းတည်ဆောက်မှု ဒေသတွင်းစီးပွားရေး အမြန်ဆုံးတိုးတက်လာနိုင်မယ်လို့ ယုံကြည်ပါသလားဆိုတော့ ဖြစ်နိုင်ခြေရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာက နောက်ကနေ ရှေ့တက်လာနေပါပြီ။ ရည်မှန်းချက်တွေ အောင်မြင်ဖို့ အဓိကအချက်က ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွေ သေသေချာချာ အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမေးခွန်းကို ဖြေဖို့ စောလွန်းပါသေးတယ်။ ဒါပေမယ့် မြန်မာနိုင်ငံက ကောင်းကောင်းမွန်မွန် တိုးတက်နေတယ်လို့ ထင်ပါတယ်။ အထူးသဖြင့် နိုင်ငံအတွင်းရှိ အဖွဲ့အစည်းအားလုံးအတွက် စီးပွားရေးအခွင့်အလမ်းတွေ ဖန်တီးပေးဖို့နဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်လာစေမယ့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ရည်ရွယ်လုပ်ဆောင်နေတယ်လို့ ထင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ကျော်ထိုက်စိုး၊ အေးနှင်းညို၊ စုရည်မွန်၊ သီရိမင်းထွန်း၊ မိုးမမ**

# ဝေါဟာရအသုံးအနှုန်းများနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ

ဇော်ဌေး

**ခြံစည်းရိုးအပြင်ဘက်မှ နိုင်ငံရေးထောင်ချောက်**

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့၌ မြန်မာနိုင်ငံ အနောက်ဘက်ခြမ်း ရခိုင်ပြည်နယ်တွင် ARSA အကြမ်းဖက်အဖွဲ့က ရဲစခန်းပေါင်း ၃၀ နှင့် တပ်မတော် တပ်ရင်းဌာနချုပ် တစ်ခုတို့ကို ဆက်တိုက်ဆိုသလို အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီးနောက် အခြေအနေများ တည်ငြိမ်သွားချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးနေထိုင်သူများအရေးကိစ္စမှာ မြန်မာနိုင်ငံအတွက် ကြီးမားလှသော စိန်ခေါ်မှု တစ်ရပ် ဖြစ်လာခဲ့ရသည်။

နိုင်ငံတကာမီဒီယာများ၊ နိုင်ငံတကာလူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ အနေဖြင့် လူပေါင်းများစွာ ထွက်ပြေးကြခြင်းကို အကြောင်းပြုလျက် ဝေဖန်မှုများစွာ ရင်ဆိုင်ခဲ့ရသော်လည်း သက်ဆိုင်သည့် ကာယကံရှင် နိုင်ငံ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ ထိုသို့ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်မှာလည်း နှစ်နိုင်ငံအကြား လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ၁၉၉၂-၉၃ ခုနှစ် သဘောတူညီချက်များကို အခြေခံ၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ထွက်သွားသူများ ပြန်လည်စိစစ်လက်ခံနိုင်ရေး အတွက် ပြန်လည်လက်ခံရေးစခန်းများ၊ ကြားစခန်းများ၊ ပြန်လည်နေရာချထားမည့် ကျေးရွာများ စသည်အားဖြင့် အဆင်သင့်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အဆင်သင့်မဖြစ်သေးသဖြင့် ပြန်လည်စိစစ်လက်ခံမှုများ စတင်နိုင်ခြင်းမရှိခဲ့ပေ။

ဤသို့သော အချိန်ကာလတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းမှ မြန်မာနိုင်ငံဘက်ခြမ်း နယ်စပ်ခြံစည်းရိုးအကြား၊ နယ်နိမိတ်ကျောက်တိုင်အမှတ် (၃၄)နှင့် (၃၅)အကြားတွင် လူ ခြောက်ထောင်ကျော် ဝင်ရောက်နေထိုင်သည့် ဖြစ်စဉ် ဖြစ်ပေါ်လာခဲ့သည်။ လူနည်းနည်းချင်းစီ အစုလိုက် ရောက်ရှိနေထိုင်ရာမှ တဖြည်းဖြည်းနှင့် ခြောက်ထောင်ကျော်အထိ မြင့်မားလာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ပိုင်နက် နယ်နိမိတ်အတွင်း ဝင်ရောက်နေထိုင်လာကြသော အဆိုပါ လူစုလူဝေးကြီးသည် ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းရှိ ဒုက္ခသည်စခန်းများသို့လည်း သွားရောက်နေထိုင်ခြင်းမရှိဘဲ၊ မြန်မာ့နယ်စပ် ခြံစည်းရိုးအပြင်ဘက်တွင် ယာယီတဲများ ဆောက်လုပ်နေထိုင်ခြင်းသည် မြန်မာနိုင်ငံအတွက် အကျပ်အတည်းတစ်ခု ဖန်တီးဖော်ဆောင်လာခြင်းဟု ဆိုနိုင်ပေသည်။

**“ဇီးရိုးလိုင်းဟူသော စကားရပ်မှာ နိုင်ငံတကာတွင် နယ်နိမိတ်မျဉ်းကိုပင် ရည်ညွှန်းခေါ်ဝေါ်လေ့ရှိကြသော်လည်း အထူးသတိပြုရန်မှာ မိမိနိုင်ငံ၏ နယ်နိမိတ် သဘောတူ စာချုပ်ပါ ဝေါဟာရများကိုသာ သုံးစွဲခေါ်တွင်ကြရန် အရေးကြီးလှသည်။ မြန်မာနိုင်ငံ၏ နယ်နိမိတ်ဆိုင်ရာ သဘောတူညီချက်များတွင် နယ်နိမိတ်မျဉ်း Boundary Line ဟုသာ သုံးနှုန်းထားသဖြင့် နယ်နိမိတ်မျဉ်းဟုသာ သုံးနှုန်းရန် လိုအပ်သလို နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းမှုများ၊ သဘောတူညီချက်များ၊ စာချုပ်စာတမ်းများတွင်လည်း နယ်နိမိတ်မျဉ်းဟုသာ ထည့်သွင်းရန် အရေးကြီးလှပေသည်”**

ယင်းသို့ ခြံစည်းရိုးအပြင်ဘက် မြန်မာ့ပိုင်နက် နယ်နိမိတ်တွင် ခိုးဝင်ကာ နေထိုင်လာကြသူများအနေဖြင့် မဖြစ်နိုင်သည့် တောင်းဆိုချက်များစွာကိုလည်း ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းရှိ မီဒီယာများကတစ်ဆင့် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် ယင်းနေရာတွင် ခိုကပ်ကာ နေရသည့်အကြောင်းရင်းကို ပြောဆိုကြရာတွင်လည်း မြန်မာနိုင်ငံဘက်ခြမ်းတွင် စားနပ်ရိက္ခာပြတ်လပ်မှု ဖြစ်နေသယောင်ယောင်၊ အသက်အန္တရာယ်ပင် စိုးရိမ်ရသယောင်ယောင် သတင်းမှားများကို မီဒီယာများမှတစ်ဆင့် ဖြန့်ချိလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေခြင်း၏ အကြောင်းရင်းမှာလည်း ရှင်းပါသည်။ မြန်မာနိုင်ငံ၏ နယ်စပ်ခြံစည်းရိုးနှင့် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအကြား မြန်မာပိုင်မြေတွင် လူအုပ်စုနှင့် ဝင်ရောက်နေထိုင်ခြင်းကြောင့် မြန်မာနိုင်ငံအစိုးရ တာဝန်ရှိသူများကလည်းကောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လည်းကောင်း ဖယ်ရှားရှင်းလင်းခြင်းများ ပြုလုပ်လာခဲ့ပါက လူ့အခွင့်အရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ဝိုင်းဝန်းပြစ်တင်ဝေဖန်ခြင်းဖြင့် နိုင်ငံရေးထောင်ချောက် တစ်ရပ် ဆင်ထားခြင်းပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ယင်းသို့ ခြံစည်းရိုးအပြင်ဘက်တွင် ယာယီတဲများဖြင့် စုပြုံနေထိုင်လျက်ရှိသည့် ယင်းတို့ကိစ္စအား ကိုင်တွယ်ဖြေရှင်းရာတွင် သတိကြီးကြီးထားရှိရန် လိုအပ်လှသဖြင့် မြေပြင်သို့ သွားရောက်ကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ရရှိသော သတင်းများအရ ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်ခြင်း မပြုကြသည့်အတွက် ခြံစည်းရိုးအနီးနားကပ်လျက် ဝင်ရောက်နေထိုင်သူများအကြား အကြမ်းဖက်သမားများ ပါဝင်နေဖွယ်ရာ ရှိသည်ဟူသော ယူဆချက်များလည်း လက်ခံရရှိခဲ့သည်။ မိမိနိုင်ငံပိုင်နက် နယ်မြေအတွင်း ဤသို့ ထောင်ချောက်သဖွယ် ဝင်ရောက်နေထိုင်သူများကို ယင်းနေရာတွင်ပင် ဆက်၍ နေကြရန်၊ မြန်မာနိုင်ငံဘက်မှ ဖယ်ရှားရှင်းလင်းမှုများ လုပ်ဆောင်လာလျှင်လည်း နေရာကမခွာဘဲ ဆက်နေကြရန် အကြမ်းဖက်အဖွဲ့အစည်းဝင်များက ညွှန်ကြားနေသည့် သတင်းများလည်း ကြားသိခဲ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ နှစ်နိုင်ငံ ခရိုင်အဆင့် ပြန်လည်လက်ခံရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ် ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ခရိုင်အဆင့် ပြန်လည်လက်ခံရေးကိစ္စ ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသူများ ပြန်လည် စိစစ်လက်ခံရေး ကိစ္စရပ်များနှင့် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းနှင့် နယ်စပ်ခြံစည်းရိုး အကြား ဝင်ရောက်နေထိုင်ကြသူများကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် မြန်မာနိုင်ငံဘက်ခြမ်းရှိ တောင်ပြိုလက်ဝဲ ပြန်လည်စိစစ်ရေးစခန်းတွင် ပြင်ဆင်ထားရှိမှုများကို ပြသခဲ့သည့်အပြင် ခြံစည်းရိုး အပြင်ဘက်ကပ်လျက် ဝင်ရောက်နေထိုင်ကြသူများကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဘက်မှ ထောက်ပြသည်မှာ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းနှင့် ခြံစည်းရိုးအကြား အဆောက်အအုံ မဆောက်လုပ်ရတားမြစ်ဇုန် Non – Construction Zone အတွင်း ဝင်ရောက်နေထိုင်ခြင်းသည် နှစ်နိုင်ငံသဘောတူညီချက်များအရ လက်ခံ၍မရကြောင်း၊ ယင်းတို့ ကာလရှည်ကြာ နေထိုင်ရေးအတွက် ထောက်ပံ့ကူညီမှုများ ဘင်္ဂလားဒေ့ရှ်ဘက်ရှိ နိုင်ငံတကာအဖွဲ့အစည်းအချို့က ပြုလုပ်နေခြင်းကြောင့် ထိန်းသိမ်းရန်ခက်ခဲသော အခြေအနေကို ဖြစ်ပေါ်လာစေခဲ့ကြောင်း၊ ထိုသို့ ထောက်ပံ့နေခြင်းကို တားမြစ်ပေးစေလိုကြောင်း၊ ယင်းသို့ ဝင်ရောက်နေထိုင်သူများအကြား ARSA အကြမ်းဖက်သမားများ ရောနှောပါဝင်နေဖွယ်ရာ ရှိသည့်အတွက် နှစ်နိုင်ငံ နယ်စပ်လုံခြုံရေးအတွက် အထူးစိုးရိမ်စရာကောင်းသော အနေအထားသို့ ရောက်ရှိစေနိုင်ကြောင်းပင် ဖြစ်သည်။ ယင်းသို့ နှစ်နိုင်ငံ တာဝန်ရှိသူများ သွားရောက်တွေ့ဆုံပြီးနောက် အဆိုပါနေရာသို့ ဝင်ရောက်နေထိုင်သူများမှ အများစုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ ကူတူပါလောင်ကျေးရွာနှင့် ဘာလူခါလီကျေးရွာများရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်နေထိုင်မှုများ ဆောင်ရွက်လာခဲ့ကြသည်။ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ ညနေပိုင်းအထိ ကြားသိရသော သတင်းများအရ ခြံစည်းရိုးဘေး၌ တဲထိုးနေထိုင်သူ အရေအတွက် တစ်ထောင်ကျော်သာ ကျန်ရှိတော့ကြောင်း သိရှိရသည်။ ဤသည်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူများအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းစရှာခြင်းများ၏ အကျိုးတရားဟု ဆိုနိုင်သည်။ ARSA အကြမ်းဖက်သမားများက နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းကို အသုံးချ၍ အကြမ်းဖက်သမားများအတွက် ဘေးကင်းလုံခြုံသော ခိုလှုံရာ Safe House အဖြစ် တည်ဆောက်လာမည့် အန္တရာယ်သည် နှစ်နိုင်ငံစလုံးအတွက် အမျိုးသားလုံခြုံရေးခြိမ်းခြောက်မှုတစ်ရပ် ဖြစ်ပေသည်။ ဤသည်ကို နှစ်နိုင်ငံစလုံးက သတိမူခြင်းဖြင့် အကြမ်းဖက်သမား၏ ခိုလှုံရာဂူကို တွေ့မြင်နိုင်ပေမည်။

ဤနေရာတွင် အလျဉ်းသင့်ခိုက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အများပြည်သူသာမက အစိုးရတာဝန်ရှိသူများပါ သတိပြုသင့်သည့် ဝေါဟာရအသုံးအနှုန်းများကို အလေးပေး၍ ရှင်းလင်းလိုသည်။ နှစ်နိုင်ငံအကြား နယ်နိမိတ်အရှည်စုစုပေါင်း (၁၆၉)မိုင်၊ ကုန်းနယ်နိမိတ်အရှည် (၁၂၉.၂)မိုင်၊ နယ်နိမိတ်မှတ်တိုင် (၅၃)တိုင် (ကုန်းနယ်နိမိတ်)၊ နယ်နိမိတ်ရည်ညွှန်းမှတ်တိုင် (၆၀)တိုင် (ကုန်းနယ်နိမိတ်)၊ နတ်မြစ်နယ်နိမိတ်အရှည် (၃၉.၈)မိုင်၊ မြန်မာဘက်ကမ်းရှိ နယ်နိမိတ်ရည်ညွှန်းမှတ်တိုင် (၁၆)တိုင် (နတ်မြစ်နယ်နိမိတ်)၊ ဘင်္ဂလားဒေ့ရှ်ဘက်ကမ်းရှိ နယ်နိမိတ်ရည်ညွှန်း(၂၁)တိုင် (နတ်မြစ်နယ်နိမိတ်) ဖြစ်ပေသည်။ မြန်မာ-ဘင်္ဂလားဒ့ရှ် နယ်နိမိတ်တွင် နတ်မြစ်နယ်နိမိတ်အစိတ်အပိုင်း (၃၉.၈) မိုင်နှင့် ကုန်းပိုင်းနယ်နိမိတ်အစိတ်အပိုင်း (၁၂၉.၂) မိုင် ပါဝင်သည်။

**နတ်မြစ်နယ်နိမိတ်အစိတ်အပိုင်း**

နတ်မြစ်၏ အဓိက ရေနက်စီးကြောင်းDeep Water Channel အလိုက် ပုံသေနယ်နိမိတ် သတ်မှတ်သည့် အခြေပြစာချုပ် (Protocol) ကို ၂၈-၄-၁၉၆၆ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ နယ်နိမိတ်စာချုပ်ကို ၉-၅-၁၉၆၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။ ၁၉၇၈ မှ ၁၉၇၉ ခုနှစ်အတွင်း နတ်မြစ်နယ်နိမိတ် ရည်ညွှန်းမှတ်တိုင်များကို ပူးတွဲစစ်ဆေးခြင်း ပြုလုပ်ခဲ့ပြီး၊ ၁၇-၁၂-၁၉၈၀ ရက်နေ့တွင် နတ်မြစ်ဖြည့်စွက်အခြေပြစာချုပ် (Supplementary Protocol) စာချုပ်ကို ချုပ်ဆိုခဲ့သည်။ နတ်မြစ်နယ်နိမိတ် ရည်ညွှန်းမှတ်တိုင်များအား ဒုတိယအကြိမ် ပူးတွဲစစ်ဆေးခြင်းကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ဆောင်ရွက်ခဲ့ပြီး၊ နတ်မြစ်ဖြည့်စွက်အခြေပြစာချုပ် မူကြမ်းကို နှစ်ဖက်ပူးတွဲ ပြုစုခဲ့ပြီး၊ ၂၀၀၇ ခုနှစ်၌ နှစ်ဖက်ကွင်းဆင်း ဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများမှ လက်မှတ်တို ရေးထိုးခဲ့သည်။ အဆိုပါ လက်မှတ်တို ရေးထိုးပြီးသည့် စာချုပ်မူကြမ်းကို နှစ်ဖက်အပြီးသတ် အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် ၂၈-၁-၂၀၁၄ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြခဲ့ရာ အတည်ပြုချက်ရရှိခဲ့သည်။ အဆိုပါ နတ်မြစ်ဖြည့်စွက်အခြေပြစာချုပ်ကို ဘင်္ဂလားဒေ့ရှ်ဘက်နှင့် ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ဤနေရာတွင် မေးစရာရှိလာသည်မှာ နတ်မြစ်၏ အဓိကရေနက်စီးကြောင်း Deep Water Channel မှာ နှစ်ကာလ ရွေ့လျောလာသည့်အချိန်တွင် ပြောင်းလဲမှုများ ရှိနေမည်ဖြစ်၍ ရေစီးကြောင်းများ ပြောင်းလဲသွားပြီးနောက် နတ်မြစ်နယ်နိမိတ်အစိတ်အပိုင်းကို မည်သို့ သတ်မှတ်မည်နည်းဟူ၍ ဖြစ်သည်။ အဓိက ရေနက်စီးကြောင်း အပြောင်းအလဲများ ရှိနေမည်ဖြစ်သော်လည်း ၁၉၆၆ ခုနှစ်က တည်ရှိခဲ့သော အဓိက ရေနက်စီးကြောင်း တည်ရှိရာမျဉ်းကိုပင် မပြောင်းလဲစေရန် နှစ်ဖက်စလုံး၌ ရည်ညွှန်းမှတ်တိုင်များ ထားရှိသည့်နည်းတူ လတ္တီကျူ၊ လောင်ဂျီကျူ မှတ်တမ်းများ၊ ဂြိုဟ်တုဓာတ်ပုံ အထောက်အထားများ၊ Geographic Information System-GIS မှတ်တမ်းများဖြင့် မှတ်တမ်းများ ထားရှိလေ့ရှိပေသည်။

**ကုန်းပိုင်းနယ်နိမိတ်အစိတ်အပိုင်း**

မြန်မာ-ဘင်္ဂလားဒေ့ရှ်ကုန်းပိုင်း နယ်နိမိတ်သတ်မှတ်ရေး သဘောတူညီချက်ကို ၂၃-၅-၁၉၇၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သဘောတူညီချက်နှင့်အညီ နယ်နိမိတ်တိုင်းတာ သတ်မှတ်မှုများကို ၁၉၇၉ မှ ၁၉၈၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ကုန်းပိုင်းနယ်နိမိတ်များကို သတ်မှတ်ရာတွင် အဓိက ရေဝေကြောတစ်လျှောက် တိုင်းတာ၍ သတ်မှတ်ခဲ့ခြင်းလည်း ဖြစ်သည်။ ၁ း ၅၀၀၀ စကေးကြီး တောင်ပြိုဒေသ၊ မြေပုံတစ်ချပ်ကို ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလတွင်လည်းကောင်း၊ ၁ း ၅၀၀၀၀ စကေး မြေပုံ(၆)ချပ်ကို ၁၂-၈-၁၉၈၅ ရက်နေ့တွင်လည်းကောင်း နှစ်နိုင်ငံအစိုးရတို့၏ အာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့သည်။ နယ်နိမိတ်ပူးတွဲစစ်ဆေးရေးနှင့် နယ်နိမိတ်မျဉ်းကို ပိုမိုထင်ရှားစေရန် ရည်ရွယ်ချက်ဖြင့် နယ်နိမိတ်ရည်ညွှန်းမှတ်တိုင်များ ပူးတွဲစိုက်ထူခြင်းလုပ်ငန်းကို ၁၉၉၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်းပိုင်းနယ်နိမိတ်သဘောတူစာချုပ် ၁၉၉၈ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ နောက်ဆုံးအနေဖြင့် နယ်နိမိတ်မှတ်တိုင်များ ပူးတွဲစစ်ဆေးပြုပြင်ခြင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ဆောင်ရွက်ခဲ့ပြီး မှတ်တိုင် (၂၁) တိုင်ကို ပြုပြင်ခဲ့သည်။ နတ်မြစ်မြောက်ဘက် ကုန်းပိုင်းနယ်နိမိတ် စာချုပ်အတည်ပြုစာချွန်လွှာအား ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် လဲလှယ်အတည်ပြုခဲ့သည်။

**မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်နိမိတ်နှင့် ပတ်သက်၍ သဘောတူညီချက်များ**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်နိမိတ်နှင့်ပတ်သက်၍ အောက်ပါ အဓိကကန့်သတ်သဘောတူညီချက်များကို နှစ်နိုင်ငံသဘောတူညီထားသည် -

**(၁၂-၁၁-၁၉၉၈) မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ် နတ်မြစ်မြောက်ပိုင်း ကုန်းပိုင်း နယ်နိမိတ်စာချုပ်(Treaty) အပိုင်း(၄) အပိုဒ်(၁၄)တွင် နယ်နိမိတ်မျဉ်းမှ ပေ(၁၅၀) (မီတာ၅၀ခန့်)အတွင်း အဆောက်အအုံ မဆောက်လုပ်ရေးနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-**

**“In order to make the boundary line easily identifiable and prevent the emergence of boundary-line-intersected villages, neither High Contracting Party shall allow to build new houses of other structures of permanent of temporary nature, within a zone of 150 feet on each side of the boundary line.**

**(၁၉-၁၂-၁၉၈၀) မြန်မာ-ဘင်္ဂလားဒေ့ရှ်အစိုးရတို့ ချုပ်ဆိုသည့်နယ်ခြား အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အပိုင်း(၂) အပိုဒ်(၁၆)တွင် ခုနှစ် နှစ်နိုင်ငံနယ်ခြား အာဏာပိုင်များသည် အစိုးရဝန်ထမ်းများမှအပ လက်နက်ကိုင်အရပ်သားများကို အနံကိုက် ၁၀၀၀ ရှိသော နယ်ခြားအတွင်းသို့ ဝင်ရောက်ခြင်းမှ တားဆီးပိတ်ပင်ရမည်။ ဆိုလိုသည်မှာ နယ်ခြား၏ တစ်ဖက်တစ်ချက် ကိုက်၅၀၀ စီကို ဆိုလိုသည်။**

**Border Authorities on either side shall prevent armed civilians, excluding officials, from entering the 1000 yards stretch of the border, i.e. 500 yards on either side of the border.**

**အဆောက်အအုံမဆောက်လုပ်ရ တားမြစ်ဇုန် Non –Construction Zone**

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် သဘောတူညီချက်များ ထားရှိရာတွင် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်း၏ ဟိုဘက် ဒီဘက် သဘောတူသတ်မှတ်ထားသည့် အကွာအဝေးအတွင်း လူပုဂ္ဂိုလ်များ ဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းများ မပြုလုပ်ရန် တားမြစ်ထားချက်များ ရှိသည်။ တရုတ်နိုင်ငံနှင့်ဆိုလျှင် နယ်နိမိတ်မျဉ်း၏ ဟိုဘက် ဒီဘက် (၁၀)မီတာ အကွာအဝေးအတွင်း အဆောက်အအုံမဆောက်လုပ်ရဇုန် Non – Construction Zone အဖြစ် သတ်မှတ်ထားသည်။ အိန္ဒိယနိုင်ငံနှင့်လည်း (၁၀)မီတာ အကွာအဝေးအတွင်းလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် (၁၅၀) ပေ အကွာအဝေးအတွင်းလည်းကောင်း အဆောက်အအုံ မဆောက်လုပ်ရဇုန် Non – Construction Zone အဖြစ် သဘောတူသတ်မှတ်ထားသည်။ လာအိုနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်မှာ မဲခေါင်မြစ် (ရေပြင်ဖြစ်၍) Non – Construction Zone သတ်မှတ်ထားခြင်း မရှိပေ။ ထိုင်းနိုင်ငံနှင့်မူ နှစ်နိုင်ငံ နယ်နိမိတ်သတ်မှတ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများ မပြီးပြတ်သေးသည့်အတွက် ထိုသို့ သတ်မှတ်နိုင်ခြင်း မရှိသေးပေ။

*စာမျက်နှာ ၁၁ သို့*

# ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အိန္ဒိယနိုင်ငံက ကူညီပံ့ပိုးနိုင်မည့်ကိစ္စများအား ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. VikramMisri (**ယာပုံ**)နှင့် ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mrs. DorotheeJanetzke-Wenzel တို့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံးမေခလာခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံသည်။



အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်ရှိ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသင့်တပ်ဆင်အသုံးပြုနိုင်သည့် လူနေအိမ်ဆောက်လုပ်ရေးပစ္စည်းများ (Pre-FabricatedHouse) ထုတ်လုပ်တပ်ဆင်ရေးလုပ်ငန်းများ၊ လူနေအိမ်ယူနစ်အလုံး ၂၅၀ အား အိန္ဒိယကျွမ်းကျင်ပညာရှင်များက လာရောက်၍ ဒေသခံဆောက်လုပ်ရေးကန်ထရိုက်တာအဖွဲ့များနှင့်အတူ ပထမအဆင့်အနေဖြင့် ဆောက်လုပ်မည့်ကိစ္စများ၊ လိုအပ်ချက်ပေါ်မူတည်၍ အိမ်ရာယူနစ်အရေအတွက် တိုးမြှင့်ဆောက်လုပ်နိုင်ရေးကိစ္စများ၊ ဒုတိယအဆင့်အနေဖြင့် ဒေသခံများအား အဆိုပါအိမ်ရာများ ဆောက်လုပ်သည့် နည်းပညာကိုသင်ကြားပေးမည့် အစီအစဉ်များ၊ အဆိုပါစီမံကိန်းအတွက် တင်ပြလာသည့် နည်းပညာဆိုင်ရာအဆိုပြုလွှာပါ အချက်အလက်များ၊ အိမ်ရာများ ဆောက်လုပ်ပေးစေလိုသည့် ကျေးရွာများအား သတ်မှတ်ပေးနိုင်ရေးကိစ္စများ၊ ဓလေ့ထုံးတမ်းအစဉ်အလာပေါ် မူတည်၍ ဒေသခံလူနေအိမ်ဖွဲ့စည်းပုံများလေ့လာနိုင်ရေး၊ ကျေးရွာအစည်းအဝေးခန်းမနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ ထောက်ပံ့နိုင်ရေး၊ လူနေအိမ်များဆောက်လုပ်ရာတွင် ဒေသခံများ ပါဝင်လုပ်ကိုင်နိုင်ရေး၊ ဒေသခံများအားအိမ်ဆောက်နည်းပညာများ လွှဲပြောင်းပေးနိုင်ရေး၊ လိုအပ်သော ပစ္စည်းကိရိယာများအား စီမံကိန်းနှင့် အနီးဆုံးနေရာသို့ ပို့ဆောင်သယ်ယူနိုင်ရေး၊ ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ တည်ငြိမ်အေးချမ်းရေးအတွက် အိန္ဒိယနိုင်ငံက ကူညီပံ့ပိုးနိုင်ရန် UEHRD နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများအား ဆွေးနွေးသည်။

ဂျာမနီနိုင်ငံသံအမတ်ကြီးနှင့်အတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲဖြစ်သူ Ms. Jutta Kranz-Plote တို့နှင့်တွေ့ဆုံရာတွင် အားလုံးအကျုံးဝင်သော လူမှုကာကွယ်စောင့်ရှောက်ရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ဂျာမနီနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုဌာနမှ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး၊ သက်မွေးဝမ်းကျောင်းသင်တန်းများ ပေးနိုင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး UEHRD မှတစ်ဆင့် ထောက်ပံ့ကူညီနိုင်မည့်ကိစ္စများအား ဆွေးနွေးခဲ့ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောမြို့တွင် အဋ္ဌမတန်းစာစစ်ဌာန ၁၅ ခုဖွင့်လှစ်ခဲ့ပြီး ဖြေဆိုမှုများ ယနေ့ပြီးဆုံး

**မောင်တော ဖေဖော်ဝါရီ ၂၆**

အခြေခံပညာ စတုတ္ထတန်းနှင့် အဋ္ဌမတန်း အတန်းတင်စာမေးပွဲများကို တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် တိုင်းဒေသကြီး နှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၌ ဖေဖော်ဝါရီ ၁၉ ရက်မှစတင်၍ တစ်ပြိုင်တည်းဖြေဆိုလျက်ရှိရာ ရခိုင်ပြည်နယ် မောင်တောမြို့တွင်လည်း အဋ္ဌမတန်း အတန်းတင်စာမေးပွဲ နောက်ဆုံးဘာသာရပ်ကို ယနေ့နံနက်ပိုင်းက ဖြေဆိုခဲ့ကြသည်။ (**အောက်ပုံ**)



"စတုတ္ထတန်းနဲ့ အဋ္ဌမတန်းစာမေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှာ စတင်ဖြေဆိုကြတာဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက်မှာတော့ စတုတ္ထတန်းစာမေးပွဲဖြေဆိုမှုပြီးစီးခဲ့ပါတယ်၊ အဋ္ဌမတန်းကတော့ နောက်ဆုံးဘာသာရပ်ကို ဒီနေ့ ဖြေဆိုနေကြတာဖြစ်ပါတယ်"ဟု ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုမှုနှင့် ပတ်သက်၍ မောင်တောမြို့ အထက(၂)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြင့်သိန်းက ပြောသည်။

မောင်တောမြို့ အထက(၁)မှ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်သိန်းက "အကြမ်းဖက်ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ကြရတဲ့ ဟိန္ဒူဘာသာဝင်တွေကို အထက(၁)မှာ ယာယီထားရှိတဲ့အတွက် အထက(၁)က ကျောင်းသား ကျောင်းသူတွေကို အထက(၂)ကျောင်းရဲ့ အပေါ်ထပ်မှာ ဖြေဆိုစေပါတယ်၊ အောက်ထပ်မှာတော့ အထက(၂)က ကျောင်းသား ကျောင်းသူတွေ ဖြေဆိုကြပါတယ်၊ တစ်ကျောင်းတည်းမှာပဲ စာစစ်ဌာနနှစ်ခုကို အဆင်ပြေအောင် ထားရှိလုပ်ဆောင်ခဲ့ပါတယ်" ဟု ပြောသည်။

မောင်တောမြို့နယ် အတွင်း၌ စတုတ္ထတန်းကျောင်းသား ကျောင်းသူ ၃၁၄၀ ကျော်ရှိပြီး စာစစ်ဌာန ၉၃ ခု ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူ ၁၇၀၀ ကျော် ဖြေဆိုခဲ့ကြောင်း၊ အဋ္ဌမတန်းဖြေဆိုရန် စာစစ်ဌာန ၁၅ ခု ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ အရေအတွက် ၁၅၄၁ ဦးရှိသည့်အနက် ဖြေဆိုသူ ၇၇၇ ဦးရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံး မှတ်တမ်းများအရ သိရသည်။

ထို့ပြင် လာမည့် မတ် ၇ ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်အတွက် ဝင်ခွင့်ကတ်ပြားများကို ဖေဖော်ဝါရီ ၁၉ ရက်မှ စတင်ထုတ်ပေးလျက်ရှိကြောင်း၊ မောင်တောမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနသုံးခု ဆောင်ရွက်ထားကြောင်း၊ အထက(၁)တွင် စာစစ်ဌာန နှစ်ခုနှင့် အထက(၂)တွင် တစ်ခုတို့ဖြစ်ကြောင်း၊ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူအရေအတွက်မှာ စာစစ်ဌာနသုံးခုပေါင်း ၈၇၈ ဦး ခန့်ရှိနိုင်ကြောင်း၊ အရေအတွက် အပြောင်းအလဲရှိနိုင်ကြောင်း တက္ကသိုလ်ဝင်စာမေးပွဲအခြေအနေနှင့်ပတ်သက်၍ မောင်တောမြို့နယ်ပညာရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**သတင်း-ဟိန်းထက်ဇော်**
**ဓာတ်ပုံ-ရာမည**

*စာမျက်နှာ ၁၀ မှ*

ဤအဆောက်အအုံမဆောက်လုပ်ရဇုန်ကို သဘောတူသတ်မှတ်ကြခြင်း၏ ရည်ရွယ်ချက်တွင် အဓိကအားဖြင့် နှစ်ချက် ရှိပေသည်။ နံပါတ်(၁)အချက်မှာ နယ်နိမိတ်မျဉ်းကြောင်း သွယ်တန်းမှုအပေါ် ထိခိုက်မှုများ မဖြစ်ပေါ်စေရန် ဖြစ်ပြီး နံပါတ်(၂)အချက်မှာ နှစ်နိုင်ငံအငြင်းပွားမှုများ ဖြစ်ပေါ်လာခဲ့ပါက နယ်နိမိတ်မျဉ်းကြောင်းကို လွယ်လင့်တကူ ပြန်လည်ရှာဖွေနိုင်ရန် ဖြစ်ပေသည်။ မည်သူမှ ဝင်ရောက်နေထိုင်ခြင်း မပြုစေသည့် သဘောတရားကို ကောက်ယူ၍ No Man's Land ဟူ၍ အလွယ်ခေါ်တွင်နေကြခြင်းကြောင့် အကောက်အယူများ လွဲမှားလာနိုင်ပေသည်။ No Man's Land ဟူသော စကားရပ်ကို နှစ်နိုင်ငံ နယ်နိမိတ် အငြင်းပွားမှုများ ညှိနှိုင်းမရခြင်းကြောင့် နယ်နိမိတ်ကို တိတိကျကျ နှစ်ဖက်သဘောတူ သတ်မှတ်မရနိုင်သေးသော၊ တစ်နည်းအားဖြင့် နယ်နိမိတ် တိတိကျကျသတ်မှတ်နိုင်ခြင်း မရှိသေးသော အခြေအနေများတွင် မည်သည့်နိုင်ငံကမှ ဝင်ရောက်ခြင်း မပြုရန် နှစ်ဖက်သဘောတူ ထားရှိသည့် နေရာမျိုးကို ဆိုလိုခြင်း ဖြစ်သည်။

**နိုးမန်းလန်းန်နှင့် ဇီးရိုးလိုင်း**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်များအရ နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာ ဇုန်အတွင်း မည်သည့်အဆောက်အအုံမျှ ဆောက်လုပ်ခွင့်မရှိသည့်အပြင် ဆောက်လုပ်နေမှုများ တွေ့ရှိပါက ပြန်ဖျက်ပေးရန် တာဝန်ရှိသော်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် နယ်နိမိတ်မျဉ်းအထိ သက်ရောက်သည်။ ဆိုလိုသည်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်တစ်လျှောက် နယ်နိမိတ်မျဉ်းမှ ပေ ၁၅၀ အကွာအဝေးအလွန်တွင် ခြံစည်းရိုးကာရံထားသော်လည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေပိုင်ဆိုင်မှုသည် ခြံစည်းရိုးရှေ့ ပေ ၁၅၀ နယ်နိမိတ်မျဉ်းအထိ သက်ရောက်ခြင်း ဖြစ်သည်။အဆောက်အအုံ မဆောက်လုပ်ရဇုန်ကို No Man's Land ဟု သုံးစွဲနေကြခြင်းမှာ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို မိမိဘာသာကန့်သတ်သည့်သဘောမျိုး ဖြစ်နေသည့်အပြင် ထိုသို့ သုံးစွဲရန်လည်း ဥပဒေအရ လျော်ကန်မှုမရှိကြောင်း တွေ့ရှိရပေသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်တစ်လျှောက် "အဆောက်အအုံ မဆောက်လုပ်ရဇုန် (Non-Construction Zone)" အား "No Man's Land" အဖြစ် သုံးစွဲခြင်းမပြုကြဘဲ "နယ်နိမိတ်မျဉ်း(Boundary Line)" အဖြစ်သာ ခေါ်ဝေါ်သုံးစွဲကြရန် အထူးမီးမောင်းထိုး တင်ပြလိုပေသည်။

အလားတူ နှစ်နိုင်ငံအကြား သဘောတူသတ်မှတ်ထားသော **"နယ်နိမိတ်မျဉ်း" Boundary Line** ကိုလည်း ဇီးရိုးလိုင်း Zero Line ဟု ခေါ်တွင် သုံးစွဲနေသည်များလည်း မကြာခဏဆိုသလို တွေ့ရှိရပေသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ဆွေးနွေးပွဲများတွင် မကြာခဏဆိုသလို ဇီးရိုးလိုင်းဟု ခေါ်တွင်သုံးနှုန်းကြသည်များလည်း တွေ့ရှိရသည်။ ဇီးရိုးလိုင်းဟူသော စကားရပ်မှာ နိုင်ငံတကာတွင် နယ်နိမိတ်မျဉ်းကိုပင် ရည်ညွှန်းခေါ်ဝေါ်လေ့ရှိကြသော်လည်း အထူးသတိပြုရန် မိမိနိုင်ငံ၏ နယ်နိမိတ်သဘောတူ စာချုပ်ပါ ဝေါဟာရများကိုသာ သုံးစွဲခေါ်တွင်ကြရန် အရေးကြီးလှသည်။ မြန်မာနိုင်ငံ၏ နယ်နိမိတ်ဆိုင်ရာ သဘောတူညီချက်များတွင် **"နယ်နိမိတ်မျဉ်း"** Boundary Line ဟုသာ သုံးနှုန်းထားသဖြင့် နယ်နိမိတ်မျဉ်းဟုသာ သုံးနှုန်းရန်လိုအပ်သလို နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းမှုများ၊ သဘောတူညီချက်များ၊ စာချုပ်စာတမ်းများတွင်လည်း နယ်နိမိတ်မျဉ်းဟုသာ ထည့်သွင်းရန် အရေးကြီးလှပေသည်။

အလားတူ နှစ်နိုင်ငံအကြား နယ်နိမိတ်မျဉ်းတစ်လျှောက် နှစ်နိုင်ငံ ပူးတွဲကင်းလှည့်ခြင်းများနှင့် စပ်လျဉ်း၍လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ (၄၂)၊ ပုဒ်မခွဲ(ခ)ပါ **"နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု"**ဟူသော ပြဋ္ဌာန်းချက် အထူးသတိပြုရန် လိုအပ်ပေသည်။ မြန်မာဘာသာစကားဖြင့် ပူးတွဲကင်းလှည့်ခြင်းဟု ဆိုသော်လည်း အင်္ဂလိပ်ဘာသာစကားဖြင့် ဘာသာပြန် သုံးနှုန်းကြရာတွင် Joint Patrol ဟုလည်းကောင်း၊ Coordinated Patrol ဟုလည်းကောင်း သင့်သလို သုံးစွဲတတ်ကြသည်။ အမှန်စင်စစ် Joint Patrol နှင့် Coordinated Patrol တို့ ဆောင်ရွက်မှုများမှာ များစွာကွဲပြားခြားနားသည်။ Joint Patrol ၏ သဘောမှာ နှစ်နိုင်ငံ တပ်ဖွဲ့များ အတူတကွ သွားလာလှည့်ပတ်၍ ကင်းလှည့်ခြင်းဖြစ်ပြီး သူ့နိုင်ငံ နယ်နိမိတ်အတွင်း မိမိတပ်ဖွဲ့များ ဝင်ရောက်သည်များရှိသလို မိမိနိုင်ငံနယ်နိမိတ်အတွင်း သူ့တပ်များ ဝင်ရောက်သည်များလည်း ရှိပေသည်။ Coordinated Patrol ဟူသည်မှာ သူ့နိုင်ငံဘက်ခြမ်းတွင် သူ့တပ်ဖွဲ့များ၊ မိမိနိုင်ငံဘက်ခြမ်းတွင် မိမိတပ်ဖွဲ့များ နယ်နိမိတ်မျဉ်းကို မကျော်စေဘဲ နှစ်ဖက်ညှိနှိုင်း၍ ကင်းလှည့်ခြင်းမျိုးကို ဆိုလိုသည်။ မြန်မာနိုင်ငံ၏ အခြေခံဥပဒေအရ မည်သည့်နိုင်ငံနှင့်မဆို Joint Patrol ဆောင်ရွက်၍ မရဘဲ Coordinated Patrol သာ ဆောင်ရွက်နိုင်သည့်အနေအထား ဖြစ်သည်။

**ဝေါဟာရအသုံးအနှုန်းများနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ**

နိုင်ငံတစ်နိုင်ငံ၏ အဓိက ဝိသေသလက္ခဏာမှာ ၎င်းနိုင်ငံ၏ အချုပ်အခြာအာဏာပင် ဖြစ်သည်။ နိုင်ငံရေးအချုပ်အခြာအာဏာ Political Sovereignty ဟူသည်မှာ ၎င်းနိုင်ငံ၏ နယ်နိမိတ်များအတွင်း နိုင်ငံတော်အစိုးရက အထွတ်အထိပ်နှင့် အကြွင်းမဲ့အခွင့်အာဏာရှိခြင်းကို ဆိုလိုသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်မှုကို (၁) နိုင်ငံ၏နယ်နိမိတ်၊ (၂) ထိုနယ်နိမိတ်အတွင်း မှီတင်းနေထိုင်သည့် ပြည်သူ၊ (၃) ထိုနယ်နိမိတ်အတွင်းရှိ ပြည်သူများကို အုပ်ချုပ်သော အစိုးရဟူသည့် အင်္ဂါရပ်သုံးရပ်ဖြင့် ကိုယ်စားပြုလေ့ရှိသည်။ နယ်နိမိတ်မျဉ်းများကို အခြေပြု၍ မြေပြင်ပိုင်နက်၊ ဝေဟင်ပိုင်နက်၊ ရေပြင်ပိုင်နက်တို့ကို သတ်မှတ်ကြခြင်းဖြစ်ရာ ကမ္ဘာ့သမိုင်းကြောင်းတစ်လျှောက် နိုင်ငံများသည် ကျူးကျော်စစ် ပြု၍ဖြစ်စေ၊ ငွေကြေး စသည်အားဖြင့် ဝယ်ယူ၍ဖြစ်စေ၊ ဆွေးနွေးညှိနှိုင်း၍ဖြစ်စေ နိုင်ငံ့နယ်နိမိတ်များကို ချဲ့ထွင်သတ်မှတ်ခဲ့ကြသည်။ နယ်နိမိတ်နှင့်ပတ်သက်၍ နိုင်ငံအချင်းချင်းအကြား အငြင်းပွားမှုများ မကြာခဏဆိုသလို ဖြစ်ပွားလေ့ရှိပြီး တင်းမာမှုများ အမြင့်ဆုံးသို့ ရောက်ရှိသွားသည့် အခြေအနေမျိုးတွင် စစ်မက်ပြုသည့်အဆင့်အထိ ရောက်ရှိသွားသည်များလည်း ရှိပေသည်။ နိုင်ငံတော်၏ပိုင်နက်နယ်မြေ နယ်နိမိတ်ကို အသက်ပေါင်းများစွာ စတေးပြီး ကာကွယ်ထိန်းသိမ်းရသည်ဟု ဆိုကြသည်။

သို့ဖြစ်၍ ဝေါဟာရအသုံးအနှုန်းများကို အလွယ်တကူ ခေါ်တွင်သုံးစွဲခြင်းကြောင့် အမှားကြာ- အမှန်ဖြစ်ကာ နှုတ်ကျိုးခြင်း၊ ခေါ်နေကျခြင်း စသည်တို့အားဖြင့် ပိုင်နက်နယ်မြေ ဆုံးရှုံးနစ်နာမှုများ အရှည်သဖြင့် မဖြစ်ပေါ်စေရေး အထူးသတိပြုနိုင်ကြပါရန် မီးမောင်းထိုး တင်ပြလိုက်ရပေသည်။ ။

**အငြိမ်းစား သံအမတ်ကြီး ဦးညွန့်မောင်ရှိန်အား ဤဆောင်းပါးဖြင့် ဂါရဝပြုပါသည်။**

# အမျိုးသမီးတစ်ဦးအားသတ်၍ မီးရှို့အလောင်းဖျောက်သည့်အမှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦးအနက် တစ်ဦးဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ပါလောင်းကျေးရွာ လွိုင်ကော်-ရှားတော ကားလမ်း မိုင်တိုင်အမှတ် - ၁၁/၂-၃ ကြား လမ်း၏အနောက်ဘက် ပေ ၁၀၀ ခန့်အကွာ လျှိုမြောင်အတွင်း၌ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီက အလောင်းတစ်လောင်း တွေ့ရှိမှုနှင့် ပတ်သက်၍ လွိုင်ကော်မြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်ခဲ့သည်။

အမှုမှ မီးရှို့ခံထားရသူမှာ လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်နေ ဒေါ်ဇင်မာထွေး (၄၄ နှစ်)ဖြစ်ကြောင်းနှင့် အလောင်းတွေ့ရှိသည့်နေရာ ပြာပုံအောက်မှ အရှည် ၁၇ ပေခန့်ရှိ သွပ်ကြိုးလေးချောင်း၊ မီးလောင်ထားသည့် ပလတ်စတစ်ပြား သုံးချပ်၊ သံလက်ကိုင်ကွင်းတစ်ခု၊ ပလတ်စတစ်အဖုံးတစ်ခုနှင့် အခင်းဖြစ်နေရာ အနီး ကားလမ်းနံဘေးမှ Dunhill တံဆိပ်စီးကရက်အတို ၁၀ ခု၊ အချိုရည်ဘူးခွံနှစ်ဘူးတို့အား တွေ့ရှိခဲ့ရကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များက ဒေါ်ဇင်မာထွေး၏ နေအိမ်အား ထပ်မံစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ နေအိမ်တွင် ထားရှိသည့် ခါတ်ဆီများထည့်ထားသော ပလတ်စတစ် ငါးဂါလန်ပုံးတစ်ပုံး၊ သံလက်ကိုင်ကွင်းပါ ပလတ်စတစ်ပုံးကြီးတစ်ပုံး၊ ကားတာယာအဟောင်းလေးလုံးရှိသည့် အနက် နှစ်လုံးမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

ထို့နောက် နေအိမ်ခြံဝင်းအတွင်းရှိ အမှိုက်ခြင်းတောင်းအတွင်းမှ Dunhill တံဆိပ်ပါ စီးကရက်အတို ၁၀ ခု၊ စီးကရက်ဘူးခွံ တစ်ခု၊ ရွံ့များပေကျံနေသော ရှူးဖိနပ်တစ်ရန်တို့အား တွေ့ရှိရသဖြင့် တိုက်ဆိုင်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

စစ်ဆေး တွေ့ရှိချက်များအရ သံသယရှိသူများဖြစ်သည့် ဒေါ်ဇင်မာထွေး၏ ခင်ပွန်းဖြစ်သူ လပြည့်ဝန်း(ခ) သပြေအောင်နှင့် ၎င်း၏ညီဖြစ်သူ အောင်ကောင်းစံဝင်းတို့အား ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းမှုများ ပြုလုပ်ခဲ့ရာ အောင်ကောင်းစံဝင်းအား ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီခွဲက ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဇလုပ်ကြီးကျေးရွာတွင် ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ ၎င်းသည် မိခင်ဖြစ်သူ ကျန်းမာရေး မကောင်းသဖြင့် ဆေးဝါးကုသစရိတ်ငွေတောင်းရန် အစ်ကိုဖြစ်သူ နေထိုင်သည့် လွိုင်ကော်မြို့သို့ သွားရောက်၍ သင်္ချိုင်းဟတည်းခိုခန်း၌ တည်းခိုပြီး တစ်ညအိပ်ကာ နောက်တစ်နေ့ ညပိုင်းတွင် အစ်ကိုဖြစ်သူထံ လိုက်သွားစဉ် အစ်ကိုဖြစ်သူက ဇနီးဖြစ်သူ ဒေါ်ဇင်မာထွေးကိုသတ်ပြီး ပလတ်စတစ်ပုံးဖြင့် ထည့်ထားသည်ကို တွေ့ရှိရကြောင်း၊ အလောင်းအား အစ်ကိုနှင့်အတူ ကားပေါ်တင်၍ လွိုင်ကော်-ရှားတော ကားလမ်း မိုင်တိုင် အမှတ် ၁၁/၂-၃ ကြား လမ်း၏အနောက်ဘက် ပေ ၁၀၀ ခန့်အကွာ လျှိုမြောင်အတွင်း၌ ခါတ်ဆီလောင်း၍ မီးရှို့ခဲ့ကြောင်း၊ အစ်ကိုဖြစ်သူက ရွှေထည်ပစ္စည်းများကို ၎င်းအားပေးသဖြင့် ရန်ကုန်သို့ ပြန်ကာ လှိုင်သာယာမီးခွက်ဈေးတွင် ရွှေထည်ပစ္စည်းများအား ရောင်းချခဲ့ရာ ရွှေနားကပ်တစ်ရန်အား ငွေကျပ် ၂၇၀၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း၊ ကျန်ပစ္စည်းများမှာ ရွှေအတုများဖြစ်နေ၍ နေအိမ်သို့ ပြန်လာစဉ် ဖမ်းဆီးခံရခြင်း ဖြစ်ကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်နေသူ လပြည့်ဝန်း(ခ)သပြေအောင်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ၁၀၅ မိုင်တွင် ဒေသန္တရလက်လုပ်မိုင်းနှစ်လုံး ပေါက်ကွဲ

**မူဆယ် ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ ရက် ည ၁၁ နာရီခန့်က ဒေသန္တရလက်လုပ်မိုင်းနှစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းယု ၁၀၅ မိုင်ကျေးရွာ ကမ္ဘောသိင်္ဂီသီလရှင်ကျောင်းအောက် နယ်မြေ -၃ လမ်းထောင့်တွင် ဖွင့်လှစ်ထားသော ငါးသုံးလုံးဂိမ်းရုံနှင့် ၁၀၅ မိုင် နယ်မြေ-၃ ဒုတိယလမ်းရှိ ကျန်းချိန်ကိန်းပိုင် တိုက်ခန်း အမှတ်-၂ နှင့် ၄ ကြား တိုက်ခန်း အမှတ်-၃ တွင် ဖွင့်လှစ်ထားသော ဒေါ်အီရင်ပိုင် အသားကင်ဆိုင်ရှေ့တို့တွင် ဖေဖော်ဝါရီ ၂၅ ရက် ည ၁၁ နာရီခန့်က ဒေသန္တရလက်လုပ်မိုင်းတစ်လုံးနှင့် ည ၁၁ နာရီ ၂ မိနစ်တွင် ဒေသန္တရလက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

မိုင်းပေါက်ကွဲသည့်နေရာသို့ ၁၀၅ မိုင်နယ်မြေအတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်သားများ၊ သတင်းရဲတပ်ဖွဲ့များ၊ နယ်မြေခံရဲကင်းအဖွဲ့ဝင်များ၊ နမ့်ခမ်းမြို့မှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ရောက်ရှိခဲ့ကြသည်။

ထို့နောက် မိုင်းပေါက်ကွဲသည့် နေရာများအား ကြည့်ရှုစစ်ဆေးရာ ဒေသန္တရလက်လုပ်မိုင်းဖြစ်ကြောင်း သိရပြီး ပေါက်ကွဲမှုကြောင့် ငါးသုံးလုံးဂိမ်းရုံနှင့် ဒေါ်အီရင်အသားကင်ဆိုင် အဆောက်အအုံအချို့ အနည်းငယ် ထိခိုက်ခဲ့ပြီး အဆိုပါ မိုင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ ဆက်လက်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု အဘူဂျာကျေးရွာနေ နူရ်အာလောင်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၂၅၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲတွင် သာစည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာ အဝင်ဇရပ်၌ သန်းထိုက်နှင့် မခင်နှင်းဆီတို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ နံနက် ၈ နာရီက မူးယစ်တပ်ဖွဲ့စု-၄၅ ရန်ကုန်လေဆိပ်မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ Terminal - 1 ပြည်ပထွက်ခွာ Gate 3 X-Ray တွင် ခရီးသည်လိုက်ပါပို့ဆောင်သူ အင်ဂျီထန်လျှန်မန်အား ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၅ ဂရမ်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# စက်လှေတိမ်းမှောက်မှုကြောင့် ပျောက်ဆုံးနေသော ရုပ်အလောင်းများ ပြန်လည်တွေ့ရှိ

**မိုးညှင်း ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး ရွှေမြဇ္ဇူ ဘုရားပွဲတော်အတွင်း စက်လှေတစ်စင်း တိမ်းမှောက်ခဲ့သဖြင့် ပျောက်ဆုံးနေသော ရှစ်တန်း ကျောင်းသား ကျောင်းသူ ကိုးဦး၏ ရုပ်အလောင်းများကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ပြန်လည်တွေ့ရှိကြောင်း သိရသည်။

**ကိုးဦး ပျောက်ဆုံး**

ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၆ နာရီခွဲခန့်က ရွာသစ်ကျေးရွာနေ ဦးမောင်ဦး (၅၆ နှစ်) မောင်းနှင်ပြီး အင်းတော်ကြီးဒေသ လုံးစန့်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများ လိုက်ပါလာသော စက်လှေသည် အင်းတော်ကြီး ရေလယ်မှ ဘုရားဖူးပြီးအပြန် အင်းတော်ကြီးကန်၏ ကမ်းစပ်မှ သုံးဖာလုံခန့်အရောက်တွင် လှိုင်းလေထန်လာသဖြင့် စက်လှေတိမ်းမှောက်မှုကြောင့် လှေပေါ်တွင်လိုက်ပါလာသော ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်း ၁၈ ဦးအနက် ကိုးဦးကို ကယ်တင်နိုင်ခဲ့ပြီး ကျန်ကိုးဦးမှာ ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပြန်လည်တွေ့ရှိ**

စက်လှေနစ်မြုပ်မှုကြောင့် ပျောက်ဆုံးသွားသော ကျောင်းသား ကျောင်းသူများမှာ လုံးစန့်ကျေးရွာ အထက(ခွဲ)မှ မောင်အောင်မျိုးဝင်း၊ မသဲသဲငို၊ မပြည့်ဖူးသော်၊ မအေးမြတ်နိုးသူ၊ မမိုးမြင့်သူ၊ မအိအိမွေး၊ မမျိုးသန္တာထွန်း၊ မအိဖြိုးခိုင်နှင့်အတူ စက်လှေမောင်းသူ ဦးမောင်ဦး၏သမီး မနွယ်နွယ်ဝင်းတို့ ပျောက်ဆုံးနေသဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သောင်းလင်းဦးစီး တပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများက ဆက်လက်ရှာဖွေရာ ယနေ့ နံနက် ၁၀ နာရီခွဲက ပြန်လည်တွေ့ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**အရေးယူထား**

အဆိုပါဖြစ်စဉ်ကြောင့် စက်လှေမောင်းသူ ဦးမောင်ဦးအား လုံးတုံနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း မိုးညှင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မင်းမင်းဦး**



ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းအောင်နှင့် အမှတ်-၁ မြို့မရဲစခန်းမှူး ဒုရဲမှူး မြင့်အောင် ပါဝင်သည့် ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၁ ရက်က အလျှင်လိုကျေးရွာ၌ မှုခင်းပြခန်းယာဉ်ပြသ၍ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ် စိုင်းနေမျိုး၊ မူးယစ်တပ်ဖွဲ့စုမှ ဒုရဲအုပ် အောင်ဖြိုးဝေ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် အိအိလှိုင်တို့က မှုခင်းအသိပညာပေးဟောပြောရာ ဒေသခံပြည်သူများ လာရောက်လေ့လာကြစဉ်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

# မရမ်းချောင်စစ်ဆေးရေးစခန်းသို့ဖြတ်သန်းသည့် လိုင်စင်မဲ့ယာဉ်နှစ်စီး ဖမ်းဆီးရမိ


**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၃၈ စီး ၊ သွင်းကုန် ၈၂၉ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး ၊ သွင်းကုန် ၁၇၆စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၇၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၁ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၂၈၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းသို့ ဖြတ်သန်းမည့် Toyota Landcruiser ယာဉ်တစ်စီးနှင့် Toyota Hilux ယာဉ်တစ်စီးတို့အား ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ လိုင်စင်မဲ့ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# မုဒိမ်းမှုကျူးလွန်သူအား ထောင်ဒဏ် နှစ် ၂၀ ချမှတ်

**တပ်ကုန်း ဖေဖော်ဝါရီ ၂၆**

နေပြည်တော် တပ်ကုန်းမြို့နယ် တောင်ရိုးအနောက်ဘက် ဖက်သန်းတောင်ကျေးရွာအနီး ယာတဲနေအိမ်တွင် ၂၀၁၇ ခုနှစ် ဇွန် ၁၄ ရက်က ပထွေးဖြစ်သူ ဆန်းထူးက မယားပါသမီး မ----(၈)နှစ်အား သားမယားအဖြစ် ပြုကျင့်ခဲ့သဖြင့် မိခင်ဖြစ်သူ မတင်ဇာဦးက အမှုဖွင့်တိုင်တန်းခဲ့သည်။

ယင်းအမှုကို နေပြည်တော် ဒက္ခိဏခရိုင်တရားရုံးမှ ကြားနာစစ်ဆေးခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်က တရားခံ ဆန်းထူးအား ရာဇသတ်ကြီးပုဒ်မ ၃၇၆(သက်ငယ်မုဒိမ်း)မှုဖြင့် အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ ချမှတ်လိုက်ကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**



ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် အေးသာယာမြို့တွင် ပါရာဒီဆို အဆင့်မြင့်ရုပ်ရှင်ရုံသစ် (Paradiso Cinema) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်နှင့် Paradiso Cinema Company Limited CEO ဦးတင်မောင်ဝင်းတို့က ရုပ်ရှင်ရုံသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

စိုင်းသန်းကျော်(တောင်ကြီး)

# အမေရိကန်၏ အရေးယူပိတ်ဆို့မှုအသစ်များကို ကိုယ့်နည်းကိုယ့်ဟန်နှင့် တုံ့ပြန်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားပြော

**ပြုံယမ်း ဖေဖော်ဝါရီ ၂၆**

မြောက်ကိုရီးယားနိုင်ငံကို ရေကြောင်းပိတ်ဆို့မှုနှင့် အခြားအရေးယူမှုအသစ်များ ချမှတ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၂၃ ရက်တွင် ခြိမ်းခြောက်ပြောဆိုခဲ့ခြင်းအပေါ် အမေရိကန်နိုင်ငံကို ကိုယ်ပိုင်နည်းလမ်းဖြင့် တုံ့ပြန်မှုပြန်လည်ပြုလုပ်သွားမည်ဟု မြောက်ကိုရီးယားနိုင်ငံက ယမန်နေ့တွင် သတိပေးပြောကြားလိုက်သည်။

ပြုံချမ်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းမှာ တောင်ကိုရီးယားနိုင်ငံ၏ ပူးပေါင်းပါဝင်မှုနှင့် မြောက်ကိုရီးယားနိုင်ငံ၏ ကြိုးပမ်းမှုကြောင့်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောခဲ့သည်။ ပြုံချမ်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ ပိတ်ပွဲပြုလုပ်နေပြီဖြစ်သော်လည်း အမေရိကန်သည် မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုအမျိုးမျိုးကို ထုတ်ဖော် ကြေညာနေကြောင်း၊ ထိုသို့လုပ်ခြင်းဖြင့် ကိုရီးယားကျွန်းဆွယ်စစ်ဖြစ်အောင် ထိပ်တိုက်ရင်ဆိုင်မှုဖြစ်အောင် လုပ်ဆောင်နေကြောင်း မြောက်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် အလွန်ကြီးမားသော ပိတ်ဆို့အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း လွန်ခဲ့သောရက်အနည်းငယ်က ပြောခဲ့သည်။

ပိတ်ဆို့မှုအသစ်သည် မြောက်ကိုရီးယားနိုင်ငံအပေါ် ပြုလုပ်ခဲ့သော ပိတ်ဆို့မှုများအနက် အကြီးမားဆုံးဖြစ်ပြီး ကုန်တင်သင်္ဘောများ၊ သင်္ဘောကုမ္ပဏီများနှင့် စီးပွားရေးကုန်သွယ်မှုများ စသည်တို့ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**




# ၂၀၃၀ တွင် တရုတ်နိုင်ငံ၏ နျူကလီးယားစွမ်းအင်ကဏ္ဍဖွံ့ဖြိုးမှု အမေရိကန်ကို ကျော်လွန်နိုင်

**လန်ဒန် ဖေဖော်ဝါရီ ၂၆**

တရုတ်နိုင်ငံ၏ နျူကလီးယားစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ အနာဂတ်တွင် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံကို ကျော်လွန်ကာ ကမ္ဘာ့နျူကလီးယားစွမ်းအင် အများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်လာတော့မည်ဖြစ်ကြောင်း လန်ဒန်မြို့၌ ပြုလုပ်ခဲ့သော အစည်းအဝေးတစ်ခုတွင် နိုင်ငံတကာစွမ်းအင်ရေးရာဌာန ညွှန်ကြားရေးမှူး ဖာသိဟ်ဘီရိုးလ်က ပြောခဲ့သည်။

နေရောင်ခြည်စွမ်းအင်ကဏ္ဍများတွင်လည်း တရုတ်နိုင်ငံအနေဖြင့် အဆင့်မြင့်နည်းပညာများကို ပိုင်ဆိုင်ထားပြီး ထုတ်လုပ်ရေးဆိုင်ရာ အရင်းအနှီးများကိုလည်း လျှော့ကျအောင်ဆောင်ရွက်နိုင်သောကြောင့် အခြားနိုင်ငံများထက် စွမ်းဆောင်မှု ပိုမိုကောင်းမွန်သည့် နည်းပညာများကို မျှဝေရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။




လက်ရှိအချိန်တွင် ကမ္ဘာပေါ်ရှိ နျူကလီးယားစွမ်းအင်စုစုပေါင်း သုံးပုံတစ်ပုံသည် တရုတ်နိုင်ငံ၌ တည်ဆောက်ထားခြင်းဖြစ်ပြီး လာမည့် ၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း နိုင်ငံတကာစွမ်းအင်ရေးရာဌာန ညွှန်ကြားရေးမှူးက ခန့်မှန်းခဲ့သည်။

တရုတ်နိုင်ငံ၏ တီထွင်ဆန်းသစ်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ တံခါးဖွင့်ဝါဒဆောင်ရွက်မှုနှင့် အတူတကွမျှဝေဆောင်ရွက်မှုတို့ကို အစဉ်အမြဲ ဦးစားပေးသည့် အတွေးအမြင်သစ်သည် သန့်စင်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍကို ကြီးထွားတိုးတက်လာစေခဲ့ပြီး ကာဗွန်လျှော့ချရေးနှင့် လုံခြုံပြီး စွမ်းရည်မြင့်မားသည့် စွမ်းအင်ထုတ်လုပ်ရေးစနစ်ကို တည်ထောင်နိုင်ခဲ့ကြောင်း နိုင်ငံတကာ စွမ်းအင်ရေးရာဌာန ညွှန်ကြားရေးမှူး ဖာသိဟ်ဘီရိုးလ်က ပြောခဲ့သည်။ **ဆင်ဟွာ**



# သမ္မတရွေးပွဲ၌ သမ္မတစီစီ အလွယ်တကူအနိုင်ရရှိမှုဖြင့်စတင်

**ကိုင်ရို ဖေဖော်ဝါရီ ၂၆**

၂၀၁၈ခုနှစ်အတွက် အီဂျစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲ ဒုတိယနေ့ကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပခဲ့ပြီး လက်ရှိသမ္မတ အဗ္ဗဒယ်လ် ဖာတက်အယ်လ်စီစီသည် မတ်လနှောင်းပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ အလွယ်တကူအောင်မြင်မှုရရှိလိမ့်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

လာမည့်မတ်လ ၂၆ရက်မှ ၂၈ရက်အထိ ကျင်းပမည့် ကိုယ်စားလှယ်နှစ်ဦးရွေးချယ်ပွဲအတွက် မဲဆွယ်စည်းရုံးယှဉ်ပြိုင်မှုများကို စနေနေ့တွင်စတင်ခဲ့သည်။ ဆန္ဒမဲရလဒ်များကို ဧပြီ ၂ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း အမျိုးသားရွေးကောက်ပွဲအာဏာပိုင်အဖွဲ့၏ ပြောကြားချက်အရ သိရသည်။

မဲဆွယ်စည်းရုံးယှဉ်ပြိုင်မှုစတင်ချိန်ကတည်းက အီဂျစ်နိုင်ငံကိုင်ရိုမြို့ရှိ မိန်းလမ်းများနှင့် ရင်ပြင်များတွင် သမ္မတစီစီအား ပြန်လည်ရွေးချယ်တင်မြှောက်ရေးကို ထောက်ခံသည့် အမှတ်အသားများ၊ ဆောင်ပုဒ်များ၊ လက်ကမ်းစာစောင်များ၊ ပိုစတာများဖြင့် ပြည့်နှက်နေခဲ့သည်။ ယှဉ်ပြိုင်မှုအတွင်း၌ သမ္မတစီစီ၏တစ်ဦးတည်းသော ယှဉ်ပြိုင်ဘက်သည် လူသိနည်းသည့် နိုင်ငံရေးသမားတစ်ဦးဖြစ်သူ မိုဆာမွတ်စတာဖာဖြစ်ပြီး လစ်ဘရယ် ဂက်ဒ်ပါတီ၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ **ဆင်ဟွာ**

# အပစ်အခတ်ရပ်စဲရေးကို အတည်ပြုပြီးနောက် ဆီးရီးယားအင်အားစုများက လေကြောင်းတိုက်ခိုက်မှုများစတင်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၆**

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်၏ အင်အားစုများသည် ဒမတ်စကတ်မြို့အစွန်အဖျားရှိ အရှေ့ဂူတာကို တိုက်ခိုက်မှုများ ထပ်မံလုပ်ဆောင်လာခဲ့ကြောင်း သိရသည်။ အစိုးရအင်အားစုများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုထားသည့် ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်ပြီးနောက်တစ်ရက်တွင် လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများကို ပြန်လည်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

စနေနေ့တွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်များသည် သူပုန်များထိန်းချုပ်ထားရာ အရှေ့ဂူတာ၌ ရက် ၃၀ ကြာအပစ်အခတ်ရပ်စဲရေးတောင်းဆိုထားသည့် ဆုံးဖြတ်ချက်ကို တစ်ခဲနက်အတည်ပြုခဲ့သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်က တိုက်ပွဲများကြောင့် အပြစ်မဲ့ကလေးငယ်များအပါအဝင် အရပ်သား ၅၀၀ ကျော် သေဆုံးခဲ့ရသည်။

ဆီးရီးယားနိုင်ငံပိုင် သတင်းအေဂျင်စီက အကြမ်းဖက်အုပ်စုများသည် အရှေ့ဂူတာဆီမှ လက်နက်ကြီးပစ်ခတ်မှုများလုပ်ဆောင်ခဲ့ကြောင်း ဖော်ပြထားသည်။ ဆုံးဖြတ်ချက်တွင် အိုင်အက်စ်အစွန်းရောက်အုပ်စုနှင့် အယ်လ်ခိုင်ဒါစစ်သွေးကြွအုပ်စုနှင့်ဆက်နွယ်နေသည့် တိုက်ခိုက်ရေးအုပ်စုများမှ အဖွဲ့ဝင်များလည်း အပစ်အခတ်ရပ်စဲရန် ပါဝင်သည်။ အဆိုပါတိုက်ခိုက်ရေးအုပ်စုများကို တပ်မတော်က ထိုးစစ်ဆင်တိုက်ခိုက်မှုများသည် လက်ခံနိုင်ဖွယ်ဆောင်ရွက်မှုဖြစ်ကြောင်း သတင်းဖော်ပြမှုများရှိခဲ့သည်။ တနင်္ဂနွေနေ့က ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်လ်မက်ခရွန်တို့သည် အာဆတ် အစိုးရအဖွဲ့ကို ကျောထောက်နောက်ခံပေးထားသည့် ရုရှား သမ္မတ ဗလာဒီမာပူတင်နှင့် ဖုန်းဖြင့်ဆက်သွယ်ပြောဆိုခဲ့ကြသည်။ ၎င်းတို့သည် တိုက်ခိုက်မှုများကို ချက်ချင်းရပ်ဆိုင်းရန်နှင့် အာဆတ်အစိုးရအဖွဲ့အပေါ်တွင် အပြင်းထန်ဆုံးဖိအားပေးသွားရန် တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။

ဗြိတိန်၌ အခြေစိုက်ထားသည့် ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က တနင်္ဂနွေနေ့ လေကြောင်း တိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် အရပ်သားရှစ်ဦး သေဆုံးသွားကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# နိုင်ငံရဲ့ဘေးဒုက္ခသဖွယ်ဖြစ်လာတဲ့ ကျောင်းသူလေးများ ပြန်ပေးဆွဲခံရမှု

ချူးစန္ဒီဇွေး



ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်းနိုင်ငံတိုင်းဟာ သူ့ပြဿနာနဲ့ သူချည်းပါပဲ။ ပြဿနာကြီးတာနဲ့ သေးတာပဲကွာခြားကြပါတယ်။ ဒါပေမယ့် နိုင်ဂျီးရီးယားနိုင်ငံရဲ့ ပြဿနာက တခြားတိုင်းပြည်တွေမှာ ဖြစ်ပွားတဲ့ ပြဿနာနဲ့မတူပါဘူး။ တစ်မူထူးခြားပါတယ်။ နိုင်ဂျီးရီးယားနိုင်ငံမှာ ဘိုကိုဟာရမ် စစ်သွေးကြွတွေက ထကြွသောင်းကျန်းလွန်း၍ အစိုးရကလည်း ဒါကိုထိန်းချုပ်ဖို့ရာ မတတ်နိုင်ပါဘူး။ ဘိုကိုဟာရမ်စစ်သွေးကြွတွေဟာအမျိုးသမီးတွေစာသင်ခွင့်ရတာကို မျက်စိစပါးမွေးစူးပါတယ်။ ဒီကျောင်းသူလေးတွေကို ပစ်မှတ်ထားပြီး ပြန်ပေးဆွဲပါတယ်။ အစိုးရကလည်း အားနည်းတော့ ဘာမှမတတ်နိုင်ပါဘူး။ ဒီလိုနဲ့ နိုင်ဂျီးရီးယားသမ္မတဟာ ဘိုကိုဟာရမ်စစ်သွေးကြွတွေရဲ့ လုပ်ရပ်ကို နိုင်ငံရဲ့ဘေးဒုက္ခတစ်ခုအဖြစ် သတ်မှတ်လိုက်ပါတယ်။

### ကျောင်းသူလေးများ ပြန်ပေးဆွဲခံရ

လွန်ခဲ့တဲ့ တနင်္လာနေ့ကပဲ ဒတ်ပချီမြို့က ကျောင်းသူလေးတွေကို ဘိုကိုဟာရမ် စစ်သွေးကြွတွေက ပြန်ပေးဆွဲသွားခဲ့ပြန်ပါတယ်။ မိန်းကလေးဘယ်နှယောက်ပျောက်နေသလဲဆိုတာကိုတော့ အတိအကျမသိရသေးပါဘူး။ ကျောင်းသူလေးတွေရဲ့ မိဘတွေဆီကကြားသိရတာကတော့ ကျောင်းသူအယောက်တစ်ရာခန့် ပျောက်နေတယ်လို့ သိရပါတယ်။ တာဝန်ရှိသူတွေ ပြောကြတာကတော့ ရှာဖွေရေးပြုလုပ်ဖို့အတွက် အနီးကပ်စောင့်ကြည့်ရေးလေယာဉ်နဲ့ တပ်ဖွဲ့ဝင်တွေ စေလွှတ်ထားတယ်လို့ ပြောပါတယ်။ မိဘတွေရဲ့ ဒေါသကတော့ အစိုးရဆီမှာပဲ စုပြုံကျရောက်လို့နေပါတယ်။ အစိုးရရဲ့ ကိုင်တွယ်ဖြေရှင်းမှုကိုသူတို့ လုံးဝမကြိုက်ပါဘူး။ နိုင်ဂျီးရီးယားမှာ ကျောင်းသူတွေ ပြန်ပေးဆွဲခံရတာ အခုတစ်ကြိမ်က ပထမဦးဆုံးမဟုတ်ဘူး။ လွန်ခဲ့တဲ့ လေးနှစ်ကလည်း ချီဘွတ်ကျောင်းသူလေးတွေဟာ ဘိုကိုဟာရမ်စစ်သွေးကြွတွေရဲ့ ပြန်ပေးဆွဲခြင်းကို ခံခဲ့ရပါတယ်။ ဒါကြောင့် ယခုဖြစ်ရပ်ဟာ အတိတ်ကဖြစ်ရပ်တွေကို ပြန်ပြီးသတိရစေပါတယ်။ အခုပြန်ပေးဆွဲမှုဖြစ်ပွားခဲ့တဲ့ ဒတ်ပချီမြို့ဟာ အရင်အမှုဖြစ်ပွားခဲ့တဲ့ ချီဘွတ်နဲ့ မိုင် ၁၇၀ ကွာဝေးပါတယ်။ တနင်္လာနေ့က ဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုမှာတော့ ဆရာတွေနဲ့ ကျောင်းသူတွေဟာနီးစပ်ရာ ချုံပုတ်တွေထဲကို ဝင်ရောက်ပုန်းအောင်း နေခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ အစိုးရထောက်ပံ့ပေးထားတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ရောက်ရှိလာပြီး စစ်သွေးကြွတွေကိုတိုက်ထုတ်ခဲ့ပါတယ်။

### ပြန်လည်လွတ်မြောက်လာရေးတောင်းဆို

ကျောင်းသူလေးတွေ ဖမ်းဆီးခံရတယ်ဆိုတာကို အစိုးရက အစပိုင်းမှာတော့ ဝန်မခံခဲ့ပါဘူး။ အကြမ်းဖက်တိုက်ခိုက်သူတွေကို ပုန်းအောင်းနေခြင်းသာ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ နိုင်ဂျီးယားသမ္မတဟာ အဲဒီတိုက်ခိုက်မှုမှာ သူတို့ဘက်က ချို့ယွင်းမှုအတွက် တောင်းပန်ခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုမှာ အချို့သောမိန်းကလေးတွေကိုလည်း အကြမ်းဖက်သမားတွေ လက်ထဲကနေ ကယ်ဆယ်နိုင်ခဲ့တယ်လို့ သတင်းထုတ်ပြန်ခဲ့ပါတယ်။ နိုင်ဂျီးရီးယားရဲ့ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတွေကတော့ ဒီကျောင်းသူလေးတွေ ပြန်လည်လွတ်မြောက်လာဖို့ တောင်းဆိုခဲ့ပါတယ်။ ပြီးတော့ အဖမ်းခံလိုက်ရတဲ့ ကျောင်းသူစာရင်းကိုလည်း နာမည်နဲ့တကွ အတိအကျထုတ်ပြန်ပေးဖို့ အစိုးရကို တောင်းဆိုခဲ့ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်ကျော်က ချီဘွတ်မြို့က မိန်းကလေးတွေ အဖမ်းခံရပြီးနောက် ဒီတက်ကြွလှုပ်ရှားမှုအဖွဲ့ကို ဖွဲ့စည်းခဲ့တာဖြစ်ပြီးအဲဒီတုန်းကလည်း မိန်းကလေး ၂၇၆ ဦးအဖမ်းခံရပြီး အဲဒီထဲက ၁၀၀ ကျော်ဟာ ဒီနေ့ထက်ထိတိုင်အောင် ဘယ်ရောက်နေသလဲဆိုတာ ရှာလို့မတွေ့သေးပါဘူး။

### ဘေးဒုက္ခတစ်ခုဖြစ်

နိုင်ဂျီးရီးယားနိုင်ငံအတွက်တော့ တကယ့်ဘေးဒုက္ခတစ်ခုပါပဲ။ အရင်အမှုတောင်မဖြေရှင်းနိုင်သေးဘူး နောက်တစ်မှုက တိုးပြန်ပြီ။ အခုပြန်ပေးဆွဲမှုဖြစ်သွားတဲ့ ဒတ်ပချီမြို့က ဒေသခံတွေကတော့ သူတို့မြို့မှာ အရင်ကတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ချထားတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့လကပဲ ပြန်လည်ရုပ်သိမ်းသွားတယ်လို့ အေအက်ဖ်ပီကို ပြောပါတယ်။ နိုင်ဂျီးရီးယား ကာကွယ်ရေးတပ်ကတော့ သူတို့ဟာ တပ်ဖွဲ့ဝင်တွေကိုရုပ်သိမ်းတာမျိုးမလုပ်ခဲ့ဘူးဆိုပြီး အဲဒီသတင်းကို ငြင်းဆိုလိုက်ပါတယ်။ ဘိုကိုဟာရမ်တွေ အဓိကကြီးစိုးနေတာကတော့ နိုင်ငံရဲ့ မြောက်ပိုင်းမှာဖြစ်ပြီး အဲဒီဒေသမှာ အစ္စလာမ္မစ်နိုင်ငံထူထောင်ဖို့ ကြိုးစားနေတာလဲဖြစ်တယ်။ ၂၀၀၉ ခုနှစ်ကတည်းက နိုင်ငံကို ပုန်ကန်နေခဲ့တာဖြစ်ပြီး အခုချိန်ထိလည်းအစိုးရက နှိမ်နင်းနိုင်ခြင်းမရှိသေးပါဘူး။ နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းဒေသမှာ ခြေကုတ်ယူပြီး ထကြွသောင်းကျန်းနေတာလည်း ဖြစ်တယ်။ အစိုးရနဲ့ သူပုန်တွေကြားတိုက်ပွဲတွေကြောင့် လူပေါင်းနှစ်သောင်းကျော်သေကျေပျက်စီးခဲ့ရပြီး လူပေါင်းနှစ်သန်းနီးပါးကတော့ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပါတယ်။

### အကြမ်းဖက်လုပ်ရပ်တွေ တိုးပြီးလုပ်ဆောင်လာ

၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်တွေမှာ ဘိုကိုဟာရမ်အုပ်စုဟာ အကြမ်းဖက်လုပ်ရပ်တွေကို ပိုမိုလုပ်ဆောင်လာတာကို တွေ့ရပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ အကြမ်းဖက်တိုက်ခိုက်မှုပေါင်း ၁၅၀ ခန့်ကိုလုပ်ဆောင်ခဲ့တာကို တွေ့ရပါတယ်။ နှစ်တစ်နှစ်ရဲ့အဦးဆုံးလဖြစ်တဲ့ ဇန်နဝါရီလတွေမှာဆိုရင် တိုက်ခိုက်မှုတွေပိုမိုလုပ်ဆောင်လေ့ရှိပါတယ်။ ထူးခြားတာတစ်ခုကတော့ ဒီအဖွဲ့ဟာ အကြမ်းဖက်လုပ်ရပ်တွေကို တိုးမြှင့်လုပ်ဆောင်ခဲ့ပေမယ့်နေရာကတော့ ပြောင်းလဲသွားခြင်းမရှိပါဘူး။ သူ့တို့ ခြေကုတ်ရယူထားတဲ့နေရာမှာပဲ အကြမ်းဖက်မှုတွေကို လုပ်ဆောင်လေ့ရှိပါတယ်။

### ကတိမတည်နိုင်သေး

နိုင်ဂျီရီးယား သမ္မတမိုဟာမက်ဒူဘူဟာရီကတော့ ၂၀၁၅ ခုနှစ်ကမှ ရွေးကောက်ပွဲမှာအနိုင်ရရှိပြီး သမ္မတဖြစ်လာတဲ့သူပါ။ ရွေးကောက်ပွဲကာလအတွင်းသူပေးခဲ့တဲ့ကတိကတော့ ဒီသူပုန်တွေကိုအမြစ်ပြတ် နှိမ်နင်းပစ်မယ်ဆိုတာပါပဲ။ အခုချိန်ထိတော့ သူ့ရဲ့ကတိမတည်နိုင်သေးပါဘူး။ အခုဖြစ်ပွားခဲ့တဲ့ ကျောင်းသူလေးတွေ ပြန်ပေးဆွဲခံရမှုမှာလည်း သမ္မတဟာ ဒီအတိုင်းတော့ငြိမ်မနေပါဘူး။သူ့ရဲ့ကာကွယ်ရေးဝန်ကြီးကို အဲဒီနေရာကိုစေလွှတ်ခဲ့ပြီး ရှာဖွေမှုတွေပြုလုပ်စေခဲ့ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်ကပြန်ပေးဆွဲခံရတဲ့ ချီဘွတ်မိန်းကလေးတွေထဲကအချို့ပါဝင်တဲ့ ဗီဒီယိုဖိုင်ကိုလွန်ခဲ့တဲ့လအတွင်းကပဲ ဘိုကိုဟာရမ်အုပ်စုက ပြသခဲ့ပါတယ်။ အဲဒီမိန်းကလေးငယ်ထဲကအချို့ဟာဆိုရင် ကလေးတွေကို ပွေ့ချီထားတာကိုလည်း မြင်တွေ့ရပါတယ်။ အဲဒီဗီဒီယိုကတော့ ၂၁ မိနစ်စာရှိပါတယ်။ မိဘတွေကတော့ ဒီလိုမျိုးအလားတူ ဖြစ်ရပ်မျိုးဖြစ်မှာကို သိပ်ကိုစိုးရိမ်နေကြပါတယ်။

### အိုင်အက်စ်တွေနဲ့ အဆက်အသွယ်ရှိလေသလား

အိုင်အက်စ် စစ်သွေးကြွတွေနဲ့ ဘိုကိုဟာရမ်အုပ်စုတို့ကြား အဆက်အသွယ်ရှိမရှိဆိုတာကတော့ သိပ်ပြီးတော့ မရှင်းလင်းပါဘူး။ ၂၀၁၇ ခုနှစ်အတွင်း ဘိုကိုဟာရမ်အကြမ်းဖက် လုပ်ရပ်တွေဟာ အိုင်အက်စ်အဖွဲ့နဲ့ ဆက်စပ်မှုရှိတာကတော့နည်းပါးတာကို တွေ့ရပါတယ်။ အမှုပေါင်း ၁၅၁ မှုမှာ ၁၃ မှုလောက်ပဲ ဆက်စပ်မှုရှိတာကို တွေ့ရပါတယ်။ ဒါကလည်းအိုင်အက်စ်တွေ အရှေ့အလယ်ပိုင်းမှာ အင်အားလျော့နည်းလာတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

### အမေရိကန်က လက်နက်ရောင်းမယ်

နိုင်ဂျီးရီးယားအစိုးရအနေနဲ့ကတော့ ဒီဘိုကိုဟာရမ်အုပ်စုကို မတိုက်ထုတ်နိုင်တာနဲ့ ပတ်သက်ပြီးအတော်လေးကို ဝေဖန်ခံနေရပါတယ်။ အစိုးရကလည်း သူ့ရဲ့တပ်ဖွဲ့ဝင်တွေကို လက်နက်လုံလုံလောက်လောက်တပ်ဆင်ပေးနိုင်ခြင်းမရှိပါဘူး။ ဒါပေမယ့်လည်း ၂၀၁၈ ခုနှစ်မှာတော့ တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်ပါတယ်။ ဘာလို့လဲဆိုရင် အမေရိကန်က နိုင်ဂျီးရီးယားကိုလက်နက်ရောင်းဖို့ သဘောတူထားပြီးပါပြီ။ လက်နက်အင်အား ပြည့်စုံလာတဲ့အခါကျရင်တော့ အစိုးရတပ်တွေအနေနဲ့ ဒီစစ်သွေးကြွတွေကို နှိမ်နင်းနိုင်ဖို့ဆိုတာ အလားအလာကောင်းလာနိုင်ပါတယ်။ လက်ရှိမှာတော့ပြန်ပေးဆွဲခံထားရတဲ့ မိန်းကလေးတွေ လွတ်မြောက်လာဖို့အရင်ကြိုးပမ်းရပါဦးမယ်။ နိုင်ငံရဲ့ဘေးဒုက္ခတစ်ခုသဖွယ်ဖြစ်နေတဲ့ ကျောင်းသူလေးတွေခဏခဏ ပြန်ပေးဆွဲခံနေရတာကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့၊ ကြိုတင်ကာကွယ်နိုင်ဖို့ အစိုးရအနေနဲ့ တစ်ခုခုလုပ်မှ ဖြစ်တော့မှာပါ။ ကျောင်းတွေကို လုံခြုံရေးပြည့်ပြည့်ဝဝချထားမှာလား၊ အကြမ်းဖက်သမားတွေရဲ့သတင်းကိုပဲ ဦးစွာရအောင်ကြံဆောင်မှာလားဆိုတာကတော့ အစိုးရကဆုံးဖြတ်ရမယ့်အရာပဲဖြစ်တယ်။ ပြည်သူတွေက တောင်းဆိုနေသလို လွန်ခဲ့တဲ့လေးနှစ်ကဖမ်းဆီးခံထားရတဲ့ ကျောင်းသူတွေ ပြန်လည်လွတ်မြောက်လာဖို့ရောအစိုးရက မကြိုးစားတော့ဘူးလား။ မျှော်လင့်ချက်ထားဖို့ဆိုတာ အတော့်ကို မဖြစ်နိုင်တော့ပေမယ့်မိဘတွေကတော့သူတို့ရဲ့သမီးတွေကို မျှော်နေမှာကတော့ အမှန်ပါပဲ။

**ကိုကား-ဘီဘီစီ**

> **"အမေရိကန်က နိုင်ဂျီးရီးယားကို လက်နက်ရောင်းဖို့ သဘောတူထားပြီးပါပြီ၊ လက်နက်အင်အားပြည့်စုံလာတဲ့ အခါကျရင်တော့ အစိုးရတပ်တွေအနေနဲ့ ဒီစစ်သွေးကြွတွေကို နှိမ်နင်းနိုင်ဖို့ဆိုတာ အလားအလာကောင်းလာနိုင်ပါတယ်၊ လက်ရှိမှာတော့ ပြန်ပေးဆွဲခံထားရတဲ့ မိန်းကလေးတွေ လွတ်မြောက်လာဖို့အရင် ကြိုးပမ်းရပါဦးမယ်"**

---

## နိုင်ငံတကာ သတင်းတိုထွာ

### ကျောင်းတစ်ကျောင်းကို ဘိုကိုဟာရမ်တို့ တိုက်ခိုက် ကျောင်းသူ ၁၀၀ ကျော်ပျောက်ဆုံး

**နိုင်ဂျာ ဖေဖော်ဝါရီ ၂၆**

နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းရှိ ကျောင်းတစ်ကျောင်းကို ဘိုကိုဟာရမ် အစ္စလာမ္မစ် စစ်သွေးကြွအုပ်စုက တိုက်ခိုက်ခဲ့ပြီးနောက်တွင် မိန်းကလေးငယ် ၁၀၀ ကျော်ပျောက်ဆုံးလျက်ရှိသည့်အတွက် ရှာဖွေရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့သည် ပြီးခဲ့သည့်တနင်္လာနေ့က မိန်းကလေးကျောင်းတစ်ကျောင်းကို ကျူးကျော်ဝင်ရောက်ခဲ့သည်။ ကျောင်းရှိမိန်းကလေး အရေအတွက် ၉၂၆ ယောက်အနက် အများစုမှာ အနီးအနားရှိသစ်တောဧရိယာများဆီသို့ ထွက်ပြေးသွားခဲ့ကြသည်။

မိန်းကလေးငယ်များ မည်သည့်နေရာတွင် ရှိနေသည်နှင့် ပတ်သက်၍ ဒေသဆိုင်ရာအာဏာပိုင်များအနေဖြင့် သတင်းအချက်လက်များ အတိအကျဖော်ပြနိုင်ခြင်းမရှိသေးပေ။ ကျောင်းနေမိန်းကလေးငယ်အချို့၏ မိဘများက ကျောင်းသူ ၁၀၅ ဦးကို ပြန်လည်တွေ့ရှိခြင်း မရှိသေး ကြောင်း ပြောကြားခဲ့သည်။

ဘိုကိုဟာရမ် စစ်သွေးကြွအုပ်စုသည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က ကျောင်းတစ်ကျောင်းမှ မိန်းကလေးငယ် ၂၀၀ ကျော်ကို ပြန်ပေးဆွဲသွားခဲ့သည်။ ၎င်းတို့အနက် မိန်းကလေးအယောက် ၁၀၀ ခန့်မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဆိုမာလီယာ၌ ဗုံးခွဲတိုက်ခိုက်မှုနှစ်ခုဖြစ်ပွား သေဆုံးသူအရေအတွက်မြင့်တက်

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၆**

ဆိုမာလီယာ၌ ဗုံးခွဲတိုက်ခိုက်မှုနှစ်ခု ဖြစ်ပွားခဲ့ပြီးနောက်တွင် လူ ၄၅ ဦးအထိ သေဆုံးမှုမြင့်တက်လာခဲ့ကြောင်း သိရသည်။ ပေါက်ကွဲမှုသည် သောကြာနေ့ညအချိန်တွင် သမ္မတနန်းတော် အနီးလုံခြုံရေးစစ်ဆေးရေးဂိတ်တစ်ခု၌ဖြစ်ပွားခဲ့ပြီးနောက်ထပ်တစ်ခုမှာ မိုဂါဒစ်ရှူးမြို့တော်အတွင်းရှိ ဟိုတယ်တစ်ခု၏ ကားပါကင်၌ဖြစ်ပွားခဲ့သည်။

ပေါက်ကွဲမှုနှစ်ခုလုံးသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် လူ ၄၅ ဦးတို့မှာ ပေါက်ကွဲမှုအတွင်း သေဆုံးသွားခဲ့ရကြောင်း ဒေသအုပ်ချုပ်ရေးအဖွဲ့ အာဏာပိုင်များက ပြောကြားခဲ့သည်။

သတင်းဓာတ်ပုံများအရ အခင်းဖြစ်ပွားသည့်နေရာတွင် ကားပါကင်၌ ရပ်ထားသည့် ကားတစ်စီးမှာ မီးလောင်ကျွမ်းထားပြီး ကွန်ကရစ်နံရံများအပြင်းအထန်ထိခိုက်ပျက်စီးနေသည်ကိုတွေ့ရသည်။ ဗုံးဖောက်ခွဲမှုကို အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုဖြစ်သည့် အယ်လ်ရှာဘတ်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းတိုက်ခိုက်မှုအတွင်း ၎င်းတို့အဖွဲ့မှ တိုက်ခိုက်ရေးသမားငါးဦးက လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

# ကိုကြီးကျော်ပွဲတော်တွင် နွားလှည်းအငှားလိုက်သူများ ဝင်ငွေနည်းပါးလာ

**ရေစကြို ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံတွင် ဒုတိယမြောက်အစည်ကားဆုံး နတ်ပွဲတစ်ခုဖြစ်သော ကိုကြီးကျော်နတ်ပွဲကို ပခုက္ကူခရိုင် ရေစကြိုမြို့နယ် နန်းဦးကျေးရွာအုပ်စု ကူနီကျေးရွာနှင့် ထန်းတောကျေးရွာတို့တွင် ကျင်းပလျက်ရှိရာ အဆိုပါပွဲတော်လာသူများမှာ ယခင်က နွားလှည်းများကို ငှားရမ်းစီးနင်းကြသော်လည်း ယခုနှစ်တွင် နွားလှည်းစီးသူ နည်းပါးလာလျက်ရှိနေသည်ဟု သိရသည်။



ကိုကြီးကျော်ပွဲ(ခေါ်) ရွှေကူနီပွဲသို့ ရောက်ရှိရန် ရေစကြိုမြို့ပခန်းငယ်ကျေးရွာမှ ချင်းတွင်းမြစ်တစ်ဖက်ကမ်းရှိ ထန်းတောကျေးရွာသို့ ကူးတို့ဖြင့်ကူးဖြတ်ရပြီး ထန်းတောဆိပ်ကမ်းမှတစ်ဆင့် ပွဲခင်းသို့ရောက်ရှိရန် နှစ်ဖာလုံခန့် ကွာဝေးသည်။ နတ်ပွဲလာသူများသည် ထန်းတောဆိပ်ကမ်းမှ ပွဲခင်းရှိရာနေရာသို့ ယခင်က နွားလှည်းများဖြင့်သွားကြလေ့ရှိရာ ယခုနှစ်များအတွင်း အဆိုပါနွားလှည်းများကို ငှားရမ်းစီးနင်းသူ နည်းပါးလာသဖြင့် ဒေသခံ နွားလှည်းအငှားလိုက်သူများမှာလည်း ဝင်ငွေနည်းပါးသွားကြောင်း သိရသည်။

"အရင်ကတော့ ထန်းတောဆိပ်ကမ်းကနေ ပွဲခင်းရောက်ဖို့ရာ နွားလှည်းစီးပြီးတော့ သွားကြတာ၊ အခုနောက်ပိုင်း ထော်လာဂျီတွေလည်းပေါ်လာပြီး ဈေးသက်သာတော့ ထော်လာဂျီလည်း ငှားစီးလာကြတယ်၊ ပြီးတော့ အရင်က ဆိပ်ကမ်းနဲ့ ပွဲတော်နေရာက တစ်မိုင်လောက်ဝေးတယ်၊ အခုနှစ်တွေမှာ မြစ်ကမ်းပါးကပြိုတာများလာတော့ ဆိပ်ကမ်းနဲ့ ပွဲခင်းကလည်း တော်တော်နီးသွားတယ်၊ နှစ်ဖာလုံလောက်ပဲ ဝေးတော့တယ်ဆိုတော့ ခြေကျင်သွားတဲ့သူတွေလည်း များလာကြလို့ ကျွန်တော်တို့ နွားလှည်းကို သိပ်မစီးကြတော့ဘူး"ဟု ဒေသခံ နွားလှည်းအငှားလိုက်သူတစ်ဦးက ပြောသည်။

ထန်းတောဆိပ်ကမ်းမှ ပွဲခင်းအရောက် နွားလှည်းတစ်စီးလျှင် ငွေကျပ် ၃၀၀၀ ယူလေ့ရှိပြီး လူဦးရေများပါက လူဦးရေနှင့် ကုန်ပစ္စည်းများအပေါ် မူတည်ကာ ကျပ် ၅၀၀၀ ခန့် ယူလေ့ရှိသည်ဟု သိရသည်။

"ကျွန်တော်တို့ရွာမှာ အခုလို ကိုကြီးကျော်ပွဲဆိုရင် နွားလှည်းတိုက်(နွားလှည်းမောင်း)တာကတော့ ဟိုးအရင်ကတည်းကပေါ့၊ ကျွန်တော်တို့ မမွေးခင်ကတည်းက ကိုကြီးကျော်ပွဲက နှစ်တိုင်းဖြစ်နေကျဆိုတော့ အဲအချိန်တုန်းကတည်းက နွားလှည်းတိုက်ကြတာပေါ့၊ အရင်တုန်းကတော့ ဒီလိုပွဲချိန်တွေဆိုရင် လှည်းစီးတဲ့သူများတယ်၊ ပွဲခင်းထွက်မယ့် ဈေးသည်ကလည်း သူတို့ကုန်ပစ္စည်းတွေသယ်ရအောင်ငှားတယ်၊ အခုကျတော့ ပွဲဈေးသည်ကလည်း ဈေးသက်သာတဲ့ ထော်လာဂျီပဲ ငှားကြတော့တယ်၊ နွားလှည်းသိပ်မငှားကြတော့ ပွဲချိန်ရမယ့်ဝင်ငွေ နည်းသွားတာပေါ့"ဟု နွားလှည်းအငှားလိုက်သူ ဦးဖိုးပုကပြောသည်။

အဆိုပါ ကိုကြီးကျော်ပွဲချိန်တွင် ထန်းတောဆိပ်ကမ်းမှ ပွဲခင်းနေရာအထိကို ဒေသခံကျေးရွာများမှ နွားလှည်းရှိသူများက လှည်းအငှားလိုက်ကြရာ နွားလှည်းစီးရေ ၅၀ ခန့်ရှိကြောင်း သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

# ရေဘေးကာကွယ်ရေးအတွက် ရိုးချောင်းတူးမြောင်းဟောင်းကို ပြန်လည်တူးဖော်

**ဝေါ ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ဒေသရှိ ရိုးချောင်း ခေါ် တူးမြောင်းအဟောင်းသည် တိမ်ကောနေခြင်းကြောင့် နှစ်စဉ် မိုးရာသီတွင် ထိုဒေသရှိ စိုက်ပျိုးပြီးလယ်ယာမြေများမှာ ရေကြီးနစ်မြုပ်မှု ကြုံတွေ့ရပြီး လယ်ယာစိုက်ပျိုးရေးတွင် ထိခိုက်ဆုံးရှုံးမှုများ ရှိနေသဖြင့် လာမည့်နှစ်တွင် ရေကြီးနစ်မြုပ်ခြင်းဘေးမှ ကာကွယ်နိုင်ရန်အတွက် အဆိုပါ တူးမြောင်းဟောင်းကို ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရသည်။

အရှည်နှစ်မိုင်ခန့်ရှိသော အဆိုပါတူးမြောင်းဟောင်း ပြန်လည်တူးဖော်ခြင်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော်မှ ရန်ပုံငွေ ကျပ်သိန်း ၁၄၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တူးမြောင်းပြန်လည်တူးဖော်ရာတွင် အရှည် နှစ်မိုင်၌ အနက် ၁၀ ပေ၊ အောက်ခြေအကျယ် ရှစ်ပေနှင့် မြောင်းထိပ်အကျယ် ၁၈ ပေအထိ တူးဖော်သွားမည်ဖြစ်ကြောင်း၊ တူးမြောင်းကို မော်လမြိုင်-ရန်ကုန် အဝေးပြေးလမ်းမကြီးဘေးမှစ၍ ညောင်ခါးရှည်-ဖိုးပြန်ရိုးထိပ်ဝအထိ တူးဖော်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်ထံမှ သိရသည်။



တူးမြောင်းကို ဖိုးပြန်ကျေးရွာနှင့် ညောင်ခါးရှည်ကျေးရွာကြားရှိ ညောင်ခါးရှည်ချောင်းတွင် အဆုံးသတ်ကာ ၄င်းမှ ဖိုးစပယ်ချောင်းသို့ ဆက်သွယ်ပြီး စစ်တောင်းမြစ်အတွင်းသို့ ရေများစီးဝင်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တူးမြောင်းတူးဖော်မှုပြီးစီးသွားပါက ရေဆွဲအားကောင်းသွားသဖြင့်ရေနုတ်ရေသွင်းကောင်းကာ မိုးတွင်းကာလတွင် လယ်ယာမြေများနှင့် လူနေရပ်ကွက်များသို့ ရေဝင်ရောက်သည့်အန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။

တူးမြောင်းတူးဖော်ပေးမှုကြောင့် ညောင်ခါးရှည်မြို့၊ ဖိုးပြန်၊ အဗျား၊ ဆတ်သွားခြံ ကျေးရွာများသာမက တူးမြောင်းနှင့်ဆက်စပ်လျက်ရှိသည့် ဒေသများမှ လယ်မြေဧက ၆၀၀၀ ကျော်၏ စိုက်ပျိုးရေးကို အဆင်ပြေစေမည့်အပြင် ဒေသဖွံ့ဖြိုးရေးကိုပါ များစွာအထောက်အကူပြုမည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

**မြောင်းမြ ဖေဖော်ဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre ၌ အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲနှင့် သုတ၊ ရသ စာအုပ်စာစောင်ပြပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။

ပြပွဲကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂) ဒေါ်ခိုင်ဇင်ဦး၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြောင်းမြပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆွေနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက Community Centre အတွင်း ခင်းကျင်း ပြသထားသော မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဓာတ်ပုံများ၊ မြန်မာ့ရေမြေ တောတောင် သဘာဝအလှ ရှုခင်းဓာတ်ပုံများနှင့် ချစ်စဖွယ်ကောင်းသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများနှင့် ရိုးရာဓလေ့ပွဲတော်များ၏ ပုံရိပ်များ၊ သုတ၊ ရသနှင့် အထွေထွေ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

"မြောင်းမြမြို့မှာရှိတဲ့ ဒေသခံပြည်သူတွေကို မြန်မာပြည်ရဲ့အထင်ကရနေရာတွေ၊ သဘာဝရှုခင်း အလှအပတွေနဲ့ အေးချမ်းသာယာမှုတွေကို သိရှိအောင်၊ ဗဟုသုတရစေမယ့် စာအုပ်စာစောင်တွေနဲ့ ရင်းနှီးကျွမ်းဝင်လာအောင်၊ စာဖတ်ခြင်းအလေ့အကျင့်ကောင်းတွေ ဖြစ်လာအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ပြောသည်။



အဆိုပါ အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲတွင် နိုင်ငံအနှံ့ရှိ သဘာဝရှုခင်းများ၊ လူမှုဘဝပုံရိပ်များ၊ တိုင်းရင်းသားဓလေ့ရိုးရာ အလှအပများကို ဓာတ်ပုံ ဆရာကြီးများက ရိုက်ကူးထားသော ဓာတ်ပုံပေါင်း ၁၀၀ ကျော်နှင့် သုတရသ စာအုပ်ပေါင်း ၇၀၀ ခန့်ကို နှစ်ရက်ကြာ ခင်းကျင်းပြသခဲ့သည်။ **အောင်မင်း(မြောင်းမြ)**

# ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံတကာသံတမန်အဖွဲ့ ကျိုင်းတုံသို့ လေ့လာရေးခရီးလာရောက်

**တာချီလိတ် ဖေဖော်ဝါရီ ၂၆**

မြန်မာ-ထိုင်း နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ဆက်ဆံရေးနှင့် သံတမန်လေ့လာရေးခရီးစဉ်အဖြစ် ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံတကာသံတမန်အဖွဲ့ဝင် ၆၇ ဦးတို့သည် တာချီလိတ်မြို့ရှိ အမှတ်(၁)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အတွင်းသို့ ဖေဖော်ဝါရီ ၂၃ ရက်က ဝင်ရောက်လေ့လာခဲ့သည်။

အဆိုပါ သံတမန်အဖွဲ့အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်သန်း ဦးဆောင်ကာ အဖွဲ့တွင် ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံတကာသံတမန် ၆၇ ဦးနှင့် ဧည့်လမ်းညွှန် ငါးဦး စုစုပေါင်း ၇၂ ဦးပါဝင်ကြောင်း၊ အမှတ်(၁)ချစ်ကြည်ရေးတံတားမှတစ်ဆင့် မော်တော်ယာဉ် ၁၀ စီးဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့ရာ စစ်ဗျူဟာအဖွဲ့(အခြေချ)(တာချီလိတ်)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအေးမင်းဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါ သံတမန်အဖွဲ့သည် ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၏ သံတမန်ယဉ်ကျေးမှုခရီးစဉ်(Exclusive Culture Trip For Diplomatic Corps 2018) အဖြစ် ထိုင်းနိုင်ငံ ချင်းရိုင်တွင် လေ့လာရေးခရီးစဉ် လည်ပတ်ခဲ့ပြီးနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အတွင်းရှိ အထင်ကရနေရာများကို ဖေဖော်ဝါရီ ၂၅ ရက်အထိ လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# ဣန္ဒိဇေယျာ သံဃာ့ဆေးရုံသစ် ဖွင့်လှစ်တော့မည်

**မြင်းမူ ဖေဖော်ဝါရီ ၂၆**

ဆရာတော်သံဃာတော်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် ဆောက်လုပ်လှူဒါန်းခဲ့သော ဣန္ဒိဇေယျာ သံဃာ့ဆေးရုံသစ်ကြီး ဖွင့်ပွဲကို မတ် ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံသစ်ကြီးကို အလှူရှင်သုံးဦး၏ မတည်လှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံမှာ အာရ်စီ နှစ်ထပ် အမျိုးအစားဖြစ်ကာ အလျား ၆၉ ပေ၊ အနံ ၄၅ ပေ ရှိကြောင်း၊ အဆိုပါ သံဃာ့ဆေးရုံသစ်ကြီးကို နိုင်ငံတော်သြဝါဒစရိယ နိုင်ငံတော်သံဃနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌဆရာတော် ဒေါက်တာအရှင်ကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်)နှင့် ရန်ကုန်တိုင်းသံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တကုဗ္ဗိဗလတို့နှင့်အတူ ဝန်ကြီးအဆင့် တာဝန်ရှိသူများက နိုင်ငံတော်အဆင့်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဆေးရုံဖွင့်လှစ်ပြီးပါက သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဇေ(မြင်းမူ)**

# ရိခေါဒါရ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**ရိခေါဒါရ် ဖေဖော်ဝါရီ ၂၆**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဒေသတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ရိခေါဒါရ်မြို့ ပြည်ထောင်စုရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကာ မြို့မိမြို့ဖများ၊ ပြည်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# သတင်းမီဒီယာဆင့်ပွားသင်တန်း ဖွင့်လှစ်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

သတင်းမီဒီယာဆင့်ပွားသင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌ ဖေဖော်ဝါရီ ၂၄ ရက်ကကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဦးစိုးသိန်းက သင်တန်းသား သင်တန်းသူများအား တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ ပါ ဦးစားပေးအဆင့်နှင့် ရည်မှန်းချက်များကို သိရှိနားလည်ပြီး သတင်းမီဒီယာသမားများနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ ပြည်သူများသို့ တရားရုံးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖြန့်ဝေရာတွင်လည်းကောင်း၊ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုက်နာဆောင်ရွက်ရန်နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့်အချက်များကို ထုတ်ပြန်နိုင်ရေးနှင့် တရားစီရင်ရေးကဏ္ဍနှင့် သတင်းမီဒီယာဆက်ဆံရေးကျွမ်းကျင်မှု တိုးတက်လာစေရန်အတွက် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

သင်တန်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သတင်းမီဒီယာကျွမ်းကျင်နည်းပြအဆင့် သင်တန်းတက်ရောက်ခဲ့သော တရားရေးအရာရှိသုံးဦးနှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ USAID-PRLP မှ တာဝန်ရှိသူတစ်ဦးတို့က ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ရှမ်းပြည်တစ်လွှား ကျောက်ခေတ်လိုဏ်ဂူများ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံဖြစ်တည်လာမည့် နေရာဒေသတွင် အရှေ့ပိုင်းကုန်းမြင့်များသည် လွန်ခဲ့သည့် နှစ်သန်း ၇၀၀ မှ ၆၀၀ အကြားတွင် ပေါ်ထွန်းခဲ့ပြီး ရှမ်းတောင်တန်းသည် ဦးစွာ ထင်ရှားပေါ်ထွက်ခဲ့သည်။ တောင်စွယ်တောင်တန်းများနှင့်အတူ သဘာဝလိုဏ်ဂူများလည်း ဖြစ်ပေါ်ခဲ့ရာ ရှမ်းပြည်နယ်အတွင်းရှိ လိုဏ်ဂူများတွင် ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် အထောက်အထားများကို တွေ့ရှိခဲ့ကြသည်။ ယင်းတို့အနက် ရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူသည် အထင်ရှားဆုံးဖြစ်ပေသည်။

သမိုင်းခေတ်ဦး ကျောက်ခေတ်လူသားများသည် ရာသီဥတုနှင့် သားရဲတိရစ္ဆာန်တို့၏အန္တရာယ်မှ လုံခြုံမှုရှိ၍ အစားအစာနှင့် ရေကို ရလွယ်သည့် လိုဏ်ဂူများအတွင်း နေထိုင်ခဲ့ကြသည်။ ကျောက်ခေတ်လူသားများ နေထိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ ကျောက်ခေတ်အထောက်အထားများကို ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ၂၀၁၂ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်းရှိ သဘာဝလိုဏ်ဂူများကို လေ့လာသုတေသနပြုခဲ့သည်။

ရှမ်းကုန်းမြင့်ရှိ မုံတဝဂူနှင့် တင်းအိမ်ကျောက်ဂူတို့မှ တွေ့ရှိခဲ့ရသည့် တစ်ဖက်ချောကျောက်လက်နက်များ၊ ခရုခွံများ၊ မီးသွေးနှင့် အရိုးစများသည် ထိုကျောက်ဂူတို့၌ လူများနေထိုင်ခဲ့သည့် အထောက်အထားများ ဖြစ်ခဲ့ကြသည်။ ထို့အတူ တောင်ကြီးမြို့နယ်ရှိ တင်းအိမ်ဂူတွင် အရေအတွက်မနည်းလှသော လူအုပ်စုတစ်စု မှီတင်းနေထိုင်ခဲ့ကြောင်း အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း စာအုပ်တွင် ဖော်ပြခဲ့သည်။

### ပြဒါးလင်းဂူ

ပြဒါးလင်းဂူသည် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့၏အနောက်ယွန်းယွန်း ၁၀ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ပြဒါးလင်းဂူကို ၁၉၆၀ ပြည့်နှစ်တွင် ဘူမိဗေဒပညာရှင် ဦးခင်မောင်ကျော်က တွေ့ရှိခဲ့ပြီး ၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန် ဦးအောင်သော် ခေါင်းဆောင်သောအဖွဲ့က တူးဖော်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ပြဒါးလင်း ထုံးကျောက်ဂူနှစ်လုံးသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၅၀ ပေအမြင့်တွင် တည်ရှိနေကြကာ ဂူပေါက်များသည် မြေပြင်မှ ပေ ၅၀ မှ ပေ ၇၀ အထိမြင့်သော တောင်ကမ်းပါးယံတွင် တောင်ဘက်သို့ မျက်နှာမူနေကြသည်။ အနောက်ဘက်လိုဏ်ဂူဖြစ်သည့် ပြဒါးလင်းဂူ အမှတ်(၂)သည် ပေ ၈၀၀ ကျော်ရှည်ကာ ကျောက်စက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်များ ရှိသည်။ ဂူတစ်လျှောက်မှောင်မိုက်စွတ်စိုနေသည့်အပြင် ရှေးဦးလူသားများနေထိုင်ခဲ့သည့် အထောက်အထားများကို မတွေ့ရှိရချေ။

အရှေ့ဘက်ဂူဖြစ်သည့် ပြဒါးလင်းဂူအမှတ်(၁)သည် ဂူအမှတ်(၂)မှ ကိုက် ၂၀၀ ကွာဝေးပြီး အလင်းရောင်နှင့် လေကို ကောင်းစွာရရှိသည်။ ဂူကြမ်းပြင်မှ အထက်သို့ ၁၀ ပေနှင့် ၁၂ ပေအကြား နံရံပေါ်တွင် ကျောက်ခေတ်လူသားများက မြေနီခဲဖြင့် ရေးဆွဲထားသည့် နီညိုရောင်ရုပ်ပုံ ၁၂ ပုံကို တွေ့မြင်နိုင်သည်။ တစ်ကြောင်းမျဉ်းရေးဆွဲထားသည့် ပုံများသည် လက်ဝါးပုံနှစ်ခု၊ နေပုံ တစ်ခု၊ ငါးပုံတစ်ခုနှင့် တိရစ္ဆာန်ပုံ ရှစ်ခုတို့ဖြစ်ကြပြီး ယင်းပုံများသည် ပြင်သစ်နိုင်ငံတောင်ပိုင်းနှင့် စပိန်နိုင်ငံ မြောက်ပိုင်းရှိ ကျောက်ခေတ် ဂူနံရံပန်းချီပုံများနှင့် တူညီနေပေသည်။

### ရှေးဦးလူသားများ နေထိုင်ခဲ့

လိုဏ်ဂူအမှတ်(၁)အတွင်းမှ ကျောက်လက်နက်များ၊ မီးသွေးစများ၊ တိရစ္ဆာန်အရိုးစများ၊ အိုးစအိုးနများ အပါအဝင် ပစ္စည်းပေါင်း ၁၆၀၀ ကျော် တူးဖော်ရရှိခဲ့သည်။ ဂူအလယ်မှတွေ့ရှိခဲ့သော အရိုးစများကို ကာဗွန်ဓာတ်ခွဲနည်းဖြင့် သက်တမ်း တွက်ချက်ခဲ့ရာ လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀၀ ဟု အဖြေထွက်ခဲ့သည်။ ဂူအလယ်တွင်ရှိသည့် ပြာပုံသည် လေးပေခန့်မြင့်သဖြင့် ရှေးဦးလူသားများသည် ပြဒါးလင်းဂူအတွင်း စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြောင်း ဖော်ညွှန်းနေပေသည်။ ဂူအတွင်းအမှိုက်ပုံနေရာမှ တွေ့ရှိရသော မီးသွေးစများ၊ အိုးကွဲစများနှင့် ခရုခွံများ၏သက်တမ်းသည် လွန်ခဲ့သောနှစ် ၁၁၀၀၀ မှ ၆၅၇၀ အတွင်းဖြစ်ပြီး ပြဒါးလင်းဂူ ကျောက်ခေတ်ယဉ်ကျေးမှုသည် လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀ မှ ၄၀၀၀ အတွင်းဖြစ်နိုင်ကြောင်း ပညာရှင်များက တွက်ချက်ခဲ့ကြသည်။

ပြဒါးလင်းဂူတွင်တွေ့ရှိခဲ့ရသော ခုတ်စင်း ခုတ်ဖြတ်ကိရိယာ (Chopper)၊ ကျောက်ခြစ်(Scraper)၊ ကျောက်ပဲခွပ်(Hand Adze)နှင့် ကျောက်ကွင်း(Stone Ring)များသည် ကျောက်တုံးများကိုဖဲ့ကာ ပြုလုပ်ထားသော ကျောက်ကြမ်းလက်နက်၊ အသုံးအဆောင်များ ဖြစ်ကြသည်။ ယင်းတို့ကိုပြုလုပ်ရာတွင် ကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြုခဲ့သည့် ကျောက်စရစ်လုံး(Pebble)များကိုလည်း ပြဒါးလင်းဂူအတွင်း၌ တွေ့ရှိခဲ့သည်။ ပြဒါးလင်းဂူ အတွင်းမှာပင် ကျောက်လက်နက်များကို ပြုလုပ်ခဲ့သည့် အထောက်အထားများအဖြစ် ကျောက်လက်နက်၊ ပစ္စည်းများ ပြုလုပ်ရန် ကျောက်များကိုဖဲ့ရာမှ ပဲ့ထွက်လာသည့် အပိုင်းအစများကို ပြဒါးလင်းဂူနံရံမျက်နှာပြင်တွင် အမြောက်အမြား တွေ့ရှိရပေသည်။

ပြဒါးလင်းဂူမှ ကျောက်ခေတ်ဟောင်း လက်နက်ကိရိယာများဖြစ်သည့် ခုတ်စင်း ခုတ်ဖြတ်ကိရိယာများကို တွေ့ရှိရသကဲ့သို့ ကျောက်ခေတ်သစ်လက်ရာဖြစ်သည့် ပဲခွပ်အကြမ်းတစ်ခုကိုလည်း တွေ့ရှိခဲ့သည်။ ယင်းအချက်များကို ထောက်၍ ပြဒါးလင်းဂူတွင် ကျောက်ခေတ်ဟောင်းကာလမှ ကျောက်ခေတ်သစ် ကာလအထိ လူသားများ ဆက်လက်နေထိုင်ခဲ့ကြသည်ဟု ယူဆကြပေသည်။

### မုံတဝဂူ

တောင်ကြီးမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိသည့် မုံတဝဂူသည် တောင်မြောက်သွယ်တန်းနေသည့် တောင်တန်း၏ အနောက်ဘက်ပခုံးပေါ်တွင် တည်ရှိသည်။ မုံတဝသည် ပြဒါးလင်းဂူကဲ့သို့ပင် ဂူနှစ်လုံးရှိပြီး ဂူအမှတ်(၁)က ဂူအမှတ်(၂)ထက် ကြီးမား၍ အနောက်ဘက်သို့ မျက်နှာမူနေသည်။ ဂူအဝသည် ၂၇ ပေကျယ်၍ ပေ ၃၀ မြင့်ပြီး ဂူအလျားသည် ၄၉၃၄ ပေ ဖြစ်သည်။ ဂူအတွင်းသို့ ဖြတ်သန်းစီးဆင်းနေသည့်ရေသည် ဂူမကြီးဘေးရှိ ရေထွက်ပေါက်မှ စီးထွက်သွားသည်။

မုံတဝအမှတ်(၁)ဂူပေါက်ဝသည် မြေပြင်မှ ပေ ၅၀ မြင့်ကာ ဂူဝသည် အလင်းရောင်ကောင်းစွာရရှိသည့်နေရာ ဖြစ်သည်။ ဂူသည် အမိုးအကာလုံခြုံပြီး အလင်းရောင်ကောင်းစွာရရှိသဖြင့် ဂူအတွင်း၌ စွတ်စိုထိုင်းမှိုင်းခြင်းမရှိသည့်အပြင် မြေပြင်မှ ပေ ၅၀အမြင့်၌ တည်ရှိနေသဖြင့် သားရဲတိရစ္ဆာန်များ အလွယ်တကူ မဝင်ရောက်နိုင်သည့် အနေအထားဖြစ်သည်။ ထို့အပြင် မုံတဝဂူသည် ရေအရင်းအမြစ်ပေါများသော နေရာတစ်ခုလည်း ဖြစ်နေသဖြင့် ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ဖွယ်ရှိသည့် ဂူတစ်ခုဖြစ်ပေသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ ပညာရှင်များသည် ၁၉၃၈ -၁၉၃၉ ခုနှစ်တွင် မုံတဝဂူကို စမ်းသပ်တူးဖော်ခဲ့ရာ လက်လုပ်နှင့် စက်လုပ်အိုးကွဲများ၊ မျက်နှာပြင် တစ်ဖက်ကို ချောထားသည့် ကျောက်လက်နက်ငယ်တစ်ခု၊ မီးသွေးစများနှင့် အရိုးများကို တွေ့ရှိခဲ့သည်။

မုံတဝဂူ အမှတ်(၂)သည် ဂူအမှတ်(၁)၏မြောက်ဘက် မီတာ ၁၀၀ အကွာတွင် တည်ရှိကာ အနောက်တောင်ဘက်သို့ မျက်နှာမူနေသည်။ ဂူဝသည် ကိုးပေကျယ်၍ ၁၄ ဒသမ ၇၅ ပေမြင့်ကာ ဂူအလျားသည် ၇၃ ဒသမ ၈ ပေဖြစ်သည်။ ဂူမျက်နှာစာကျောက်ကမ်းပါးသည် လူများသွားလာရန် လုံလောက်သည့် အကျယ်အဝန်းရှိသည်။

ဂူအမှတ်(၂)သည်လည်း လေဝင်လေထွက်ကောင်း၍ အလင်းရောင်ကောင်းစွာရရှိသဖြင့် ဂူအတွင်း စွတ်စိုထိုင်းမှိုင်းခြင်းမရှိသည့်အပြင် ဂူပေါက်ဝသည် မြေပြင်မှ အတန်ငယ်မြင့်သည့်နေရာတွင် တည်ရှိနေသဖြင့် သားရဲတိရစ္ဆာန်များ၏ အန္တရာယ်ကို ကာကွယ်ထားပြီးဖြစ်ပေသည်။ ဂူအမှတ်(၁)အနီးတွင် မြေအောက်ချောင်းရှိနေသဖြင့် ကျောက်ခေတ်လူသားများ နေထိုင်နိုင်သည့် အနေအထားဖြစ်သည်။ ထို့ကြောင့် ရှေးဟောင်းသုတေသနဦးစီးဌာနက မုံတဝဂူ အမှတ်(၂)ကို တူးဖော်ခဲ့ရာ ကျောက်ကြမ်းလက်နက်တစ်ခုနှင့် အိုးကွဲအနည်းငယ် ရရှိခဲ့သည်။

### ဗုဒ္ဓေါဇိနော‌ဂူ

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အင်းခေါင်ကျေးရွာအုပ်စု အင်းခေါင်ရွာ အနောက်ဘက် သီခေါင်တောင်တန်းတွင် တည်ရှိသည့် ဗုဒ္ဓေါဇိနော သဘာဝလိုဏ်ဂူသည်လည်း ဂူနှစ်လုံးဖြစ်သည်။

ဗုဒ္ဓေါဇိနော လိုဏ်ဂူအမှတ်(၁)သည် ၁၃ ပေကျယ်ဝန်း၍ ပေ ၅၀ ရှည်သည်။ ဂူမျက်နှာဝသည် အရှေ့တောင်ဘက်သို့ မျက်နှာမူနေကာ ဂူအတွင်း၌ စွတ်စိုထိုင်းမှိုင်းနေသည်။ ယင်းဂူကို ၁၉၉၇ ခုနှစ်တွင် တောင်ကြီးတက္ကသိုလ် ဘူမိဗေဒဌာနမှ ဒေါက်တာတင်သိန်း ဦးဆောင်သောအဖွဲ့က တူးဖော်ခဲ့ရာ လူသွားနှင့် တိရစ္ဆာန် အရိုးများကို တွေ့ရှိခဲ့သည်။ ဂူအရှေ့မှလည်း ကျောက်ဖြစ်နေသည့် တိရစ္ဆာန်အရိုးနှင့် သွားများကို ရရှိခဲ့ကာ ဂူအဝတွင် တိရစ္ဆာန်အရိုးနှင့် ထုံးများ ပေါင်းစပ်ကာ ကျောက်ဖြစ်နေသည့် အရိုးပုံ ရှိနေသဖြင့် လူနေထိုင်ခဲ့သည့် လိုဏ်ဂူတစ်ခုဟု ယူဆနိုင်ဖွယ်ရှိပေသည်။

ဂူအမှတ်(၁)၏ ရှေ့မျက်နှာစာကို တူးဖော်ခဲ့ရာတွင် လူနှင့် တိရစ္ဆာန်တို့၏ ဦးခေါင်းခွံ အပိုင်းအစများ၊ အရိုးနှင့်သွားများ၊ ကျောက်လက်နက်များကို တွေ့ရှိခဲ့ရသည်။ ကျောက်ခေတ်က သုံးစွဲခဲ့ဟန်ရှိသည့် အဖျားကိုဖဲ့၍ အသွားဖော်ထားသော လက်ကိုင် ပုဆိန်တစ်ခုကိုလည်း ရရှိခဲ့သည်။ ပုဆိန်ပြုလုပ်ထားသည့် ဝေဘူကျောက်သည် ပင်းတယဒေသဝန်းကျင်တွင်သာ ရရှိနိုင်သဖြင့် ဗုဒ္ဓေါဇိနောဂူတွင် နေထိုင်ခဲ့ဖွယ်ရှိသည့် ကျောက်ခေတ်လူသားများသည် ပြဒါးလင်းဂူဘက်မှ ရောက်ရှိလာနိုင်ကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပညာရှင်များက သုံးသပ်ခဲ့သည်။

ဗုဒ္ဓေါဇိနောဂူ အမှတ်(၂)သည် ဂူအမှတ်(၁)၏တောင်ဘက် ၁၁၈၇ ပေအကွာတွင် တည်ရှိ၍ အရှေ့မြောက်ဘက်သို့ မျက်နှာမူနေကာ ဂူအမှတ်(၁)တည်ရှိသည့် နေရာထက် ၁၅၈ ပေ မြင့်သည်။ ဂူပေါက်ဝသည် ကိုးပေခွဲကျယ်ဝန်း၍ ၁၉ ပေ ၆ လက်မ မြင့်ကာ ၂၈ ဒသမ ၅ ပေ ရှည်သည်။ ဂူမျက်နှာစာတွင် ၂၃ ပေကျယ်ဝန်းသည့် မြေပြန့်တစ်ခုနှင့် ဆင်ခြေလျှောတစ်ခုရှိသည်။ ဂူသည် အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းစွာရရှိကာ ဂူပေါက်ဝမှကြည့်လျှင် ဟဲဟိုးလွင်ပြင်တစ်ခုလုံးကို အပေါ်စီးမှ မြင်ကြရပေသည်။

### ဗုဒ္ဓေါဇိနောကျောက်ဆောင်

ပြဒါးလင်းဂူအနီးတွင် ကမ်းပါးနီကျောက်ဆောင် ရှိနေသကဲ့သို့ ဗုဒ္ဓေါဇိနောဂူ၏ မြောက်ဘက်တွင် ၂၃ ပေရှည်လျားသည့် ဗုဒ္ဓေါဇိနောကျောက်ဆောင် ရှိနေသည်။ ကျောက်ဆောင်သည် အရှေ့ဘက်သို့ မျက်နှာမူနေကာ ကျောက်ဆောင်၏ရှေ့တွင် ပေ ၂၀ နီးပါးကျယ်ဝန်းသည့် မြေပြန့်တစ်ခုရှိသည်။ ဗုဒ္ဓေါဇိနောဆရာတော်သည် ယင်းမြေပြန့်၏ ရှေ့ဘက်နေရာများမှ တိရစ္ဆာန်အရိုးနှင့် သွားများကို ရှာဖွေတွေ့ရှိခဲ့သည်။

ဗုဒ္ဓေါဇိနောကျောက်ဆောင်သည် နေဒဏ်၊ မိုးဒဏ်၊ လေဒဏ်တို့ကို ကာကွယ်နိုင်သောအနေအထားတွင်ရှိသဖြင့် လူများနေထိုင်မည်ဆိုပါက နေထိုင်နိုင်သည့်အခြေအနေတွင်ရှိသည်။ ကျောက်ဆောင်နေရာကို တူးဖော်ခဲ့ရာတွင် ကျွဲ၊ နွား၊ သမင်၊ ဒရယ်တို့၏ အရိုးနှင့်သွားများ၊ အသားစားသတ္တဝါတစ်ကောင်၏ သွားပါမေးရိုး တစ်ခု၊ အိုးကွဲများ၊ လက်ခတ်ရာမပါရှိသည့် အိုးနှင့်လက်ခတ်ရာပါရှိသည့် အိုးများကို တွေ့ရှိခဲ့သည်။

### ပါပန့်ဂူ

ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုန်းမြို့နယ် ပါပန့်ကျေးရွာ မြောက်ဘက်တွင် သဘာဝလိုဏ်ဂူ လေးလုံးရှိရာ ဂူအမှတ်(၁)သည် ၄၂ ပေကျယ်၍ ၃၆၅ ပေရှည်ကာ ၁၈ ပေမြင့်သည်။ ဂူအနောက်ဘက်နံရံတွင် မြေအောက်ချောင်းများ ပို့ချသည့် စရစ်ဖြုန်းကျောက်များကို တွေ့ရှိရသည်။ ယင်းကျောက်များကို ကျောက်ခေတ်လူသားများက ကျောက်လက်နက်များပြုလုပ်ခဲ့ကြောင်း ယူဆရပေသည်။ လိုဏ်ဂူအဝတွင် ကျယ်ဝန်း၍ လေဝင်လေထွက်ကောင်းပြီး ခြောက်သွေ့နေသော အခန်းတစ်ခန်းရှိကာ လိုဏ်ဂူတွင် လူနေထိုင်ရန်အခွင့်အလမ်းများ ရှိနေသော်လည်း စမ်းသပ်တူးဖော်မှုများအရ လူနေထိုင်မှု အထောက်အထားများ မတွေ့ရှိခဲ့ရချေ။



ပါပန့်ဂူ အမှတ်(၂)သည် ဂူအမှတ်(၁) အနီးတွင်ရှိကာ မြောက်ဘက်သို့ မျက်နှာမူနေသည်။ ဂူပေါက်ဝသည် မြေပြင်ထက်နိမ့်ကာ ဂူအတွင်းသို့ ရေများဝင်ရောက်သဖြင့် လူများနေထိုင်သည့်ဂူတစ်လုံးဖြစ်ကြောင်း မယူဆနိုင်ပါချေ။

ဂူအမှတ်(၃)သည် ဂူအမှတ်(၂)၏ အရှေ့ဘက်တွင် တည်ရှိ၍ အနောက်မြောက်ဘက်သို့ မျက်နှာမူသည်။ ဂူအမှတ်(၁)နီးပါး ကျယ်ဝန်းလျက် အလင်းရောင်ကောင်းစွာရရှိသဖြင့် လူသားများနေထိုင်ရန် ကောင်းမွန်သည့် အနေအထားရှိသည်။

ဂူအမှတ်(၄)သည် ဂူအမှတ်(၂)၏ မြောက်ဘက်တွင် ကျောက်ကမ်းပါးပေါ်၌ တည်ရှိကာ ဂူပေါက်ဝသည် မြေပြင်မှ ပေ ၅၀ မြင့်လျက် အရှေ့တောင်ဘက်သို့ မျက်နှာမူနေသည်။ ဂူအနေအထား ကောင်းမွန်သဖြင့် ကျောက်ခေတ်လူသားများ နေထိုင်နိုင်သည့် ဂူတစ်လုံးအဖြစ် ယူဆရပေသည်။

### ဆူးဇောင်းဂနိုင်ဂူ

ညောင်ရွှေမြို့နယ် ကျောက်ရေအိုးကွဲရွာ၏တောင်ဘက် ကျောက်မိုင်းအနီးတွင် တည်ရှိသည့် ဆူးဇောင်းဂနိုင်ဂူ လိုဏ်ဂူနှစ်ခုတွင် တစ်ခုသည် မိသားစုတစ်စုနေနိုင်ရုံမျှသာ ကျယ်ဝန်းပြီး ကျန်တစ်လုံးမှာ ၂၆ ပေ ရှည်လျားသည်။ ယင်းဂူသည် ဂူအမှတ်(၁)ဖြစ်ပြီး ပေ ၃၀ ခန့်ကျယ်ဝန်းကာ ၂၆ ပေမြင့်သည်။ ဂူပေါက်ဝသည် ပေ ၂၀ နီးပါးကျယ်ဝန်း၍ အနောက်တောင်ဘက်သို့ မျက်နှာမူနေသည်။

ဆူးဇောင်းဂနိုင်ဂူသည် ကျောက်ခေတ်လူနေထိုင်မှု အထောက်အထားများ တွေ့ရှိခဲ့သည့် ထပ်အိမ်ဂူနှင့် မုံတဝဂူအကြားတွင် တည်ရှိနေပေသည်။

ဆူးဇောင်းဂနိုင်ဂူ အမှတ်(၁)သည်မြေပြန့်မှအထက် ပေ ၆၀ အမြင့်တွင် တည်ရှိကာ ဂူ၏ တောင်ဘက် ၆၅ ပေတွင် စမ်းချောင်းတစ်ခုရှိသည်။ ယင်းစမ်းချောင်းသည် ဂူ၏တောင်ဘက်မှ ဂူမျက်နှာစာဘက်သို့ပတ်၍ စီးဆင်းနေသည်။ ဂူအနောက်ဘက်နံရံတွင်ရှိနေသည့် အပေါက်က ဂူအတွင်းသို့ အလင်းရောင်နှင့် လေကို ကောင်းစွာရောက်ရှိစေသည်။ ထို့အပြင် ဂူအတွင်းသို့ ရေဝင်ရောက်မှုနည်းပါးကာ ရှေးဦးလူသားများ နေထိုင်နိုင်သည့် ဂူတစ်လုံးဖြစ်နိုင်သောကြောင့် ရှေးဟောင်းသုတေသန ဦးစီးဌာနက ၂၀၁၂ ခုနှစ်တွင် တူးဖော်မှုများပြုလုပ်ခဲ့သည်။

တူးဖော်မှုအတွင်း အရိုးများ၊ သွားများ၊ အိုးကွဲများ၊ ကျောက်လက်နက်များ၊ ပုတီးစေ့များ၊ ခရုခွံများကို တွေ့ရှိခဲ့သည်။ စမ်းသပ်တူးဖော်ခဲ့မှုတွင် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ခွေးနှင့် နွားတို့၏ အရိုးများအပြင် ကြွက်ရိုးများကိုပါ တွေ့ရှိခဲ့သည်။ ယင်းသတ္တဝါများသည် လူများနှင့်အတူ နေလေ့ရှိကြသဖြင့် ဆူးဇောင်းဂနိုင်ဂူအမှတ်(၁)သည် ကျောက်ခေတ်လူသားများနေထိုင်ခဲ့သည့် ဂူတစ်လုံးဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့ပေသည်။

ဆူးဇောင်းဂနိုင်ဂူ အမှတ်(၂)သည် ဂူအမှတ်(၁)၏ အနောက်ဘက် ပေ ၇၀၀ အကွာတွင် တည်ရှိပြီး ခုနစ်ပေခွဲသာရှည်၍ ၁၄ ပေခန့်ကျယ်သဖြင့် လူသားများနေထိုင်ရန် အလွန်ကျဉ်းမြောင်းနေသည့်အပြင် လူနေထိုင်ခဲ့သည့် အထောက်အထားများကိုလည်း မတွေ့ရှိခဲ့ရချေ။

### မြန်မာနိုင်ငံ၏ ကျောက်ခေတ်လူနေမှု

မြန်မာနိုင်ငံ၏ ကျောက်ခေတ်သက်တမ်းကာလတွင် လူသားများနေထိုင်ခဲ့နိုင်ဖွယ်ရှိသည့် သဘာဝလိုဏ်ဂူများအနက် ရှမ်းပြည်နယ်အတွင်း ညောင်ရွှေမြို့နယ်တွင် ပေါ်လပတ်ဂူ၊ ကျောက်တိုင်ဂူ၊ တောင်ဘို့တောင်ဂူ၊ ထပ်အိမ်ဂူ၊ ကျောက်ရေအိုးဂူ စသည်တို့ တည်ရှိနေကြသည်။ ဟိုပုန်းမြို့နယ်ရှိ ထမ်ဆမ်းဂူနှင့် ပြင်ဦးလွင်မြို့နယ်ရှိ ပိတ်ချင်းမြောင်ဂူတို့ကဲ့သို့အချို့သော သဘာဝလိုဏ်ဂူများသည် ကြီးမားကျယ်ဝန်းကြသော်လည်း ဂူအတွင်းပိုင်းများကို အင်္ဂတေလမ်းများခင်းခြင်း အပါအဝင် ပြင်ဆင်မှုများ ပြုလုပ်ထားသဖြင့် ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ခြင်းရှိမရှိ အထောက်အထားများရှာဖွေရန် မလွယ်ကူတော့ပါချေ။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံ၏ ပထဝီသွင်ပြင်အနေအထား မပီပြင်မီ သမိုင်းဦးကျောက်ခေတ်တွင် လူသားများနေထိုင်ခဲ့ကြသည့် သဘာဝလိုဏ်ဂူများသည် မြန်မာနိုင်ငံ၏ ကျောက်ခေတ်လူနေမှု တစ်စိတ်တစ်ပိုင်းကို ဖော်ညွှန်းလျက်ရှိနေကြပေသည်။ ။

**“ဟိုပုန်းမြို့နယ်ရှိ ထမ်ဆမ်းဂူနှင့် ပြင်ဦးလွင်မြို့နယ်ရှိ ပိတ်ချင်းမြောင်ဂူတို့ကဲ့သို့ အချို့သော သဘာဝလိုဏ်ဂူများသည် ကြီးမားကျယ်ဝန်းကြသော်လည်း ဂူအတွင်းပိုင်းများကို အင်္ဂတေလမ်းများခင်းခြင်း အပါအဝင် ပြင်ဆင်မှုများ ပြုလုပ်ထားသဖြင့် ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ခြင်းရှိမရှိ အထောက်အထားများရှာဖွေရန် မလွယ်ကူတော့ပါချေ”**


**ကိုးကား**

(၁) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန နှစ်ချုပ်အစီရင်ခံစာများ

(၂) အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း (ပထမတွဲ)

(၃) The Neolithic Culture Of The Padahlin Caves (U Aung Thaw)

# ဘားအံမြို့တွင် ဖွင့်လှစ်ထားသည့် မြန်မာနိုင်ငံ၏တစ်ခုတည်းသော ပိုးချည်သင်တန်းကျောင်း



ဒေသဖွံ့ဖြိုးရေး၊ အမျိုးသမီးငယ်လေးများ အလုပ်အကိုင်ရရှိရေး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးနှင့် ရိုးရာယဉ်ကျေးမှု၊ အိမ်တွင်းမှု အတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရေး ရည်ရွယ်၍ မြန်မာတစ်နိုင်ငံလုံးတွင် တစ်ခုတည်းသော ပိုးချည်သင်တန်းကို ဘားအံမြို့ အမှတ် ၆ ရပ်ကွက်ရှိ စံပြလမ်း၌ ဖွင့်လှစ်ထားသည်။

အဆိုပါ ပိုးချည်သင်တန်းကျောင်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ဘားအံမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဂျပန်ပညာရှင်များက ဒေသခံအမျိုးသမီးများအား ပိုးချည်ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများကို တစ်လကြာ သင်တန်းပို့ချကာ ထိုနှစ် ဇူလိုင်လတွင် အမှတ် ၆ ရပ်ကွက်၌ အိမ်ငှားရမ်း၍ ဝန်ထမ်း ၁၂ ဦးဖြင့် ဆက်လက်ပို့ချလျက်ရှိသည်မှာ ယခုအခါ လေးနှစ်တာကာလသို့ ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ ဒီသင်တန်းကိုဖွင့်လှစ်တာက အဓိကအားဖြင့် အမျိုးသမီးငယ်များ အလုပ်အကိုင် အခွင့်အလမ်း ရရှိစေဖို့ ရည်ရွယ်ဖွင့်လှစ်တာပါ၊ မြန်မာပြည်မှာ တစ်ခုတည်းသော ပိုးချည်သင်တန်းကျောင်းပါ၊ သင်တန်းသူတွေကို ဝင်ဝင်ချင်း လစာတစ်သိန်းပေးတယ်၊ လုပ်ရင်းနဲ့ ကျွမ်းကျင်မှုအပေါ်မူတည်ပြီး လစာတိုးပေးတယ်၊ ကျွန်မတို့ ပိုးချည်သင်တန်းကနေ ပိုးချည်၊ ပိုးဂွမ်း၊ ပိုးဆပ်ပြာ၊ လက်ကျစ်ပိုးချည်၊ ချည်ကော်ချွတ်ခြင်း၊ သဘာဝသစ်ရွက်များဖြင့် ချည်ဆေးဆိုးခြင်းအစရှိတဲ့ ပညာရပ်တွေကို သင်ကြားပေးတာပါ၊ သင်တန်းတစ်နေရာတည်းနဲ့ လစာလည်းရ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်မယ်ဆိုလည်း ပညာကို တစ်ခါတည်း အတတ်သင်ပေးလိုက်တာပါ"ဟု ဘားအံ ပိုးချည်အလုပ်ရုံမှ မန်နေဂျာ ဒေါ်ယဉ်ယဉ်ဝင်းက ပြောသည်။

အဆိုပါ ပိုးချည်လုပ်အလုပ်ရုံသင်တန်းကို ဂျပန်နိုင်ငံ ဒိုင်မတ်ဆုကုမ္ပဏီ၏ အကူအညီဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပြီး ပိုးချည်ထုတ်သည့် ကုန်ကြမ်းများအဖြစ် ပြင်ဦးလွင်အနီးစခန်းရှိ ပိုးချည်ထုတ်စက်ရုံမှ ပိုးလုံးများကို ဝယ်ယူလုပ်ဆောင်ကြောင်း သိရသည်။

"ကျွန်မတို့ ပိုးချည်ထုတ်ကုန်ကြမ်းက လိုအပ်သလောက် မရနိုင်သေးတော့ ဈေးကွက်မှာတော့ မဖြန့်နိုင်သေးဘူးလေ၊ ဈေးကွက်ကိုက ပိုးလုံးကနေထုတ်တဲ့ ဆပ်ပြာကိုတော့ နိုင်ငံခြားသားတွေလာရောက်တည်းခိုတဲ့ ဟိုတယ်၊ မိုတယ်တွေမှာ ရောင်းဖို့ တင်ပေးထားတယ်၊ ပိုးချည်ကို ပထမတော့ ဂျပန်ကုမ္ပဏီကို ပို့ပေးရတယ်၊ နောက်ပိုင်းတော့ မပို့ရဘူး၊ ဂျပန်ကတော့ ပိုးချည်ကနေ ကီမိုနိုအထည်အဖြစ် ပြန်ပြီး ကုန်ချောထုတ်တယ်၊ ပိုးဂွမ်းကိုတော့ စောင်လုပ်တယ်၊ ပိုးလုံး အခွံလေးတွေကအစ မျက်နှာလိမ်းတို့ပတ် ပြန်လုပ်လို့ရတယ်၊ ပိုးလုံးက ပစ်စရာဘာမှမရှိဘူး၊ ပြည်တွင်းမှာ စိုက်ပျိုးမယ်ဆို အကျိုးဖြစ်ထွန်းမယ်၊ ကျွန်မတို့ လုပ်ငန်းလည်း ဈေးကွက်မှာဖြန့်ဖြူးနိုင်သည်အထိ ထုတ်လုပ်လာနိုင်မယ်"ဟု ဒေါ်ယဉ်ယဉ်ဝင်းက ဖြည့်စွက်ပြောကြားသည်။

ဘားအံမြို့နယ်အတွင်း၌ ကရင်ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင်လမှ စတင်ပြီး ပိုးစာပင်များကိုလည်း စမ်းသပ်စိုက်ပျိုးထားပြီဖြစ်ကာ သက်တမ်း ငါးနှစ်မှ ၁၀ နှစ်အကြားတွင် စတင်၍ ပိုးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ရှေးဟောင်းပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု ကာကွယ်တားဆီးရေး ပညာပေးဟောပြော

**ဘုတလင် ဖေဖော်ဝါရီ ၂၆**

ရှေးဟောင်းပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြီးမှူး၍ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ရှေးဟောင်းပစ္စည်းများ တွေ့ရှိပါက နိုင်ငံတော်သို့အပ်နှံရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းပစ္စည်းများ အပ်နှံပါက အပ်နှံသူအား နိုင်ငံတော်မှ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးနေကြောင်း၊ ရှေးဟောင်းပစ္စည်းများသည် မိမိတို့နိုင်ငံ၏ သမိုင်းအမွေအနှစ် အထောက်အထားများပင်ဖြစ်၍ ရှေးဟောင်းပစ္စည်းများ တရားမဝင် ရောင်းဝယ်မှုမရှိအောင် ကာကွယ်တားဆီးကြရန် အရေးကြီးကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန စစ်ကိုင်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးသိန်းနှင့် ဝန်ထမ်းများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းသန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲအပြီးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဘုတလင်မြို့နယ် တွင်းတော်ကျေးရွာ၌ ကြေးခေတ် ရှေးဟောင်းပစ္စည်းများ တွေ့ရှိမှုကို သွားရောက်ကြည့်ရှုခဲ့ကြသည်။ တွင်းတော်ကျေးရွာအနီးတွင် တွေ့ရှိသည့် ကြေးခေတ် ရှေးဟောင်းပစ္စည်းများနှင့် ရွာသစ်ကျေးရွာ မဟာလောကမာရဇိန် နတ်ရဲတောင်ဘုရားကြီးရှိ သဲကျောက်ထွင်း ရာမရုပ်စုံများနှင့် ရှေးဟောင်းပစ္စည်းများကို ညောင်ကန်ကျေးရွာ၌ ထိန်းသိမ်းထားကြောင်း သိရသည်။

**ဖိုးခါး**

# စလင်းမြို့မဈေးကြီး၌ ရက်လွန်စားသောက်ကုန်များ လိုက်လံစစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့မဈေးကြီးအတွင်းနှင့် ဈေးပြင်ပတွင် ရောင်းချနေသော ဆိုင်များ၌ ရက်လွန်အစားအသောက်များ၊ နိုင်ငံတော်မှ တရားဝင်တားမြစ်ပိတ်ပင်ထားသော စားသုံးရန်မသင့်သည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်းမရှိစေရန်အတွက် မင်းဘူးခရိုင်နှင့် စလင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနများက ဦးဆောင်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ ရှစ်ခုမှ တာဝန်ရှိသူများ ပါဝင်သော စုပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

စစ်ဆေးရေးအဖွဲ့များသည် ဈေးအတွင်း အပြင်ရှိ စားသောက်ကုန်ရောင်းချသော ဆိုင်များကို လိုက်လံစစ်ဆေးရာတွင် ရက်လွန်နှင့် စားသုံးရန်မသင့်သော မုန့်အမျိုးအစား ခုနစ်မျိုးကို ဆိုင်ခြောက်ဆိုင်၌ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ပြီး ဖျက်သိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားမှု၊ သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း ကြီးကြပ်မှုဖြင့် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီခွဲ၌ ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာနရှေ့တွင် ဒေသခံပြည်သူများအား မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ပေါင်မြို့မရဲစခန်းမှူး ဒုရဲမှူး ထွန်းဇော်ဦးနှင့် တာဝန်ရှိသူများ ဟောပြောစဉ် ၁၃၈

# မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးပြီး မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်




**မြိတ် ဖေဖော်ဝါရီ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်ရှိ အဆောင်ကောင်းကုမ္ပဏီ၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှု ဇာတ်တိုက် လေ့ကျင့်ခြင်းများကို မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကုမ္ပဏီဝန်ထမ်းများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၄ ရက်က ဆောင်ရွက်ခဲ့သည်။

မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ကုမ္ပဏီ စက်ရုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ရေပိုက်များ စနစ်တကျ ထားရှိမှုများကို လိုက်လံစစ်ဆေးကြသည်။ ထို့နောက် ခရိုင်မီးသတ်ဦးစီးဌာနမှူး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၁၈ ဦးနှင့် ကုမ္ပဏီဝန်ထမ်း ၄၅ ဦးတို့က မီးသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ရာ ကုမ္ပဏီဝန်ထမ်းများက မီးလောင်မှုတွင် မီးသတ်ဆေးဘူးဖြင့် ကနဦးမီးငြိမ်းသတ်ခြင်း၊ ကုမ္ပဏီရှိ သွယ်တန်းထားသော ရေပိုက်များမှ မီးသတ်ယာဉ်သို့ ရေဖြည့်တင်းပေးခြင်း၊ အပေါ့စားမီးသတ်စက်များ အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ လုပ်ငန်းခွင်အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များနှင့် ကုမ္ပဏီဝန်ထမ်းများက ဝင်ရောက်ကယ်ဆယ်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ခိုင်ထူး(မြိတ်)**

# ဆီးချိုရောဂါကြောင့်ဖြစ်သော အာရုံကြောအားနည်းရောဂါအကြောင်း စာတမ်းဖတ်

**ဘားအံ ဖေဖော်ဝါရီ ၂၆**

ကရင်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်းနှင့် ခုတင် ၅၀ ဆံ့ ဘားအံတိုင်းရင်းဆေးရုံတို့ ပူးပေါင်းပြီး ဆီးချိုရောဂါကြောင့်ဖြစ်သော အာရုံကြောအားနည်းရောဂါအကြောင်း စာတမ်းဖတ်ပွဲကို ဘားအံမြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲတွင် သဘာပတိ ဦးအောင်ပွင့်က အမှာစကားပြောကြားပြီး လှိုင်းဘွဲ့မြို့နယ် တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဦးချစ်ညွန့်၊ ဒုလက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်နီလာဝင်းနှင့် ခုတင် ၅၀ ဆံ့ ဘားအံတိုင်းရင်းဆေးရုံမှ တိုင်းရင်းဆေးမှူး ဦးဇော်မိုးထွေးတို့က ၎င်းတို့ပြုစုထားသော ဆီးချိုရောဂါကြောင့်ဖြစ်သည့် အာရုံကြောအားနည်းရောဂါဆိုင်ရာ စာတမ်းကို ဖတ်ကြားရှင်းလင်းတင်ပြခဲ့သည်။

"ဆီးချိုရောဂါကြောင့်ဖြစ်သော အာရုံကြောအားနည်းရောဂါအကြောင်း စာတမ်းပြုစုတာက ဆီးချိုရောဂါကြောင့်ဖြစ်တဲ့ အာရုံကြောအားနည်းရောဂါကို တိုင်းရင်းဆေးပညာဖြင့် စနစ်တကျ ကုသပေးနိုင်ခြင်းဖြင့် ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ အထောက်အကူပြုဖို့နဲ့ ဆီးချိုရောဂါကြောင့်ဖြစ်သော အာရုံကြောအားနည်းရောဂါ ကုသရာမှာ ပိုမိုထိရောက်တဲ့ ကုထုံးများပေါ်ထွက်လာစေရန် ပြုလုပ်တာဖြစ်ပါတယ်"ဟု ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးတင့်လွင်က ပြောသည်။

ဆီးချိုရောဂါကြောင့်ဖြစ်သော အာရုံကြောအားနည်းရောဂါ၏ လက္ခဏာများမှာ ခြေလက်နာခြင်း၊ မောပန်းခြင်း၊ ခြေထောက်နှင့်လက်များရှိ ကြွက်သားများ ပုံမှန်အလုပ်မလုပ်နိုင်တော့ဘဲ ယိုယွင်းပျက်စီးလာခြင်း၊ မကြာခဏ ဝမ်းချုပ် ဝမ်းပျက်ခြင်း၊ နှာခေါင်းပိတ်ခြင်း၊ အန်ခြင်း၊ အစာမကြေခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုးခြင်း၊ အမျိုးသမီးများ ဆီးရောဂါများဖြစ်ခြင်းနှင့် ရုတ်တရက်ထလျှင် မူးဝေခြင်း၊ ကြွက်သားများစူး၍နာကျင်ခြင်း၊ ကြွက်တက်ခြင်းစသည့် လက္ခဏာများဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# ကျေးရွာချင်းဆက်လမ်းသစ် ဖွင့်လှစ်

**ကသာ ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် မိုးတားကြီးကျေးရွာ ကျေးရွာချင်းဆက်မြေနီလမ်းသစ် ဖွင့်ပွဲကို အဆိုပါကျေးရွာ၌ ဖေဖော်ဝါရီ ၂၃ရက်က ကျင်းပခဲ့သည်။

လမ်းသစ်ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက အမှာစကားပြောကြားပြီး ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတိုးကြည်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းဆန်းက ကျေးရွာများရွေးချယ်ပုံနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၁၀၀ဖြင့် လေးဖာလုံသာ ခင်းရန်ဖြစ်သော်လည်း ကျေးရွာမှ လုပ်အားတန်ဖိုး ကျပ် ၃၅ သိန်း ပါဝင်မှုနှင့် တိုင်းဒေသကြီးလွှတ်တော်မှ ရန်ပုံငွေ ကျပ်သိန်း ၅၀ ပါဝင်မှုတို့ကြောင့် လမ်းအရှည် ၂ မိုင် ၁ ဖာလုံအထိ ခင်းနိုင်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# သံဃာတော်များအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**တပ်ကုန်း ဖေဖော်ဝါရီ ၂၆**

နေပြည်တော် ဥတ္တရခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာရဲအောင်ထွန်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက တပ်ကုန်းမြို့နယ် ဆရာစ်ရပ်ကွက် ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်မှ ဆရာတော်၊ သံဃာတော်နှင့် ရှင်သာမဏေများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ဖေဖော်ဝါရီ ၂၃ ရက်က ဆောင်ရွက်ပေးခဲ့သည်။

နား နှာခေါင်း လည်ချောင်း၊ သွားနှင့်ခံတွင်း၊ အရေပြား၊ မျက်စိ အထူးကုဆရာဝန်ကြီးများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာသင်တိုက်မှ ဆရာတော် သံဃာတော်နှင့် ရှင်သာမဏေများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းဖြစ်ကာ ကျန်းမာရေးစောင့်ရှောက်ပေးရာတွင် လိုအပ်သည်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် မြို့မိမြို့ဖအဖွဲ့များက လာရောက်ကြည့်ရှု ကူညီဆောင်ရွက်ပေးခဲ့ပြီး ဆရာတော် သံဃာတော်နှင့် ရှင်သာမဏေ စုစုပေါင်း အပါး ၅၀ အား ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် အာဟာရအခြေအနေ ဆန်းစစ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် ပရိယတ္တိစာသင်တိုက်တွင် နေထိုင်သော သံဃာတော် သာမဏေများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အကျင့်ကောင်းများဖြစ်သည့် တစ်ကိုယ်ရည်သန့်ရှင်းရေး၊ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာများကို သိရှိစေရန်နှင့် သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေးအတွက် သိကောင်းစရာများကိုလည်း ဆရာဝန်များက ဟောပြောခဲ့ကြသည်။

**တင်စိုးလွင်**





# လေးကျွန်းဆီမီးစေတီ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ လေးကျွန်းဆီမီးစေတီတော်တွင် (၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၄ ရက်က စေတီတော် ဗုဒ္ဓသာသနာ့ဗိမာန်၌ စတင်ဖွင့်လှစ်ပြီး ဆရာတော် သံဃာတော်များအား စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစံရည်က ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ကျင်းပခြင်းနှင့်ပတ်သက်၍ လျှောက်ထားသည်။ ထို့နောက် စေတီတော် ဩဝါဒါစရိယ ကန်သာကျောင်းတိုက်ဆရာတော်က သီလချီးမြှင့်ပြီး ဧည့်ပရိသတ်များက သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်နေ့အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး တပေါင်းလပြည့်ကျော် ၁ ရက် ညနေပိုင်းတွင် စေတီတော်ရင်ပြင်၌ စေတီတော် ဩဝါဒါစရိယဆရာတော်၊ သံဃာတော်များနှင့် သီလရှင် ၁၁၄ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

**မြို့နယ်(ပြန်/ဆက် )**

# တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများ မီးဘေးလုံခြုံရေး ကြည့်ရှုစစ်ဆေး

**ဒီမောဆို ဖေဖော်ဝါရီ ၂၆**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုမည့် စာစစ်ဌာနများတွင် စာမေးပွဲဖြေဆိုနေသည့်ရက်များအတွင်း မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပေါ်စေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများအဖွဲ့က စာစစ်ဌာနများသို့ ဖေဖော်ဝါရီ ၂၄ ရက်က ကွင်းဆင်း၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရန်မျိုးကျော်၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ငြိမ်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုတိယမီးသတ်ဦးစီးမှူး ဦးကြည်စိုးဟန်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ စာစစ်ဌာနများဖြစ်သော အခြေခံပညာအထက်တန်းကျောင်း(ဒီမော့ဆို) စာစစ်ဌာန၊ အခြေခံပညာအထက်တန်းကျောင်း (ဒေါ်ငံခါး)စာစစ်ဌာနနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဒေါတမငယ်) စာစစ်ဌာနများတွင် မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးကြိုးများ သွယ်တန်းထားမှု၊ မီးသတ်ဆေးဘူး ထားရှိမှုနှင့် ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် လျှပ်စစ်မီးသုံးစွဲမှု အခြေအနေများကို လိုက်လံစစ်ဆေးခဲ့ကြသည်။



အလားတူ မြို့နယ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများကလည်း စာမေးပွဲကာလအတွင်း လျှပ်စစ်မီးပြတ်တောက်မှု မရှိစေရေးအတွက် မီးကြိုးနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ကြိုတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ်တွင် SRI စိုက်ပျိုးနည်းစနစ်ဖြင့် နွေစပါး ဧက ၂၀ စတင်စမ်းသပ်စိုက်ပျိုး

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂၆**

ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းရေလှောင်တမံဒေသ၌ ၂၀၁၈ ခုနှစ်အတွင်း နွေစပါး ဧက ၂၀၀ ကို စိုက်ပျိုးကြမည်ဖြစ်ရာ စပါးပင်၏စွမ်းအား အဖွံ့ဖြိုးဆုံးအခြေအနေများ ရရှိစေရေးအတွက် စပါးစွမ်းအားဖွင့်စိုက်ပျိုးနည်း(SRI)စနစ်ဖြင့် နွေစပါးစံပြကွက် ဧက ၂၀ ကို စတင်စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်ထားပြီဖြစ်ကြောင်း သိရသည်။

စပါးစွမ်းအားဖွင့်စိုက်ပျိုးနည်း(SRI)စနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် မနောသုခ စပါးမျိုးများကို ပျိုးထောင်ထားရာမှ ဖေဖော်ဝါရီ ၂၃ ရက်တွင် စပါးစံပြကွက်စိုက်ပျိုးမည့် လယ်ကွက်များသို့ စတင်ပြောင်းရွှေ့စိုက်ပျိုးခဲ့ကြကာ ထိုသို့ ပြောင်းရွှေ့စိုက်ပျိုးသည့် ကွင်းသရုပ်ပြပွဲသို့ အနီးဝန်းကျင်ကျေးရွာများမှ တောင်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာခဲ့ကြသည်။

“SRI စပါးစိုက်ပျိုးနည်းစနစ်မှာ စပါးပျိုးသက် ရှစ်ရက်ကနေ ၁၂ ရက်သားအတွင်း ပျိုးသက်နုနုကို ပင်ကြားတန်းကြား ၁၀ လက်မစီဖြင့် စိုက်ပျိုးပြီး စိုက်ခင်းကို ရေသွင်းရေခမ်းစနစ် ကျင့်သုံးတဲ့စနစ် ဖြစ်ပါတယ်၊ တစ်ဧကအတွက် မျိုးစေ့ နို့ဆီဘူး ၁၀ ဘူးခန့်သာ လိုပါတယ်၊ မျိုးစေ့ကုန်ကျမှုနည်းပြီး စပါးပင်ရဲ့စွမ်းအားများ အဖွံ့ဖြိုးဆုံး အခြေအနေများကို ဖန်တီးပေးနိုင်ပါတယ်၊ အရည်အသွေးကောင်းစပါးများကို အထွက်နှုန်း ၁၅၀ ကျော် ရရှိစေနိုင်တဲ့အတွက် တောင်သူများ စီးပွားရေးတွက်ခြေကိုက်စေတဲ့ စိုက်ပျိုးနည်းစနစ်ဖြစ်ပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက SRI စိုက်ပျိုးနည်းစနစ်အကြောင်းကို ရှင်းပြသည်။

ကွင်းသရုပ်ပြပွဲတွင် ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြတ်မင်းထွေးနှင့် မြို့နယ်ဦးစီးမှူး ဦးထင်အောင်ကြွယ်တို့က ဒေသခံတောင်သူများအား SRI စပါးစိုက်ပျိုးနည်းစနစ်အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြပြီး တောင်သူများ လေ့လာဖတ်ရှုနိုင်ရန် SRI စနစ်ဖြင့် စပါးစိုက်ပျိုးနည်းစနစ်အကြောင်းဆိုင်ရာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြသည်။

**(၁၀၁)**

# ဗိုလ်တထောင်မြို့နယ်၌ လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်းကို သိရှိရှောင်ရှားနိုင်စေရန် ရည်ရွယ်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ပြည်သူ့စကားဝိုင်း(Public Talk)ကို လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဗိုလ်တထောင်မြို့နယ် YMCA ခန်းမ၌ ကျင်းပသည့် အဆိုပါ ပြည်သူ့စကားဝိုင်းတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူး၊ YMCA အထွေထွေအတွင်းရေးမှူး ဒေါက်တာသာညဏ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇင်မင်းမင်းလတ်၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ရဲအုပ်ချစ်ကိုမြင့်(မူးယစ်ဗဟို) တို့က မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်များ၊ ပြစ်ဒဏ်များနှင့် မူးယစ်ဆေးကြောင့် ယနေ့ခေတ်လူငယ်လူရွယ်များ လမ်းမှားမရောက်စေရေး၊ မူးယစ်ဆေးသုံးသူ ပပျောက်ရေး စသည်တို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် အတွေ့အကြုံများနှင့်တကွ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါပြည်သူ့စကားဝိုင်းသို့ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၃၀၀ ခန့် တက်ရောက်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# နာရေးကူညီမှုအသင်းအတွက် ကားတစ်စီး ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာအုပ်စုရှိ ‘သုံးရောင်ခြယ်’ နာရေးကူညီမှုအသင်းအတွက် ရွှေရောင်လွှမ်းတဲ့လက်များ မြို့မမောင်ရောင်တော်ဖွင့်အဖွဲ့(နေပြည်တော်)မှ နာရေးကားတစ်စီးကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။

သော်မှော်ကုန်းကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် လှူဒါန်းပွဲတွင် ရွှေရောင်လွှမ်းတဲ့လက်များ မြို့မမောင်ရောင်တော်ဖွင့်အဖွဲ့(နေပြည်တော်) ဥက္ကဋ္ဌ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချစ်ဆွေက နာရေးကားလှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နာရေးကားအဖြစ် အသုံးပြုရန် အေဒီဗင်ကားတစ်စီးနှင့် သက်ဆိုင်ရာစာရွက်စာတမ်းများကို အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ‘သုံးရောင်ခြယ်’ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးမိုးမြင့်ကျော်ထံသို့ ပေးအပ်ခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကျေးရွာသုံးထင်းစိုက်ခင်းမှထွက်သော ထင်း၊ တိုင်နှင့် မျောများ အခမဲ့ဖြန့်ဝေပေး

**မလှိုင် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ပျိုးထားသော ကျေးရွာသုံးထင်းစိုက်ခင်းများမှ ထင်း၊ တိုင်နှင့် မျောများကို ဒေသခံပြည်သူများထံသို့ ဖေဖော်ဝါရီ ၂၄ ရက်က အခမဲ့ဖြန့်ဝေပေးခဲ့သည်။ မလှိုင်မြို့နယ်အတွင်း ကျေးလက်ဒေသနေပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ထင်း၊ တိုင်နှင့် မျောများကို ရရှိစေရန်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ကျေးရွာသုံးထင်းစိုက်ခင်းများကို စိုက်ပျိုးထားရာ မြောက်လည်အဆိုပြုကြိုပြင်ကာကွယ်တော၌ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်က စိုက်ပျိုးခဲ့သည့် ၃/၂၀၀၉ ကျေးရွာစိုက်ခင်း ဧက ၅၀ နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးခဲ့သည့် ၃/၂၀၁၀ ကျေးရွာစိုက်ခင်း ဧက ၅၀ မှ ရရှိသော ထင်း၊ တိုင်နှင့်မျောများကို ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးထွန်း(၁)နှင့် ဦးစီးအရာရှိ ဦးမောင်မောင်နိုင်တို့ ဦးစီးသော သစ်တောဝန်ထမ်းများက လက်စွေ့ကျေးရွာအုပ်စု မြောက်လည်(အရှေ့)ကျေးရွာနှင့် မြောက်လည်ကျေးရွာအုပ်စု မြောက်လည်(အနောက်)ကျေးရွာတို့မှ ဒေသခံပြည်သူများထံသို့ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

မလှိုင်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်ကျေးရွာသုံးထင်းစိုက်ခင်းများ စိုက်ပျိုးလျက်ရှိပြီး သက်တမ်းငါးနှစ်ပြည့်ပြီးသော ထင်းစိုက်ခင်းများမှ ထွက်သော ထင်း၊ တိုင်နှင့် မျောများကို ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများထံသို့ အခမဲ့ ဖြန့်ဝေပေးကာ ထင်း၊ တိုင်နှင့် မျောများ ထုတ်ယူပြီးသော စိုက်ခင်းမြေနေရာများတွင် ကျေးရွာသုံးထင်းစိုက်ခင်းများ ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဦးစီးအရာရှိထံမှ သိရသည်။

**ဘိုဘို**

# ကမ်းပြိုကျမှုကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ တည်ဆောက်

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ရှမ်းကွင်းကျေးရွာ၌ မြို့လယ်ချောင်း ရေတိုက်စားမှုကြောင့် ကမ်းပြိုကျမှုကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်မှစတင်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက တည်ဆောက်လျက်ရှိရာ ရှမ်းကွင်းကျေးရွာတွင် ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း ဆောင်ရွက်လျက်ရှိသည်။



တိုင်းဒေသကြီး (BRCCA) အဖွဲ့နှင့် မြို့နယ်အဖွဲ့အစည်းဖြစ်သော ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီအဖွဲ့တို့က ရှမ်းကွင်းကျေးရွာ ကျောက်စီမြေထိန်းနံရံ အချိန်မီပြီးစီးရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျောက်စီမြေထိန်းနံရံလုပ်ငန်းကို တိုင်းဒေသကြီး (B.E) ရန်ပုံငွေကျပ်သန်း ၁၆၀ အကုန်အကျခံ၍ ရှမ်းကွင်းကျေးရွာ မြို့လယ်ချောင်းရေတိုက်စားခြင်းမှကာကွယ်ရန် အလျားပေ ၈၀၀ အတွက် တည်ဆောက်သွားမည်ဖြစ်သည်။ အမာခံရရှိစေရန် မျှောပိုင်ရိုက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီး၍ သံကူကွန်ကရစ်နံရံအမြင့်လေးပေတည်ဆောက်ကာ ရေတိုက်စားသည့် ချောင်းကမ်းပါးလျှောစောင်းအလျား ၁၆ ပေခန့်ကို ကျောက်ကြီးစီခြင်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းက ပြောကြားသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**



**၂၀၁၇ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာများနှင့် သီလရှင်ဆရာလေးများ စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကို လှိုင်မြို့နယ် (၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမကျောင်းတိုက်၌ ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပစဉ်။**

အခမ်းအနားတွင် ဌာနဆိုင်ရာများနှင့်အလှူရှင် ဒေါက်တာ ဝင်းမြင့်နှင့် ဇနီး သီဟ သုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး မိသားစုတို့က စုပေါင်းပြီး အလှူငွေကျပ်သိန်းတစ်ရာကျော် ဆက်ကပ်လှူဒါန်းခဲ့ကြစဉ်။ မီးမီး (လှိုင်)

## မှုခင်းအသိပညာပေး ဆိုင်းဘုတ် စိုက်ထူ

**ရမ်းဗြဲ ဖေဖော်ဝါရီ ၂၆**

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ ဖေဖော်ဝါရီ ၂၃ ရက်က အမှတ် ၄ ရပ်ကွက်အတွင်း ဗိုလ်ချုပ်လမ်းနှင့် ဦးဥတ္တမလမ်းဆုံ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းနှင့် အမှတ် (၃) ရပ်ကွက် အင်းတောင်တံတားထိပ်လမ်းဆုံ၌ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**၁၅၇**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရန်ပုံငွေ ပေးအပ်

**ရေတာရှည် ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး (VDP) စီမံကိန်းဖြင့် ရန်ပုံငွေကျပ် သိန်း ၁၀၀ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်က သပြေတန်းကျေးရွာ၌ ကျင်းပခဲ့သည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး (VDP) စီမံကိန်းသည် ကဏ္ဍပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် ပြည်သူများပါဝင်ဆောင်ရွက်ပြီး ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်၍ ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

"လက်ရှိ ဦးစားပေးလုပ်ငန်းဖြစ်တဲ့ ကျေးရွာတွင်းလမ်း ကျောက်ချောလမ်းကို အကျယ် ၁၀ ပေ၊ အရှည် ပေ ၁၅၀၀ ကို ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၊ ကျေးရွာနေ ဒေသခံတွေထည့်ဝင်ငွေကျပ် ၃၂ သိန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွှန့်က ပြောကြားသည်။ **ကိုလွင် (ဆွာ)**



## ရှေးဟောင်းသမိုင်းဝင် သီပေါ ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်

**သီပေါ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က အဆိုပါ ဘုရားကြီးအရှေ့မုခ်ဦး၌ ကျင်းပရာ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ ဘုရားကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်စိုင်းနှင့် မြို့မိမြို့ဖ ဦးစိုင်းချစ်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး (လားရှိုး) ဦးကျော်သူဇော်က ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။



ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စေတီတော်ကြီး၏ မုခ်လေးမုခ်၌ ကိန်းဝပ်စံပယ်တော်မူကြသည့် ရတနာမာန်အောင်၊ ရတနာဉာဏ်အောင်၊ ရတနာရန်အောင်နှင့် ရတနာစျာန်အောင် မြတ်ဘုရားလေးဆူတို့အား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ပေါ်ကြိုဘုရားကြီး၏ ၁၃၇၉ ခုနှစ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း ဓမ္မပူဇာကို သြဝါဒါစရိယဆရာတော်ကြီးများနှင့် ကျောင်းတိုက်များမှ သံဃာတော်အရှင်သူမြတ် ၉၇ ပါးတို့က နေ့စဉ်အလှည့်ကျ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၁ ရက်အထိ အသံမစဲ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

## ဂန့်ဂေါခရိုင် ဆောမြို့၌ ယင်လုံအိမ်သာ သုံးစွဲနိုင်ရေး ထောက်ပံ့

**ဆော ဖေဖော်ဝါရီ ၂၆**

ဂန့်ဂေါခရိုင် ဆောမြို့၌ ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲနိုင်ရေး ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အိမ်သာခွက်များ ထောက်ပံ့ထားရာ အဆိုပါ နေအိမ်များအတွက် အိမ်သာခွက်များကို ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက် တို့တွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းပေးအပ်ကြသည်။

ထောက်ပံ့ထားသည့် အိမ်သာခွက်များမှာ သီရိရပ်ကွက်အတွက် ၉၆ လုံးနှင့် ဇေယျာရပ်ကွက်အတွက် အလုံး ၆၀ တို့ဖြစ်သည်။ အဓိက ပျက်စီးနေသည့် အိမ်သာခွက်များနှင့် အိမ်သာမရှိသည့် အိမ်ခြေများအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ်က ကောက်ယူခဲ့သည့် စာရင်းအရ ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်သူတို့၏ ကျန်းမာရေးအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်စေခြင်းတို့ကိုလည်း အဆိုပါ ပူးပေါင်းအဖွဲ့က ဟောပြောဆွေးနွေးခြင်းနှင့် အသိပညာပေးခြင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၁၀၁**

## အလုပ်အကိုင်အခွင့်အလမ်းပေးအပ်ရာ၌ အလုပ်ရှင်များအနေဖြင့် မသန်စွမ်းများကို ယုံကြည်မှုနည်းနေ

**ဘားအံ ဖေဖော်ဝါရီ ၂၆**

အလုပ်အကိုင်အခွင့်အလမ်းပေးအပ်ရာတွင် အလုပ်ရှင်များအနေဖြင့် မသန်စွမ်းသူများကို ယုံကြည်မှုနည်းနေကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးမြတ်သူဝင်းက ပြောသည်။

ဘားအံမြို့ ဂါဘင်နာဟိုတယ်ခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်သော နိုင်ငံသားမသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် လုပ်ငန်းခွင်ဝင်ရောက်မှု တိုးမြှင့်ရရှိစေရေး အသိပညာပေးတွေ့ဆုံပွဲတွင် အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

"ဥပဒေအရ လုပ်ငန်းသဘောအနေအထား လိုအပ်ချက်ကလွဲလို့ မသန်စွမ်းသူတွေကို အကြောင်းပြုပြီး ခွဲခြားဆက်ဆံခြင်းမပြုရဘူးဆိုတာ ပြဋ္ဌာန်းပြီးဖြစ်တယ်၊ မသန်စွမ်းသူတွေအတွက် ဥပဒေတော့ ပေါ်ထွက်လာပြီ၊ လက်တွေ့အသက်ဝင်မှုအားက လျော့နည်းနေသေးတယ်၊ မသန်စွမ်းသူတွေ အခွင့်အရေးကို သုံးသပ်တဲ့အခါ မသန်စွမ်းသူတွေရဲ့ ပညာသင်ကြားတဲ့အခွင့်အရေးဟာ ဘယ်တော့မှတန်းတူမရဘူး၊ အတန်းပညာအားနည်း၊ အတတ်ပညာရှိသလားဆိုတော့လည်း မရှိဘူး၊အဲဒါကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ အလွန်နည်းပါးတယ်၊ အလုပ်အကိုင်အခွင့်အလမ်းပေးတဲ့အခါ အလုပ်ရှင်တွေအနေနဲ့ မသန်စွမ်းသူတွေကို ယုံကြည်မှု အင်မတန်နည်းနေတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံ၌ မသန်စွမ်း ၁၀၀ ရှိလျှင် ၈၅ ရာခိုင်နှုန်းအထက်က အလုပ်အကိုင်အခွင့်အလမ်းမရရှိသေးဘဲ ၁၅ ရာခိုင်နှုန်းသာ အလုပ်ရှိနေပြီး မသန်စွမ်း ၅၀ ရာခိုင်နှုန်းကျော်သည် ကျပန်းလုပ်နေရကာ မသန်စွမ်းသူတွေအနေဖြင့် အရည်အချင်းနှင့်မကိုက်ညီသည့် အလုပ်များကို လုပ်ကိုင်နေရကြောင်း သိရသည်။

မသန်စွမ်းများကို အလုပ်အကိုင်ပေးရာမှာ သင့်တင့်လျောက်ပတ်သည့် နေရာထိုင်ခင်းမရှိသည့်အတွက် အဆင်မပြေမှုများရှိနေ၍ အလုပ်မရှိသည့်အတွက်ကြောင့် သူတစ်ပါးကို မှီခိုနေရပြီး ခွဲခြားဆက်ဆံခြင်းကို ခံနေရကာ မသန်စွမ်းအခွင့်အရေးရရန် ပိုပြီး အလှမ်းဝေးသွားကြောင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် လူ့အခွင့်အရေးတွေကအစ အများကြီးဆုံးရှုံးနစ်နာနေကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

မြန်မာနိုင်ငံ၌ မသန်စွမ်းဦးရေ ၂၃ သိန်းကျော်ရှိပြီး လူ ၁၀ သန်းကျော်ဟာ မသန်စွမ်းသူများနှင့် ပတ်သက်နေကြကြောင်း၊ ငါးယောက်တွင် တစ်ယောက်မှာ မသန်စွမ်းနှင့်ပတ်သက်ပြီး သွားလာရခက်ခဲသည့်သူ၊ အမြင်အာရုံအားနည်းသူ၊ ဉာဏ်ရည်မသန်စွမ်းသူနှင့် အကြားအာရုံမသန်စွမ်းသူဆိုသည့် မသန်စွမ်းသူဟူ၍ လေးမျိုးရှိကြောင်း သိရသည်။

"မသန်စွမ်းသူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးတဲ့နေရာမှာ သေသေချာချာဂရုစိုက်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိသေးပါဘူး၊ အလုပ်အကိုင်ဖန်တီးမပေးနိုင်ပေမယ့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းတွေ သင်ကြားပေးလျက်ရှိသလို ကူညီထောက်ပံ့မှုတွေ ပေးအပ်နေပါတယ်၊ မကြာခင်မှာ နည်းဥပဒေတွေ ပြည့်ပြည့်စုံစုံထွက်ပေါ်လာတော့မှာဖြစ်တဲ့အတွက် စက်ရုံ၊ အလုပ်ရုံ၊ ရုံးဌာနအလိုက် မသန်စွမ်းသူတွေကို အလုပ်ခန့်အပ်ပေးရတော့မှာပါ၊ မခန့်လို့မရတော့ဘူး" ဟု ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောသည်။

ကရင်ပြည်နယ်အတွင်း၌ အမြင်အာရုံအားနည်းသူ ၄၄၆ ဦး၊ ဉာဏ်ရည်မသန်စွမ်းသူ ၈၅၁ ဦး၊ အကြားအာရုံမသန်စွမ်းသူ ၇၅၄ ဦးနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူ ၂၁၀၈ ဦး ရှိကြောင်း သိရသည်။

**မင်းထွန်းဇော်**

# မြန်မာနိုင်ငံအိမ်ရှင်အဖြစ် ကျင်းပရမည့် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံ

**ခင်နှင်းဦး**

အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of Southeast Asian Nations) ကို ၁၉၆၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အသင်းဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်းသည် စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ စစ်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည်တို့ကို ဒေသတွင်းရှိ အစိုးရအချင်းချင်း အတူပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် အရှေ့တောင်အာရှနိုင်ငံများကို ဒေသတွင်းအသိုက်အဝန်းတစ်ခုအဖြစ် တည်ဆောက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ပါသည်။

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများအသင်း (Congress of Southeast Asia Librarians) ကို ၁၉၇၀ ပြည့်နှစ်၌ စင်ကာပူတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဤအသင်းသည် ဒေသတွင်းရှိ စာကြည့်တိုက်ပညာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များ၊ စာကြည့်တိုက်များ၊ စာကြည့်တိုက်ပညာနှင့် ဆက်စပ်သောအဖွဲ့အစည်းများ အချင်းချင်းပူးပေါင်း၍ စာကြည့်တိုက်ပညာရပ်နယ်ပယ် တိုးတက်မြင့်မားလာစေရေး လက်တွဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ပါသည်။ ဤအသင်းတွင် အာဆီယံနိုင်ငံများရှိ စာကြည့်တိုက်အသင်းများနှင့် အမျိုးသားစာကြည့်တိုက်များက ဦးဆောင်ပြီး ဒေသတွင်းရှိ နိုင်ငံများ၏ စာကြည့်တိုက်ပညာရပ်နှင့် စာကြည့်တိုက်လုပ်ငန်းများ တိုးတက်လာစေရန် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြပါသည်။

**သုံးနှစ်တစ်ကြိမ် ကျင်းပ**

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို သုံးနှစ်တစ်ကြိမ် ကျင်းပပြီး အဖွဲ့ဝင်နိုင်ငံများက အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျတာဝန်ယူ ဆောင်ရွက်ပေးရပါသည်။ ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံက (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် (၁၇) ကြိမ်မြောက်ညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက တာဝန်ယူကျင်းပပေးရမည် ဖြစ်ပါသည်။ အိမ်ရှင်နိုင်ငံသည် သုံးနှစ်တာကာလအတွင်း ပထမနှစ်နှင့် ဒုတိယနှစ်တွင် တစ်နှစ်လျှင်တစ်ကြိမ် အရှေ့တောင်အာရှနိုင်ငံအသီးသီးမှ စာကြည့်တိုက်အသင်း အလုပ်အမှုဆောင်များ (Executive Board Meeting) အစည်းအဝေးကို ကျင်းပပေးရပြီး တတိယမြောက်နှစ်တွင် အာဆီယံနိုင်ငံများသာမက တခြား ကမ္ဘာ့အရှေ့အနောက်နိုင်ငံများမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရှင်များ၊ လေ့လာသူများ ပါဝင်တက်ရောက်ကြမည့် ညီလာခံကို ကျင်းပပေးရပါသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပရမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံကို မေ ၂ ရက်မှ ၅ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။ ယင်းညီလာခံကို အနာဂတ် စာကြည့်တိုက်ပညာရပ်များနှင့် စာကြည့်တိုက်များအတွက် အတူပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း (Next Generation Libraries: Collaborate and Connect) ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။

စာကြည့်တိုက်များသည် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို ပြသကြသည့် ကြေးမုံမှန်ပြင်များ ဖြစ်ကြပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အုပ်ချုပ်သူအစိုးရနှင့် တိုင်းသူပြည်သားများ၏ အသိဉာဏ်မြင့်မားမှု (သို့မဟုတ်) နိမ့်ကျမှုကို အဆိုပါနိုင်ငံရှိ စာကြည့်တိုက်များက ပြသပေးကြပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူ့အဖွဲ့အစည်း ယဉ်ကျေးမှု (Civilization) နှင့် အနုသုခုမယဉ်ကျေးမှု (Culture) အဆင့်အတန်း အခြေအနေမှန်ကို ထိုနိုင်ငံရှိ စာကြည့်တိုက်များ၏ အနေအထားက ပြသပေးကြပါသည်။

**ဖွံ့ဖြိုးတိုးတက်လျက်ရှိ**

အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားမှအပ ကျန်နိုင်ငံများရှိ စာကြည့်တိုက်အမျိုးအစားအားလုံး (အမျိုးသားစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ တက္ကသိုလ်ကောလိပ်စာကြည့်တိုက်နှင့် အထူးစာကြည့်တိုက်) ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစ၍ စာကြည့်တိုက်များ ပြန်လည်ရှင်သန်လာစေရန် အစိုးရဘက်မှရော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတစ်ဦးချင်းကပါ ကြိုးစားဆောင်ရွက်ခဲ့ကြပါသည်။ သို့ဖြင့်၍ ကိုယ်ထူကိုယ်ထစာကြည့်တိုက်များ၊ အသင်းအဖွဲ့များက တည်ထောင်သည့် စာကြည့်တိုက်များ ပြန်လည်တိုးပွားလာပါသည်။

အခြေခံပညာအထက်တန်းကျောင်းများရှိ စာကြည့်တိုက်အများစုသည် တံခါးပိတ်လျက် သေနေကြပေရာ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း (Myanmar Library Association) က အာရှဖောင်ဒေးရှင်း (Asia Foundation) ၏ ကူညီထောက်ပံ့မှုဖြင့် ၂၀၁၅ ခုနှစ်မှစ၍ ကျောင်းစာကြည့်တိုက်များ အားသစ်လောင်းရေးစီမံကိန်း (Re-energizing School Libraries Project) ကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် အထက်တန်းကျောင်း ၃ ကျောင်း၊ ၂၀၁၆ ခုနှစ်တွင် ၃ ကျောင်းနှင့် ၂၀၁၇ ခုနှစ်တွင် ၄ ကျောင်း စုစုပေါင်း ၁၀ ကျောင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ စာကြည့်တိုက်ပရိဘောဂများနှင့် ကွန်ပျူတာ စသည်တို့ကို ဖြည့်ဆည်းပေးပြီး ကျောင်းစာကြည့်တိုက်မှူးအဖြစ် တာဝန်ယူမည့်ဆရာ၊ ဆရာမများကို အခြေခံစာကြည့်တိုက်ပညာရပ်များ သင်ကြားပေးပါသည်။

**ခေတ်မီစာကြည့်တိုက်ပညာရပ်များ**

အာဆီယံဒေသတွင်းရှိ ကျောင်းစာကြည့်တိုက်များ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့ပါသည်။ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့ပြီး တတိယအကြိမ် ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို မလေးရှားတွင် ၂၀၁၇ ခုနှစ်၌ ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ၏ အစီအစဉ်တစ်ခုအဖြစ် မေ ၂ ရက်နေ့၌ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) တွင် စတုတ္ထအကြိမ် အာဆီယံဒေသတွင်း ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ခေတ်မီစာကြည့်တိုက်ပညာရပ်များကို တက္ကသိုလ်အဆင့် သင်ကြားနိုင်မှုကို ၁၉၇၁ ခုနှစ်ရောက်မှသာ စတင်နိုင်ခဲ့ပါသည်။ ကမ္ဘာနှင့်ယှဉ်ပါက တက္ကသိုလ်အဆင့် စာကြည့်တိုက်ပညာသင်ကြားမှု နောက်ကျသည်နှင့်အတူ စာကြည့်တိုက်လုပ်ငန်းကို အရေးကြီးသော လုပ်ငန်းတစ်ခုအဖြစ် သိသူ လက်ခံသူ နည်းပါးပါသည်။ ထို့အပြင် ၁၉၆၂ ခုနှစ်နောက်ပိုင်း တစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးမှုအားနည်းလာရာ ဒုတိယကမ္ဘာစစ်မတိုင်မီက အရှေ့တောင်အာရှတွင် အကောင်းဆုံးစာကြည့်တိုက်အဖြစ် ကျော်ကြားထင်ရှားခဲ့သော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည်ပင် အိမ်နီးချင်း ထိုင်းနိုင်ငံရှိ တက္ကသိုလ်စာကြည့်တိုက်များအောက် များစွာ နိမ့်ကျသွားပါသည်။

**ရန်ပုံငွေခွင့်ပြုပေးထား**

၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် တက္ကသိုလ်စာကြည့်တိုက်များကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခွင့်ရလာပါသည်။ ကျောင်းစာကြည့်တိုက်များ ပြန်လည်ဖွံ့ဖြိုးရှင်သန်စေရန် ပညာရေးဝန်ကြီးဌာနကလည်း ပြန်လည်အားပေးလာပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျောင်းစာကြည့်တိုက် ၁၀ ခုအတွက် ပြန်လည်အားသစ်လောင်းခြင်း ဆောင်ရွက်ရန် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသို့ ပညာရေးဝန်ကြီးဌာနက ရန်ပုံငွေခွင့်ပြုပေးထားပါသည်။

> **"၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံတွင် မင်းသမီး သီရိဒုံကိုယ်တိုင် လာရောက်ဖွင့်လှစ် အမှာစကားပြောကြားပေးပါသည်၊ ထိုင်းနိုင်ငံတစ်နိုင်ငံလုံးရှိ စာကြည့်တိုက်အသီးသီးမှ စာကြည့်တိုက်မှူးများစွာ ညီလာခံသို့ တက်ရောက်လာကြပါသည်၊ ၂၀၁၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံအိမ်ရှင်အဖြစ် ကျင်းပရမည့် ဤညီလာခံသို့ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးစာကြည့်တိုက်များ၊ အထူးစာကြည့်တိုက်များ၊ အသင်းအဖွဲ့များက ထူထောင်ထားသည့် စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ လက်မလွှတ်တမ်း တက်ရောက်သင့်ပါသည်"**

၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံတွင် မင်းသမီး သီရိဒုံကိုယ်တိုင် လာရောက်ဖွင့်လှစ် အမှာစကားပြောကြားပေးပါသည်။ ထိုင်းနိုင်ငံတစ်နိုင်ငံလုံးရှိ စာကြည့်တိုက်အသီးသီးမှ စာကြည့်တိုက်မှူးများစွာ ညီလာခံသို့ တက်ရောက်လာကြပါသည်။ ၂၀၁၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံအိမ်ရှင်အဖြစ် ကျင်းပရမည့် ဤညီလာခံသို့ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များ၊ အထူးစာကြည့်တိုက်များ၊ အသင်းအဖွဲ့များက ထူထောင်ထားသည့် စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ လက်မလွှတ်တမ်း တက်ရောက်သင့်ပါသည်။

မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်လာပြီး ၂၁ နှစ်အကြာ ၂၀၁၈ ခုနှစ်တွင်မှ မြန်မာသည် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံက နောက်တစ်ကြိမ် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် အလှည့်ကျရန် ဆယ်စုနှစ်ချီကြာမြင့်ဦးမည်ဖြစ်ပါသည်။ ယခုကျင်းပမည့် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံသည် ပြည်ပအတွေ့အကြုံရရန် ခက်ခဲသည့် မြန်မာစာကြည့်တိုက်မှူးများအတွက် အခွင့်အခါကောင်းဖြစ်ပါသည်။ ရက်တိုတိုအတွင်း ကမ္ဘာပေါ်၌ ဖြစ်ပေါ်ပြောင်းလဲနေသည့် စာကြည့်တိုက်ပညာရပ်များ၊ ဝန်ဆောင်မှုများ၊ စာစုများအကြောင်းကို တစ်နေရာတည်းတွင် လေ့လာသိရှိခွင့်ရကြမည် ဖြစ်ပါသည်။ ဝန်ကြီးဌာနများရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများကို ညီလာခံသို့ တာဝန်အရ တက်ရောက်သူများအဖြစ် (On Duty) စေလွှတ်သင့်ပါသည်။ ထိုစာကြည့်တိုက်မှူးများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပံ့ပိုးထောက်ကူသင့်ပါသည်။

**လိုအပ်လျက်ရှိ**

(၁၇) ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံတွင် စာအုပ်စာပေနှင့် စာကြည့်တိုက်ဆိုင်ရာ ပြခန်းများကိုလည်း ခင်းကျင်းပြသမည် ဖြစ်ပါသည်။ ပါဝင်ပြသလိုသော ထုတ်ဝေသူများ၊ စာကြည့်တိုက်ပရိဘောဂရောင်းချသူများ၊ တခြားမြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ပစ္စည်းများကို ခင်းကျင်းပြသလိုသူများ ပါဝင်ပြသနိုင်ပါသည်။ ထိုသို့ ပြသလိုသူများသည် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ အင်တာနက်တွင် ရှာဖွေကြည့်ရှုလိုသူများသည် www.consalxvii.org ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ဖတ်ရှု၍ ဆက်သွယ်နိုင်ပါသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို နိုင်ငံတော်အဆင့်ပွဲအဖြစ် နိုင်ငံတော်က ထောက်ပံ့ကူညီနေသော်လည်း အိမ်ရှင်နိုင်ငံအဖြစ် တင့်တင့်တယ်တယ် ကျင်းပနိုင်ရန် စေတနာရှင်များ၏ ကူညီပံ့ပိုးမှုများ လိုအပ်လျက်ရှိပါသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဤညီလာခံကို ထောက်ပံ့ကူညီလှူဒါန်း (Sponsorship) နိုင်ပါသည်။ ဤညီလာခံသို့ စာကြည့်တိုက်မှူးမဟုတ်သူများလည်း လေ့လာသူအဖြစ် တက်ရောက်နိုင်ပါသည်။ (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ရန် ကူညီဆောင်ရွက်ပေးမည့်သူများကို ညီလာခံကျင်းပရေးကော်မတီက လက်ကမ်းကြိုဆိုလျက်ရှိပါသည်။ ။

## ကျေးလက်မြစ်ရေတင် ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်



**ညောင်ဦး ဖေဖော်ဝါရီ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ညောင်ဦးမြို့နယ် ကန်ကြီးကုန်း (တ) ကျေးရွာ၊ ကန်ကြီးကုန်း (မ) ကျေးရွာ၊ ကောင်းတော်စစ်ကျေးရွာ၊ သဲပြင်တောကျေးရွာ၊ မကျီးတန်းကျေးရွာနှင့် ကွမ်းဖလားကျေးရွာတို့တွင် ထပ်မံ၍ ကျေးလက်မြစ်ရေတင် ပိုက်လိုင်းသွယ်တန်းတပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျေးလက်မြစ်ရေတင် ပိုက်လိုင်းသွယ်တန်းနေမှုအခြေအနေအား ဖေဖော်ဝါရီ ၂၂ ရက်က ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ရှိန်နှင့် ဝန်ထမ်းများအဖွဲ့က သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ကျေးရွာများအလိုက် ဆောင်ရွက်နေသည့် ကျေးလက်မြစ်ရေတင်လုပ်ငန်းခွင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နွေရာသီကာလ သောက်သုံးရေ အချိန်မီ ဖြန့်ဖြူးပေးသွားနိုင်ရေး အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် ရေပိုက်လိုင်းများ သွယ်တန်းတပ်ဆင်ရာတွင် ကြံ့ခိုင်ကောင်းမွန်မှုရှိပြီး ရေရှည်အသုံးပြုနိုင်အောင် စနစ်တကျဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားခဲ့ကာ လုပ်အပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဂန္ဓကုဋိတိုက်တော်အတွင်းမှ အပူဇော်ခံမည့် ကျုံမငေးမြို့ စွယ်တော်မြတ်

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

(၉၉) ကြိမ်မြောက် ကျုံမငေးမြို့အတုလဗုဒ္ဓမဟာစွယ်တော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလဆုတ် ၄ရက် ဗုဒ္ဓပူဇနိယပွဲတော် ၂၆-၂-၂၀၁၈ မှ ၅-၃-၂၀၁၈ နေ့အထိ ဇာတ်သဘင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံအလွန်ကောင်းသည့် ဒေသဖြစ်ပါသည်။ ထိုဒေသ၌ ရှေးခေတ်ကပင် မှီတင်းနေထိုင်ကြသော လူအပေါင်းတို့သည် စိုက်ပျိုးရေးကိုအဓိကထားဆောင်ရွက်လုပ်ကိုင်ကြသဖြင့် ဆန်စပါးပြည့်စုံကြွယ်ဝလှပေသည်။ ကုန်းကြောင်း၊ ရေကြောင်းများဖြင့် အလွယ်တကူသွားလာနိုင်ပေသည်။ သွားလာမှုများမှာ ကုန်းကြောင်း၊ ရေကြောင်းများဖြင့် အလွယ်တကူသွားလာနိုင်ပေသည်။ ဗုဒ္ဓဘာသာသာသနာ ထာဝစဉ်ထွန်းကားရာ ပဋိရူပဒေသလည်း ဖြစ်သည်။ ရှေးကပင် ဆပ္ပမထေရ်အပါအဝင် ဘုရားသားတော် အာဇာနည်ပုဂ္ဂိုလ်ကျော်များ ပေါ်ထွန်းရာဒေသလည်း ဖြစ်ပါသည်။

စာရေးသူသည် မွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့သို့ သွားရောက်၍ ဘုရားဖူးမြော်ရင်း သာသနာတော်စည်ပင်သာယာနေသည်များကို လေ့လာဖူးမြော်ခဲ့ရပေသည်။ ကျုံမငေးမြို့အား တည်ထားခဲ့သော ရှေးမြန်မာများ၏ အမြော်အမြင်ကြီးမားပုံကို အကြိမ်ကြိမ်လေးစားပြီး ရှိခိုးဦးတင်မိသည်။

အကြောင်းကား ကျုံမငေးမြို့တည်နေပုံလေးကား ကြည်နူးဖွယ်ကောင်း လှပေသည်။ သာသနာ့အရောင်ထွန်းလင်းပြောင်စေရန် တည်ထားခဲ့သည်ဟု ဆိုနိုင်ပေသည်။ ရွာစွန် ရွာဖျားအရပ်ရှစ်မျက်နှာတို့တွင် ဘုရားကျောင်းကန်စေတီ ပုထိုးများ တည်ထားကိုးကွယ်ခဲ့သည်ကား အံ့မခန်းဖြစ်မိပါသည်။

ယခုအခါ ကျုံမငေးမြို့၌ စက်ရုံဓမ္မရိပ်သာ၊ အုန်းပင်ပရိယတ္တိစာသင်တိုက်ကြီးများ၊ မဟာစည်သာသနာ့ရိပ်သာ၊ ဈေးကျောင်းပရိယတ္တိ စာသင်တိုက်၊ ရန်ကုန် (ပရဟိတ)ကျောင်း (မြစိမ်း) စသော ပရိယတ္တိရိပ်သာများ စည်ပင်တိုးပွားနေပါသည်။ ကျုံမငေးမြို့သည် လောကီအတွက်သာ အရေးပါလှသည်မဟုတ်။ သာသနာ့အတွက်လည်း အားတက်ဖွယ်ကောင်းသော ဒေသဖြစ်ပါသည်။

ကျုံမငေးမြို့ဟု လူသိများခြင်းမှာ ဘုရားကျောင်းကန်၊ အဆောက်အအုံများ၊ ရဟန်းသံဃာတော်များနှင့် ကျုံမငေးမြို့သူ မြို့သားများ၊ နယ်သူ နယ်သားများ၊ ရန်ကုန်နှင့်အဝေးရောက် ကျုံမငေးသားများ၏ မွန်မြတ်ကောင်းမွန်သော ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ကျုံမငေးကို လူသိများခြင်းဖြစ်ပါသည်။

ကျုံမငေးမြို့မှာ များစွာအစစအရာရာ တိုးတက်နေပြီဖြစ်ပြီး ဌာနဆိုင်ရာများ၏ တာဝန်ဝတ္တရားများ ကျေပွန်မှု၊ မြို့ခံများ၏ ကြိုးပမ်းမှုများကြောင့်ဖြစ်ပါသည်။ သာသနိက အဆောက်အအုံများမှာ များစွာကြည်ညိုတွေ့မြင်ဖူးမြော်ခဲ့ရပါသည်။

### တည်နေရာ

ကျုံမငေးမြို့သည် ဧရာဝတီမြစ်လက်တက်တစ်ခုဖြစ်သော ကျွန်းပြာသာဒ်မြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ အရှေ့ဘက်တွင် ဝါးခယ်မမြို့ အနောက်ဘက်တွင် လပွတ္တာမြို့ မြောက်ဘက်တွင် မြောင်းမြမြို့ တောင်ဘက်တွင် မော်လမြိုင်ကျွန်းမြို့နယ်များနှင့် နယ်နိမိတ်ချင်းထိစပ်လျက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အတွင်း တည်ရှိသောမြို့ဖြစ်သည်။

ကျုံမငေး သခင်တင်မောင်၊ သခင်ဘမောင်၊ သခင်တင်(ကျွန်းပြာသာဒ်၊ သခင်ဦးချောညွန့်၊ သခင်ကြာညွန့်၊ သခင်မ ဒေါ်နု၊ ဒေါ်အေးကျော့၊ ဒေါ်ရီ၊ ဒေါ်တင်အေး) စသည့် လွတ်လပ်ရေးကြိုးပမ်းသည့် ခေါင်းဆောင်များပေါ်ထွန်းခဲ့သည်။

### ရိုးသား ကြိုးစား ဧရာဝတီသား

ကျုံမငေးသူ ကျုံမငေးသားများသည် လွန်စွာရိုးသား၍လယ်ယာစိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်ကြသည်။ မိမိတို့ခြံမှ ထွက်ရှိသော ကြံ၊ မာလကာသီး၊ နာနတ်သီးများနှင့် မုန့်မျိုးစုံများကို တောင်းများ၊ ဇလုံများ၊ လင်ဗန်းများတွင်ထည့်၍ တစ်ခုလျှင် တစ်ပဲ ဟုစာကပ်ကာ အရောင်းဈေးသည်မရှိရောင်းချသည်ကို စားသုံးသူများကလည်း တစ်ခုယူလျှင် တစ်ပဲထားခဲ့သည့်ဓလေ့ကို ရိုးသားစွာ ဆောင်ရွက်သည့် မြို့သူ မြို့သားများဖြစ်ပေသည်။

### ဗုဒ္ဓဘာသာထွန်းကားရာဒေသ

ကျုံမငေးမြို့၌ ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးမှုများ ထာဝရပေါ်ထွန်းစေရန် ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များ စဉ်ဆက်မပြတ်ဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရသည်။ သို့ဖြစ်ရာ ကျုံမငေးမြို့ စွယ်တော်မြတ်ကြီးအား တည်ထားကိုးကွယ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒန ဘုရင်မင်းမြတ်၏ အဂ္ဂမဟေသီဖြစ်သော သီရိမဟာ မာယာဒေဝီတွင် ပဋိသန္ဓေတည်နေတော်မူပြီး ၆နှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် သန့်စင်မွေးဖွားတော်မူခဲ့ပါသည်။ ၂၉ နှစ်အရွယ်၌ တောထွက်၍ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် အတုမရှိသော သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ အင်္ဂါနေ့တွင် နံနက်အရုဏ်တက်ချိန် အမတကြဉာန်း နိဗ္ဗာန်နန်းဝယ် စံပယ်တော်မူ ခဲ့လေသည်။ ကျန်ရစ်ခဲ့ရှာသော ရုပ်ကလာပ်တော်မြတ်အား ကုသိနာရုံပြည် မလ္လာမင်းအပေါင်းတို့က အတောင်တစ်ရာ့နှစ်ဆယ်မြင့်သော စန္ဒကူးနံ့သာ ထင်းပုံထက်၌ တင်၍မီးပူဇော်ကြသောအခါ ရုပ်ကလာပ်တော်အသွင်မှ ဓာတ်တော်ပေါင်း ရှစ်စရွတ်(နှစ်တင်း) အသွင်ကို ကြည်ညိုဖွယ်ရာဖူးတွေ့ကြရသည်။ နဖူးသင်းကျစ်တော် တစ်ဆူ၊ စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်တစ်ဆူ၊ ဤခုနစ်ဆူသော ဓာတ်တော်တို့မှပကတိအတိုင်း ပုံသဏ္ဌာန်မပျက် သင့်တယ်စွာစံပယ်လျက်ရှိကြပေသည်။

လက်ယာအထက် ဓာတ်စွယ်တော်မြတ်ကိုသိကြားမင်းက ဒေါဏပုဏ္ဏားကြီး၏ ဦးသျှောင်အတွင်းမှ ပင့်ဆောင်ပြီးလျှင် တာဝတိံသာ နတ်ပြည်ရှိ စူဠာမဏိစေတီတော်အတွင်း၌ ပူဇော်ကိုးကွယ်ထားလေသည်။ လက်ယာအောက်ဓာတ်စွယ်တော်မြတ်ကို ဇေယျသေန နဂါးမင်းသည် ပုဏ္ဏားကြီး၏ ခြေမကြားမှ ပင့်ဆောင်၍ ဘောဂဝတီ နဂါးပြည်၌ ပူဇော်ထားရှိလေသည်။ နောင်အခါ သီဟိုဠ်ကျွန်း ကာကဝဏ္ဏတိဿ မင်းကြီးလက်ထက် မဟာဒေဝမထေရ်၏ တပည့်မဟိန္ဒမထေရ်သည် ထိုလက်ယာအောက် ဓာတ်စွယ်တော်မြတ်ကို နဂါးပြည်မှပင့်ဆောင်၍ သီဟိုဠ်ကျွန်း သေရုမြို့ အဘယမင်းထံ အပ်နှံပြီးလျှင် သေရုတောင်ကြား၌ စေတီတည်ကာ ဌာပနာ၍ ကိုးကွယ်လေသည်။

လက်ဝဲအထက် ဓာတ်စွယ်တော်မြတ်ကို ဂန္ဓာရာတိုင်းသား ရဟန္တာအရှင်မြတ်တစ်ပါးသည် ပုဏ္ဏားကြီး၏ ပုဆိုးကြားမှ ပင့်ဆောင်၍ ဂန္ဓာရပြည် (ယခုတရုတ်ပြည်) တွင် ပူဇော်ထားရှိလေသည်။ တာဝတိံနတ်ပြည်၌ လက်ယာအထက်ဓာတ်စွယ်တော်မြတ်၊ ဘောဂဝတီနဂါးပြည်၌ လက်ယာအောက် ဓာတ်စွယ်တော်မြတ်၊ ဂန္ဓာရတိုင်း (တရုတ်ပြည်)၌ လက်ဝဲအပေါ် ဓာတ်စွယ်တော်မြတ်၊ မဇ္ဈိမဒေသ ကာလိင်္ဂတိုင်း၌ လက်ဝဲအောက်ဓာတ်စွယ်တော်မြတ်တို့အား တစ်ပြည်တစ်ပြည်၌တစ်ဆူစီ တစ်ဆူစီ ပူဇော်ထားကြလေသည်။

လက်ဝဲအောက် ဓာတ်စွယ်တော်မြတ်၏ သဏ္ဌာန်တော်ပုံပန်းမှာ လက်သုံးသစ်ခန့် ရှည်၍ လုံးပတ်တော်မှာ လက်မဝက်ခန့်လောက်သာရှိ၏။ ထုသစ်စဖြစ်သော လဲဖော့ကဲ့သို့ ဖျော့ဖျော့ဖြူသော အဆင်းတော်ရှိလေသည်။

မြတ်စွာဘုရားရှင် စေတီတော်သည် ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီဟူ၍လေးပါးရှိသည်တွင် လေးသချေႋနှင့် ကမ္ဘာတစ်သိန်းဖြည့်ဆည်းဖူးတော်မူရာမှ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသော သုံးလောကဥက္ကဋ္ဌဘုရားမြတ်၏

> **"ကျုံမငေးမြို့ မြတ်စွယ်တော်သည် ဓာတုစေတီစွယ်တော်ပွားဖြစ်ပေသည်၊ မြတ်စွာဘုရား၏ ရုပ်ကလာပ်တော်အား အလိုလိုတေဇောဓာတ်ခပြီး မီးမငြိမ်းမီ "ခေမာ" အရှင်မြတ်ရဟန္တာမထေရ်သည် မီးအလျှံကြားသို့ ဝင်ရောက်ပြီး လက်ဝဲအောက် စွယ်တော်မြတ်ကို ယူငင်ကာ ကာလိင်္ဂပြည့်ရှင် ဘုရင်ဗြဟ္မဒတ်အား ပေးအပ်ခဲ့"**

ကိုယ်စား ကျောက်၊ အုတ်၊ သစ်၊ မြေ၊ ဘော်၊ ရွှေ၊ ကြေး၊ သံစသည်တို့ကို သွန်းခတ်ထုလုပ်သော ကိုယ်စားတော်ရုပ်ပွားဆင်တုတော် ဥဒ္ဒိဿစေတီ။

ဗုဒ္ဓဘုရားပွင့်တော်မူရာ မဟာဗောဓိပင်နှင့်တကွ ဒုကုဋ်၊ ကိုယ်ဝတ်၊ ခါးပန်း၊ သင်းပိုင်၊ မေကရိုဏ်၊ ရေသနုတ်တော်အစရှိသော ဘုရားအသုံးအဆောင်တော်ဟူသမျှသည် ပရိဘောဂစေတီ။

ဥဏ္ဏာလုံမွေးရှင်တော်နှင့်တကွ ဆံတော်၊ သွားတော်၊ စွယ်တော်၊ နဖူးသင်းကျစ်တော်၊ ညှပ်ရိုးတော် ဓာတ်တော်တို့သည် ဓာတုစေတီ။

ဓာတ်တော်ဆိုသည်မှာ ကိလေသာလုံးဝမရှိ၊ သန့်ရှင်းစင်ကြယ်တော်မူကြသော ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့၏ အသားတော်၊ အသွေးတော်၊ အရိုးတော်၊ ဆံတော်၊ မွေးညှင်းတော်တို့က ပြာမကျဘဲအလုံးအခဲလေးတွေဖြစ်ကာ တည်နေသည်ကို ဓာတ်တော်ဟု ခေါ်သည်။

ပဋိစ္စသမုပ္ပာဒ်တရားမြတ်နှင့်တကွ ပိဋကတ်သုံးပုံ အလုံးစုံသော မုက္ခပါဠိတော်သည် ဓမ္မစေတီစသည်များကို ဘုရား၏ကိုယ်စားတည်ထားကိုးကွယ်ခဲ့ကြပေသည်။

ကျုံမငေးမြို့မြတ်စွယ်တော်သည် ဓာတုစေတီစွယ်တော်ပွားဖြစ်ပေသည်။ မြတ်စွာဘုရား၏ ရုပ်ကလာပ်တော်အား အလိုလိုတေဇောဓာတ်ခပြီး မီးမငြိမ်းမီ "ခေမာ" အရှင်မြတ်ရဟန္တာမထေရ်သည် မီးအလျှံကြားသို့ ဝင်ရောက်ပြီး လက်ဝဲအောက် စွယ်တော်မြတ်ကို ယူငင်ကာ ကာလိင်္ဂပြည့်ရှင်ဘုရင် ဗြဟ္မဒတ်အား ပေးအပ်ခဲ့ပါသည်။

ကျုံမငေးမြို့ရှိ ဗုဒ္ဓ၏ လက်ဝဲအောက်စွယ်တော်ပွားအား မြန်မာသက္ကရာဇ် ၁၂၆၆ ခုနှစ်တွင် ပခုက္ကူမြို့ လေးထပ်တိုက်ဦးစီးနာယက ဆရာတော် ဦးဥတ္တမသည် ပခုက္ကူမြို့တွင် သီတင်းသုံးနေထိုင်ရင်း ဆရာတော်ဦးကြည်၊ ရသေ့ဦးရွှေဝ၊ ကပ္ပိယဦးဖေစိုးတို့နှင့်အတူ လင်္ကာဒီပကျွန်း(သီရိလင်္ကာနိုင်ငံသို့) စွယ်တော်မြတ်ဖူးမြော်ရန် သွားရောက်ခဲ့ကြပါသည်။

ဆရာတော်သည် စွယ်တော်မြတ်အားမပြတ်ပူဇော်ဆည်းကပ်ခွင့်ရပါသော်လည်း တင်းတိမ်အားရသည်မရှိ၊ စေတနာသဒ္ဓါတရားတိုးပွားသည့်ထက် တိုးပွားလာကာ စွယ်တော်တာဝန်ခံအမတ်ကြီးအား စွယ်တော်ပွားတစ်ဆူ ပင့်ယူရန်အထပ်ထပ်အခါခါ တောင်းဆို ပါတော့သည်။ စွယ်တော်စောင့်အမတ်ကြီးသည် စွယ်တော်ဓာတ်လေးဆူအနက် ဤနေရာတွင် တစ်ဆူသာကိန်းဝပ်ကြောင်း အရှင်ဘုရားသိတော်မူပါသည်။ သို့ရာတွင် ဘုရင်အနော်ရထာသည် တရုတ်ပြည်မှ မြတ်စွယ်တော်အား အကြိမ်ကြိမ်ပင့်ဆောင်သော်လည်း မကြွရောက်သဖြင့် နောက်ဆုံးသစ္စာဓိဋ္ဌာန်ပြုရာတွင် စွယ်တော် တစ်ဆူရရှိခဲ့ဖူးပါသည်။ ယခုလည်း အရှင်မြတ်သစ္စာဓိဋ္ဌာန်ပြုပါက အရှင်မြတ်၏ သစ္စာစွမ်းပကားကြောင့် စွယ်တော်မြတ်ပွားရရှိနိုင်ကြောင်း လျှောက်ထားသဖြင့် ခုနစ်ရက်မျှသစ္စာဓိဋ္ဌာန် ခိုင်ကျည်ကာ၊ ဇွဲ၊ လုံ့လကြီးမားထက်သန်မှုကြောင့် စွယ်တော်မြတ်ကိန်းဝပ်ရာ ရတနာရွှေကြုပ်ကို ဖွင့်လှစ်ကြည့်ရှုလိုက်သောအခါ အံ့သြမကုန်မယုံကြည်နိုင်လောက်အောင် နဝရတ်ကိုးပါးစီခြယ်ထားသော ရွှေကြုပ်အတွင်း၌ ဗုဒ္ဓရောင်တော်များ ကွန့်မြူးနေသော စွယ်တော်မြတ်နှစ်ဆူကို တစ်ပြိုင်နက်ဖူးတွေ့ရလေသည်။

ဆရာတော် ဦးဥတ္တမသည် သီဟိုဠ်မှ ရန်ကုန်သို့ ပြန်လည်ကြွရောက်စဉ် ကျုံမငေးမြို့မှ သာသနာ့အကျိုးဆောင်များ၏ ပင့်ဆောင်တောင်းပန်မှုကြောင့် ကျုံမငေးမြို့သို့ ဆရာတော်နှင့်အတူ စွယ်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိပါသည်။ စွယ်တော်မြတ်ကို နှစ်စဉ်တပေါင်းလတွင် ပူဇော်ပွဲများကျင်းပရာ ၁၉၇၉ ခုနှစ်တွင် နှစ် ၅၀ ရွှေရတုပွဲတော်ကြီးကိုလည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်မှစ၍ ၁၃၆၅ ခုနှစ် (၇၅) နှစ်မြောက်စိန်ရတုပွဲတော်အဖြစ်လည်းကောင်း ပူဇော်ခွင့်ရရှိခဲ့ရာ ယခုနှစ်တွင်းလည်း ဆက်လက်ကျင်းပမည် ဖြစ်သည့်အတွက် ကြွရောက်ဖူးမြော်ကြစေလိုပါသည်။

ကျေးဇူးရှင် ဆရာတော်ဦးဥတ္တမအရှင်မြတ်သည် နတ်ထိပ်ကျောင်းနှင့် ဈေးကျောင်းတို့တွင်တစ်လှည့်စီသီတင်းသုံးနေရာမှ ၁၂၉၀ ပြည့်နှစ်တွင် ဦးကောက်ရ ဦးဆောင်သော ၁၂ ဦးပါဝင်သည့် ဗုဒ္ဓမြတ်စွယ်တော်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ထံ စွယ်တော်မြတ်ကို အပ်နှံခဲ့ပါသည်။ ၁၂၉၂ တွင် ဈေးကျောင်းတိုက်နှင့် ဗုဒ္ဓမြတ်စွယ်တော် ဝေယျာဝစ္စတို့ကိုစီမံအုပ်ချုပ်ရန် ဆရာတော်ဦးသာသနအား လွှဲအပ်တော်မူသည်။ ၁၃၂၀ ခုနှစ် ဝါဆိုလဆန်း ၇ ရက်တွင် ဆရာတော်ဦးသာသနမှ ဆရာတော် ဦးကဏ္ဍလနှင့် ဆရာတော်ဦးသုမနအား ဈေးကျောင်းတိုက်နှင့် ဗုဒ္ဓမြတ်စွယ်တော်၏ ဝေယျာဝစ္စတို့ကို စီမံအုပ်ချုပ်ရန် လွှဲအပ်တော်မူပါသည်။ ဆရာတော်ဦးသုမနဦးစွာ ပျံလွန်တော်မူသဖြင့် ဆရာတော်ဦးကုဏ္ဍလမှ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ဆရာတော် ဦးကုဏ္ဍလသည် သက်တော် ၈၅ နှစ် သိက္ခာတော် ၆၅ ဝါအရတွင် ဇရာဒုဗ္ဗလအရွယ် ရောက်ရှိလာသဖြင့် ၁၃၅၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၃ ရက်တွင် ဈေးကျောင်းတိုက်ဣစိတာရုံကျောင်း ဆရာတော်ဦးဝိစိတ္တအား ဈေးကျောင်းတိုက်နှင့်တကွ မြတ်စွယ်တော်ဝေယျာဝစ္စ စီမံအုပ်ချုပ် ဆောင်ရွက်ရန် လွှဲအပ်ခဲ့ပါသည်။ ဆရာတော် ဦးဝိစိတ္တမှ သက်တော် ၇၈ နှစ်၊ သိက္ခာတော် ၅၇ ဝါအရတွင် ဈေးကျောင်းတိုက် ပရိယတ္တိစာသင်တိုက်နှင့် မြတ်စွယ်တော်ကိစ္စစီမံဆောင်ရွက်အုပ်ချုပ်ရန် ဆရာတော်ဦးပဏ္ဍိတနှင့် စာချဆရာတော် ဦးပညာဇောတတို့အား လွှဲအပ်ခဲ့ပါသည်။ ယခုအခါ ဆရာတော် ဘုရားကြီး ဦးဝိစိတ္တနှင့် ဆရာတော်ဦးပဏ္ဍိတတို့သည် ကျန်းမာရေးအခြေအနေအရ မြတ်စွယ်တော်နှင့် တိုက်တာကိစ္စရပ်များကို လမ်းညွှန်သြဝါဒချီးမြှင့်တော်မူကြပြီး စာချဆရာတော် ဦးပညာဇောတအား မြတ်စွယ်တော်နှင့်တိုက်တာကိစ္စများ ဆောင်ရွက်ရန် လွှဲအပ်တော်မူခဲ့ပါသည်။

သီရိလင်္ကာနိုင်ငံ(သီဟိုဠ်ကျွန်း) ကန္ဒီမြို့မှ သစ္စာအဓိဋ္ဌာန်ပြုခြင်းဖြင့် အလိုအလျောက်တိုးပွားလာသော ဗုဒ္ဓ၏သရီရဓာတ်တော် မြတ်စွယ်တော်မြတ်အား ဖူးမြော်ရင်း ပုဂံပြည့်ရှင်မင်းမြတ်အနော်ရထာ နန်းဦးပြာသာဒ်၌ ကိုးကွယ်ပူဇော်ခဲ့သော သစ်ကနတ်စစ် နတ်သစ်ရုပ်ပွားတော်အရှင်သူမြတ်နှင့် ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးနန်းတော်ဦးဘုရားကျောင်းတွင် ရှိသေစွာကိုးကွယ်ခဲ့သော ဇမ္ဗူ့ပတိနန်းစဉ်ဗုဒ္ဓဆင်းတုတော်၊ စန္ဒာမုနိရုပ်ရှင်တော်မြတ်၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးဥတ္တမတည်ထားခဲ့သော ကိုးနဝင်းစေတီတော်တို့အား ကြည်ညိုစွာ ဖူးမြော်နိုင်ပေသည်။

၁၃၇၉ ခုနှစ်တပေါင်းလဆန်း ၁၂ ရက်၊ ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီ ၂၆ ရက်မွန်းတည့် ၁၂ နာရီတွင် အတုလဗုဒ္ဓစွယ်တော်မြတ်အား ဂန္ဓကုဋိတိုက်တော်မှ အပူဇော်ခံမည့် ရွှေကျောင်းတော်ပေါ်သို့ ပင့်တော်ပူဇော်ခြင်း။

၁၃၇၉ ခုနှစ်တပေါင်းလဆန်း ၁၄ ရက် ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်နံနက် ၇ နာရီတွင် မြို့တွင်းသို့ ဒေသစာရီအပူဇော်ခံခြင်း။

၁၃၇၉ ခုနှစ်တပေါင်းလပြည့်နေ့ ၂၀၁၈ ခုနှစ်မတ်လ ၁ ရက်နေ့ညတွင် ကျုံမငေးမြို့မြစ်အတွင်း၌ ဆီမီး ၁၀၀၀၀ မျှော ပူဇော်ခြင်း။

၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက် ၂၀၁၈ ခုနှစ် မတ်လ ၅ ရက် မွန်းတည့် ၁၂ နာရီတွင် အတုလဗုဒ္ဓစွယ်တော်မြတ်အား အပူဇော်ခံရာ ရွှေကျောင်းတော်မှ ဂန္ဓကုဋိတိုက်တော်သို့ ပြန်လည်ပင့်ဆောင်ခြင်းများဖြင့် ပူဇော်မည်ဖြစ်သည်။

ကျုံမငေးမြို့စွယ်တော်မြတ်အား မော်တော်ကားနှင့် ရေယာဉ်များဖြင့် အလွယ်တကူသွားရောက်ဖူးမြော်နိုင်သည်။ တစ်နှစ်မှတစ်ခါသာ ဂန္ဓကုဋိတိုက်မှဖွင့်မှ အပူဇော်ခံခြင်းဖြစ်သည့်အတွက် သွားရောက်ဖူးမြော်ကြစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**ရွှေမဂ္ဂင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

**သင်္ကြန် အားလပ်ရက်**

**သံဝေဇနီယလေးဌာန၊ ဗုဒ္ဓဂယာအထူးခရီးစဉ်**

အတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါရန် မိတ်ဟောင်း/မိတ်သစ်များကို မေတ္တာဖြင့် အသိပေး နှိုးဆော်လိုက်ပါသည်။

➤ (၁၁-၀၄-၂၀၁၈) (၇ ညအိပ် / ၈ ရက်)

ဆက်သွယ်ရန် - အမှတ်(၆)၊ မြေညီထပ်၊ စေတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ ဖုန်း - ၀၁ ၅၁၆၇၁၄၊ ၀၉ ၅၄၀၈၅၅၈၊ ၀၉ ၂၅၃၁ ၂၀ ၂၀၅၊ ၀၉ ၄၂၁၁၅၅၇၇၂

ခရီးသွားလိုင်စင် ပခ/၀၂၃၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၇၉၆၀၄ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအိစာ(ခ)မြင့်ထူး ၉/ပသန(နိုင်)၁၁၇၅၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းဟင်း ၁၃/ကဟန(နိုင်)၀၁၂၉၁၄၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၃၉၄၈၈၈၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်၊ မိုင်း/၅၃၀နေ မသိုးမိုး၏ဖခင် ဦးတီရီးနှင့်ဦးတရီး ၂/ဖရဆ(နိုင်) ၀၀၂၅၃၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတီရီး(ခ)ဦးတရီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/7798 Toyota Alphard ANH10 Micro Bus (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဌေး ၆/ထဝန(နိုင်)၀၇၈၁၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

## အမည်ပြောင်း

ဦးအောင်ကျော်ညွန့်၏သမီး လှိုင်ကော်မြို့၊ ပညာရောင်ခြည်ကိုယ်ပိုင်ကျောင်း၊ ဆဋ္ဌမတန်းမှ မနှင်းစန္ဒီအောင်အား မနန်းစန္ဒီအောင်ဟုပြောင်းလဲခေါ်ပါရန်။

**မနန်းစန္ဒီအောင်**

## မိဘအမည်မှန်

တောင်ကြီးမြို့၊ ဉာဏ်လင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းမှ မောင်တိုးထက်လင်း၏ မိဘအမည်မှန်မှာ ဦးဘုန်းလင်းမောင်နှင့် ဒေါ်စန္ဒာဝင်းတို့ ဖြစ်ပါကြောင်း။




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၄ယ/၁၈၃၇၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/9477 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှထွေး ၉/ကပတ(နိုင်)၀၁၈၆၄၄ မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၃၈၆၉၄ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် (၂၈-သုမင်္ဂလာရပ်)၊ ဦးပိုင်အမှတ် ၁၅၀-က/၁၊ မြေယာအမှတ်(162-A/1)၊မြေဧရိယာ ၀ဒသမ ၀၃၁ဧကရှိ မြို့မြေဂရန်အမှတ်တွဲအမှတ် ၀၉၂/၂၀၁၂-၁၃အရ ဒေါ်နန်းယဉ်ယဉ်အမည်ပေါက်ခဲ့ပြီး ၄င်းမှဒေါ်စုစုကြည်ပါ(၂)ဦးတို့အား အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ် ၂၂၃/၂၀၁၄အရ ပေးကမ်းခဲ့သော မြေကွက်ကို ကျွန်မဒေါ်ရန်ဖင်ဝူးနှင့် ဒေါ်ရန်ဟုန်ကျူ(ခ) ဒေါ်သင်းသင်းတို့(၂)ဦးမှ ရောင်းကြေးငွေများ အပြီးအပြတ်ပေးချေပြီး ဝယ်ယူခဲ့ပါသည်။သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ ၁၄ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက စာချုပ်စာတမ်း ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကိုပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ဒေါ်ရန်ဖင်ဝူး ၁/မညန(နိုင်)၀၉၅၄၁၈
၂။ ဒေါ်ရန်ဟုန်ကျူ(ခ)ဒေါ်သင်းသင်း ၁/မညန(နိုင်)၁၂၈၉၃၆

**အမှတ် ၃၅၊ သရဖီလမ်း၊ ထုံးဘိုရပ်၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/3463 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၂၂၅၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7899 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/7173 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ဝိုင်းမော်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇/မြို့မမြောက်)၊ ဦးပိုင်အမှတ်(၇၃/၁)၊ မြေဧရိယာ ၀ ဒသမ ၁၃၄ ဧကရှိ ဦးလှမောင်အမည်ဖြင့် ၂-၁-၂၀၀၁ မှ ၁-၁-၂၀၁၆ ရက်အထိ (၁၅)နှစ်မြေငှားဂရန်သက်တမ်းအမည်ပေါက် နေအိမ်မြေကွက်အား ဦးလှမောင်ထံမှ ဦးလှအေး ၁/ဝမန(နိုင်)၀၀၄၃၅၆က ၇-၃-၂၀၁၆ရက်တွင် နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ကာ ဝိုင်းမော်စာချုပ်စာတမ်း မှတ်ပုံတင်ဦးစီးဌာန၏ ၂၇-၆-၂၀၁၆ ရက်စွဲပါ မှတ်ပုံတင်အမှတ်(၃၃/၂၀၁၆)တို့ ပြုဆိုတင်ပြကာ ဦးလှအေး ၁/ဝမန(နိုင်)၀၀၄၃၅၆ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိနိုင်ရေး လျှောက်ထား လာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုမြေငှားဂရန်လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူ ဦးလှအေးအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝိုင်းမော်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ အမှတ်(၉၁၁/၆)နေ ဒေါ်မိမိလတ် ၁/မကန(နိုင်)၀၅၁၁၇၅ သည် ဒေါ်နန်ဆိုင်းအမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ခရိုင်အမှုတွဲအမှတ် ၂၄၀/V/၂၀၁၆-၂၀၁၇ အရ နှစ်(၃၀)ဂရန်ရရှိထားသည့် စီတာပူရပ်ကွက်၊ ကွင်းအမှတ် ၁၂/၁၊ ဦးပိုင်အမှတ်(၂၁၆/၁က) ဧရိယာ ၀ ဒသမ ၁၅၅ ဧကမြေယာကွက်ကို ကျမ်းကျိန်လွှာအပါအဝင် စာရွက်စာတမ်းအပြည့်အစုံဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သည်။ယခုအခါ ဒေါ်မိမိလတ်အမည်ဖြင့် အဆိုပါမြေယာကွက်ကို အမည်ပြောင်းဂရန် လျှောက်ထားပြီးဖြစ်၍ မည်သူမဆို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း တရားဝင်စာရွက်စာတမ်း အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မိမိလတ်**
**အမှတ်(၉၁၁/၆)၊ လယ်ကုန်းရပ်ကွက်၊**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**

**တောင်ကြီးမြို့နယ်တရားရုံး**

**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၆**

ဒေါ်နန်းကွီ **နှင့်** ၁။ ဒေါ်နွယ်နွယ်လွင်
၂။ ဒေါ်စိုးစိုးသန်း(ခ) စုစုသန်း(ခ)အားယူ

**တရားလို** **တရားပြိုင်များ**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် ၁၂၀နေ တရားပြိုင်များဖြစ်သော ဒေါ်နွယ်နွယ်လွင်နှင့် တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၉၁ နေ (၂)ဒေါ်စိုးစိုးသန်း(ခ)စုစုသန်း(ခ)အားယူ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်နန်းကွီက ဂရန်အမှုတွဲအမှတ် ၂၁/၁၉၉၉ခုနှစ် (၃၀)နှစ် သက်တမ်းရှိ ဂရန်မူရင်းအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မတ် ၁၅ ရက် (၁၃၇၉ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း စသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးစန္ဒာဟိန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ဒေါ်တင်တင်လိမ်း(ခ)လင်ကင်လိမ်း
### ကာတင်ရေပ်ဆီလုပ်ငန်း
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဒေါ်ဖွားရှင်လမ်း၊ အမှတ် ၈၇နေ (ဦးကျော်ခင်-ဒေါ်ဝင်း)တို့၏သမီး၊ (ဦးကျင်စိန်)၏ဇနီး၊ ဒေါက်တာစန်းစန်းအေး-ဗိုလ်မှူးကြီးမြတ်ခိုင် (တပ်မတော် ဆေးသုတေသနတပ်)၊ ဒေါ်အေးအေးသန့်-ဦးကျော်သာ၊ ဒေါက်တာအေးအေးသိန်း-ဦးထွန်းဟန်တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာဇော်ဝင်းထွန်း၊ ဒေါက်တာကောင်းစည်သူ၊ နွေဦးသာ၊ သဲအေးသာ၊ သင်းစုစုစံတို့၏အဘွားသည် ၂၆-၂-၂၀၁၈ရက် မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၃-၂၀၁၈ရက် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သိန်းရီ
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၁၉/၂၀၊ River View Garden Housing ကမ်းနားလမ်းနေ ရွှာထောင်ဘိုးဘွားရိပ်သာ(စစ်ကိုင်း)စတင်တည်ထောင်သူ ဦးဆောင်နာယကကြီး ဦးဝင်းစိန်(ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးဝဏ္ဏ (MD. Myanmar Media Group) - ဒေါ်စန္ဒာဝင်း၊ ဦးအောင်မြင့်(ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့)-ဒေါ်သန္တာဝင်း၊ ဦးလင်းဇော်ဝင်း(MD. Lin Htet Industry Co., Ltd.)-ဒေါ်ကြည်ကြည်ခိုင်တို့၏ချစ်လှစွာသောမိခင်သည် ၂၄-၂-၂၀၁၈ရက်(စနေနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရွှာထောင်ဘိုးဘွားရိပ်သာ ဘိုးဘွားများနှင့်**
**ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြပ်မတ်မှုကော်မတီ**
**စစ်ကိုင်းမြို့**

---

## ဦးဘသိန်း အသက်(၇၀)
### (ဒု-အရာခံဗိုလ်၊ ငြိမ်း)၊ တပ်မတော်မှတ်တမ်းရုံး
### အရိုင်းစေညဝတီ

ရခိုင်ပြည်နယ် ၊မြောက်ဦးမြို့၊ မဟိန်ဂျီရပ်နေ(ဦးအောင်လှ-ဒေါ်ငွေဖြူစိန်)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်နေ(ဦးအောင်သောင်း-ဒေါ်မြင့်မြင့်)၊ ဒေါ်အုန်းမေ(ဒေါ်ဥတ္တရာသီ)တို့၏သားသမက်၊ ညီအစ်ကို မောင်နှမ ၁၈ယောက်တို့၏အစ်ကို၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၁၀၇၄နေ ဒေါ်အေးအေး၏ခင်ပွန်း၊ (ဒုဗိုလ်ဘုန်းတင့်၊ ကြည်း-၂၄၈၃၀)၊ တပ်ကြပ်စိုးကျော်-ဒေါ်ဥမ္မာကြည်၊ ဦးစိုးဝင်း(ဦးစီးအရာရှိ၊ သမ္မတရုံး)-ဒေါ်သန္တာသိန်း၊ ဦးတင်အောင်(အထက်တန်းရှေ့နေ)၊ ဦးမင်းသိုက်ထွန်း(ကွန်တိန်နာကားလုပ်ငန်း)-ဒေါ်ဖြူဖြူသိန်း(လယ်/ပြ၊ ထခွဲလ-၁၀)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရွှေပေါက်ကံမြို့သစ်နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးလှထွန်းကြိုင်(ခ)ဆရာနေရောင် (ဓညဝတီ)
### အသက်(၆၆)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးလှဇော်ဦး-ဒေါ်နုနုဟန်တို့၏ဖခင်၊ ဦးလှထွန်းကြိုင်(ခ)ဆရာနေရောင်(ဓညဝတီ)သည် ၂၅-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အုန်းမြင့် အသက်(၆၈)နှစ်
### မနောမယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၆၆ နေ (ဦးအုန်းမောင်-ဒေါ်ယဉ်မေ)တို့၏သမီး၊ (ဦးဘသောင်း-ဒေါ်တဆုပ်)တို့၏ချွေးမ၊ [ဦးခိုင်ဝင်း(ခ)ဦးကြည်အောင်]၏ချစ်လှစွာသောဇနီး၊ ဦးဟန်ဝင်းလှိုင်-ဒေါ်သင်းသင်းမာ၊ ဦးနေလင်းထွန်း-ဒေါ်မိုးမိုးဆွေ(လမ်းနှင့်တံတား၊ YCDC)၊ ဦးကြည်စိုး-ဒေါ်မိုးမိုးအေးတို့၏ချစ်လှစွာသောမိခင်၊ မောင်ထင်လင်းခ(Grade X)၊ မောင်စိုးဝေခန့်(Grade IV)၊ မောင်စိုးဝေသန့်(KG၊ အထက-၂၊ ရန်ကင်း)တို့၏အဘွားသည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သိန်း (မှော်ဘီ)
### အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နေ (ဦးသင်းဖေ-ဒေါ်ရီ)တို့၏သမီး၊ (ဦးစံကျော့-ဒေါ်စိန်တင့်)တို့၏သမီးချွေးမ၊ (ဦးသီးရွှေ)၏ဇနီး၊ (ဦးဘချစ်တင်)၊ (ဒေါ်အေးလှိုင်)၊ (ဦးမြသောင်း)၊ (ဒေါ်ကြူကြူ)တို့၏ညီမ၊ (ဦးလှဝေ)၊ ဒေါ်မြရီ၊ ဦးသန်းဝင်း(ရုံးအုပ်၊ ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ ဒေါ်လှကြည်(မြေတိုင်းဦးစီးဌာန)တို့၏အစ်မ၊ ဒေါ်ခင်ခင်အေး(ဌာနခွဲမှူး၊ ဘဏ္ဍာ၊ ရန်ကင်းပညာရေးကောလိပ်)၏မိခင်ကြီးသည် ၂၆-၂-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြ
### အသက်(၈၄)နှစ်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ကံကြီးကျေးရွာနေ (ဦးစံမြိုင်-ဒေါ်ပွေးမ)တို့၏သမီး၊ (ဦးနွဲ့-ဒေါ်ကံကောင်း)တို့၏သမီးချွေးမ၊ အမှတ် ၃၅၆၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးကျော်သိန်း)၏ဇနီး၊ ဦးကျော်ကျော်(စီးပွား/ကူးသန်း)-ဒေါ်မော်လီဆွေ(စီးပွား/ကူးသန်း)၊ (ဦးမိုးကျော်)-ဒေါ်ခင်ခင်ပြုံး(မြန်မာ့အလင်း)၊ ဒေါ်ခင်သန်းနှစ်(မြန်မာ့ဆက်သွယ်ရေး)၊ ဦးလှဝင်း(မြန်မာနိုင်ငံသားများဘဏ်)-ဒေါ်ခိုင်သူဇာအေး၊ ဦးအောင်ဖုန်းကျော်-ဒေါ်ခင်စန်းတင့်(မြန်မာ့ဆက်သွယ်ရေး)တို့၏မိခင်၊မြေးလေးယောက်တို့၏အဘွားသည် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ စေတီ၊ ဓမ္မာရုံ၊ မုခ်ဦး၊ ရေတွင်း၊ ရေကန်၊ မီးစက် ဒါယိကာမကြီး
## ဒေါက်တာဒေါ်ခင်မျိုးကြူ
### (သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး)
### ဓမ္မဒီပ ဗုဒ္ဓစာပေသင်တန်းကျောင်း၏ နာယက
### အသက်(၇၁)နှစ်

မန္တလေးမြို့၊ ဒေါနဘွား၊ အကွက်(၅)၊ ၁၉လမ်း၊ ၆၃×၆၄လမ်းကြားနေ [ဗိုလ်မှူးချုပ်မြင့်မောင်(ငြိမ်း)-ဒေါ်ခင်မြင့်မူ]၊ [ဗိုလ်မှူးထွန်းလင်း(ငြိမ်း)-ဒေါ်တင်တင်မြိုင်]တို့၏တူမ၊ တောင်ဒွါလောင်းရပ်နေ ဦးခင်မောင်ညို-ဒေါ်ငြိမ်းငြိမ်းတို့၏ညီမ၊ ဒေါနဘွားရပ်နေ ဦးခင်ဇော်မောင်-ဒေါ်ကြူကြူဇော်တို့၏အစ်မ၊ ဗိုလ်ကြီးဇော်ရဲထွဋ်(ငြိမ်း)-ဒေါက်တာဒေါ်နွယ်နီဝေ၊ ဒုတိယဗိုလ်မှူးကြီးစိုင်းလုံ-ဒေါ်သက်သက်ဇော်(ဒု-ခရိုင်ဥပဒေအရာရှိ)၊ ဗိုလ်ကြီးနေထက်ဇော်-ဒေါ်လဲ့ရည်မွန်၊ ဦးကျော်မောင်မောင်(တော်ဝင်မန္တလေးဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်ချယ်ရီစိုး၊ ဦးချမ်းမြေ့မောင်(တိုင်းဒေသကြီးဥပဒေချုပ်ရုံး)-ဒေါ်နန်းထွေးခမ်း၊ ဦးပြည့်ဖြိုးမောင်(S.A.E ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်)တို့၏ချစ်လှစွာသောကြီးတော်၊ မစုဟန်နီ၊ မသဲနုနုနိုင်၊ မခင်ချောချောခန့်၊ မမြဖြူသဲခင်၊ မဆုမြတ်သီရိ၊ မအိမ့်သက်မှူးခင်၊ မောင်သော်ဇင်ထက်တို့၏ အဘွားသည် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင်အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ကြည် (သန်လျင်)
### အသက်(၆၂)နှစ်

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ဘဏ်လမ်း၊ အမှတ် ၁၁နေ (ဦးကျင်ဘဏ်-ဒေါ်ကြည်)တို့၏သမီး၊ (ဦးကျင်ဝင်း)-ဒေါ်မြတ်မြတ်အေး၊ ဦးအေးသန်း-ဒေါ်စန်းစန်းအေးတို့၏ညီမ၊ ဒေါ်ခင်ရီ(ကျောင်းအုပ်ကြီး၊ငြိမ်း)၏အစ်မ၊ ဦးအောင်မင်း၏ဇနီး၊ မခိုင်ဇာထက်၊ ကိုထွဋ်ထွဋ်ဝင်း-မခိုင်ဇာအောင်တို့၏ မိခင်သည် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ကြည်ထွန်း(ညီပြုံး)
### သံတွဲ
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် ၉၆ (ခုနစ်လွှာ)နေ (ဦးတင်ထွန်း)-ဒေါ်သိန်းသိန်းမြတို့၏သား၊ သံတွဲမြို့၊ ဘုရင့်နောင်လမ်းနေ ဦးအုန်းသာ-ဒေါ်အေးသိန်းတို့၏သားသမက်၊ ဒေါ်သန္တာစိုး၏ခင်ပွန်း၊ ဦးအောင်ဝင်းထွန်း-ဒေါ်လှလှကြည်တို့၏ညီ၊ ဦးအောင်မြင့်ထွန်း-ဒေါ်ခင်ခင်မြင့်တို့၏အစ်ကို၊ မရွှေရည်ကြည်ထွန်း(ရွှေရုပ်)၏ ဖခင်သည် ၂၄-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးမောင်စွမ်(ခ)လူချွန်ဖွန်း
## (အောင်ရတနာဆေးရုံ)
## အသက်(၉၅)နှစ်

ဦးမောင်စွမ်(ခ) လူချွန်ဖွန်း (အောင်ရတနာဆေးရုံ) အသက်(၉၅)နှစ်သည် ၂၂-၂-၂၀၁၈ ရက် (ကြာသပတေးနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အောင်ရတနာဆေးရုံ**

---

## ဦးဘသိန်း
### တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း
### အသက်(၇၀)

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း၏ Trainer တစ်ဦးဖြစ်သူ ကိုတင့်အောင်၏ ဖခင်သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၁း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကုန်တက္ကသိုလ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား ဒါယိကာမကြီး
## ဒေါ်အုန်းဟန် (ပန်းတနော်)
### အသက်(၇၈)နှစ်

ပန်းတနော်မြို့၊ ဘုရင့်နောင်လမ်း၊ အမှတ် ၂နေ (ဦးကျင်သန်း-ဒေါ်တင်အေး)တို့၏သမီး၊ ပုသိမ်မြို့နေ (ဦးတစ်ဖောင်-ဒေါ်ကျင်လှ)တို့၏ သမီးချွေးမ၊ ရွှေပြည်သာမြို့နယ်နေ ဦးမြင့်ကျော်-ဒေါ်ခင်မျိုးအောင်တို့၏ညီမ၊ ဒေါ်စန်းစန်းယု၊ဦးမျိုးလှိုင်-ဒေါ်သီတာ၊ကိုဟန်ထွန်း-မခိုင်ဇာလင်း၊ ကိုကျော်လွင်၊ မမြင့်မြင့်ချိုတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ (ဦးသိန်းထိုက်)၏ဇနီးသည် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ပန်းတနော်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Eligabeth-ဒေါ်အေးအေးမြင့် (ခ)ဒေါ်ဘောဘော
### အလက(ငြိမ်း)၊ အထက-၁၀
### အသက်(၆၅)နှစ်

မန္တလေးမြို့၊ သံဝင်းရပ်၊ ၂၃×၂၄ကြား၊ ၈၆×၈၇လမ်းကြား၊ အမှတ် ၁၈၅/၆၅နေ (ဦးအိုဒီကွိုက်စ်)(ခ)ဦးမြင့်သိန်း-(ဒေါ်ခင်မြ)တို့၏သမီး၊ ဦးမင်းနိုင်-ဒေါ်ချယ်ရီ(ခ) ဒေါ်မြင့်မြင့်ကြည်(အလပြ-ငြိမ်း၊ အထက-၁)တို့၏ညီမ၊ ဒေါ်မူမူအေး(ခ) Margo၊ ဒုအရာခံဗိုလ်ကိုကိုကြီး-ဒေါ်ခင်သန်းနွဲ့၊အပြုံး၊ ဒုအရာခံဗိုလ်ကိုကိုမြတ်-ဒေါ်နုနုရီတို့၏ အစ်မ၊ တူ၊တူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)ည ၉နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၂-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှ စိန့်မိုက်ကယ်လ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မာမာ (စစ်ကိုင်း)
### B.Econ (C.S)
### စာရင်းစစ်မှူး(ငြိမ်း)
### အသက်(၆၄)နှစ်

စစ်ကိုင်းမြို့၊ နန်းတော်ရာရပ်ကွက်နေ (ဦးချစ်စိန်) - ဒေါ်ခင်ငွေးတို့၏ သမီး၊ ရန်ကုန်မြို့၊နတ်ချောင်းရပ်ကွက်၊တာမွေမြို့နယ်၊ မေတ္တာရိပ်မွန်အိမ်ရာ၊(၁၀)ထပ်တိုက်နေ ဦးနေလင်း (လ/ထ ညွှန်မှူး၊ ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်)၏ဇနီး၊ ဒေါ်အေးချမ်းလင်း (ဌာနစုမှူး-၂၊နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်ဝေယံလင်း (ရတနာပုံ ဆိုက်ဘာစီးတီး၊ ပြင်ဦးလွင်)တို့၏ မိခင်သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ကျောင်း၊ ဇရပ်၊နတ်လမ်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးသန်းနိုင်စိုး(ခ)ဦးပီတာ
### အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ပပအောင်(ခ) ဒေါ်တူးတူး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှမြိုင်စိုး၊ ဒေါက်တာအောင်ကျော်ထွန်း-မအိန္ဒြေအေးတို့၏ အစ်ကိုကြီး၊ ဦးမျိုးကျော်(ခ)ဦးမိုးကျော် - ဒေါ်နှင်းလွင်စိုး(ခ)ဝိုင်းလေး၊ ဦးစန်းမြင့်-ဒေါ်ဆန်းသွင်စိုး(ခ)ထွေးလေးတို့၏ ညီ/မောင်၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဘကြီးသည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်လှ
## အသက်(၉၂)နှစ်

ဦးစိုးတင်မောင်ဇော်(KBZ Bank)-ဒေါ်စန္ဒာအေး (KBZ Bank)တို့၏မိခင် ဒေါ်ခင်လှ အသက်(၉၂)နှစ်သည် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉း၄၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

---

## ဗိုလ်မှူးဇော်ညွန့်(ငြိမ်း) အသက်(၈၀)
### ကျိုက်လတ်မြို့
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊နှင်းချယ်ရီ(၁)လမ်း၊ အမှတ်(၅/က)နေ(ဦးကျော်-ဒေါ်ရွှေ)တို့၏သား၊ (ဦးဘသွင်-ဒေါ်ရီ)တို့၏သားသမက်၊ ဒေါ်သိန်းသိန်းဇော်၏ခင်ပွန်း၊ (ဒေါက်တာကျော်ထင်ဇော်ညွန့်)၊ ဦးတင်ဇံကျော်(Device Consulting Group)-ဒေါ်မေမျိုးဇော်ညွန့်တို့၏ဖခင်၊ ဒေါက်တာထက်ဇံလင်း (Myanmar B2B Management Magazine)-ဒေါက်တာဆုမွန်မွန်ထွန်း၊ မစုနဒီထွန်း(YTU)တို့၏အဘိုး၊ မသွန်းထက်ကြယ်စင်(Yangon Academy)၏ဘိုးဘိုးကြီးသည် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁း၁၃ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးဇော်ညွန့် (ငြိမ်း)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)
### အသက်(၈၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊ နှင်းချယ်ရီ ၁လမ်း၊ အမှတ်(၅/က)နေ ဒေါ်သိန်းသိန်းဇော်၏ခင်ပွန်း၊ M9 Public Company Limited ၏ Director/Business Consultant ဦးတင်ဇံကျော်-ဒေါ်မေမျိုးဇော်ညွန့်တို့၏ဖခင်သည် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**M9 PUBLIC COMPANY LIMITED**
**President, Vice President Board of Director**
**အဖွဲ့ဝင်များ၊ ရှယ်ယာရှင်များနှင့်ဝန်ထမ်းများ**

---

## ဦးမောင်မောင်မြ
### BE Mechanical (၁၉၉၆ batch)
### ဒုအထွေထွေမန်နေဂျာ(စက်မှု)
### မြန်မာ့မီးရထား(ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ် ၅၅နေ (ဦးချစ်ထွန်း-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးမောင်မောင်ကြည်-ဒေါ်ရီရီမြင့်)တို့၏သားသမက်၊ (ဒေါ်ခင်မာမာ)၏အစ်ကို၊ ဦးရဲမြင့်(Diamond Mercury)-(ဒေါ်မြမြဝင်း)၊ (ဦးမောင်မောင်)တို့၏အစ်ကို၊ ဒေါ်နွဲ့နွဲ့ရီ၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ဇော်ထူး(မိုးဟိန်း ပညာဒါနတံဆိပ်ရိုက်လုပ်ငန်း)-မမြသန္တာဦး(Smile World မူကြို)၊ ကိုဇော်မင်းဦး၊ ကိုလှမင်းအောင်-နော်နီလာတင်(Win YF V Myanmar Limited)၊ ကိုကောင်းမြတ်စိုး-မရီရီသန့်တို့၏ဖခင်၊ မောင်အောင်ဘုန်းပြည့်စုံ(ဖိုးချစ်)၊ မလင်းလက်ချယ်ရီတို့၏ ဘိုးဘိုးကြီးသည် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၅း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်ညွန့်
### (Michael Khin Nyunt)
### လက်မှတ်သိမ်းချုပ်(ငြိမ်း)၊ မြန်မာ့မီးရထား၊ မန္တလေး
### အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ ဦးခင်ညွန့်(စက်ရှင်တရားသူကြီး၊ ငြိမ်း)-ဒေါ်ကြွယ်ကြွယ်ညွန့်တို့၏သား၊ ဒေါ်ခင်ညွန့်ဦး-(ဦးဉာဏ်ထွန်း)၊ ဒေါ်ခင်ညွန့်နှင်း-ဦးမျိုးညွန့်တို့၏မောင်၊ ဒေါ်ဖြူတီခင်ညွန့်၊ ဒု-ဗိုလ်မှူးကြီးဇော်ခင်ညွန့်(ငြိမ်း)-ဒေါ်ဝင်ကီမီလာ၊ ဒေါ်ခင်ညွန့်လင်း-(ဦးခင်ဇော်ထွန်း)၊ ဒေါ်စပွာယ်ခင်ညွန့်(စစ်တက္ကသိုလ်)တို့၏အစ်ကို၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တ-၆/၉၃၊ ငုပြာလမ်း၊ ၆၄×၆၅လမ်းကြားနေ ဒေါ်ခင်လှ၏ခင်ပွန်း၊ ဒေါ်ခင်ခင်ညွန့်(လယ်အုပ်၊ ထ-ခွဲဧည့်ပြ)၊ ဦးသက်ဦးမောင်၊ ဒေါ်ခင်ဖြူဖြူမောင်တို့၏ဖခင်သည် ၂၄-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် (ခုတင် -၃၀၀)မန္တလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ကျောင်း၊ ဇရပ်၊ နတ်လမ်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးသန်းနိုင်စိုး(ခ)ဦးပီတာ အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ ဦးစိုးလွင်(တွဲဖက်အတွင်းရေးမှူး၊ ကျိုက်ထီးဆောင်းထီးဒီပံ ဓမ္မာရုံ၊ ရန်ကုန်)နှင့် ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ကြေးသွန်းဘုရားကြီး၏(အတွင်းရေးမှူး)-ဒေါ်သန်းသန်းလှတို့၏ချစ်လှစွာသောသားကြီး၊ [ဦးအောင်စိုး၊ ဌာနမှူး(ငြိမ်း)၊ စက်မှု(၁)ကြွေ/မြေ]-(ဒေါ်ခင်မြ၊ မြန်မာ့စီးပွားရေးဘဏ်-၁၊ ငြိမ်း)တို့၏သားသမက်၊ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ် ၄၁ (သုံးလွှာ) (A)နေ ဒေါ်ခင်ပပအောင်(ခ)ဒေါ်တူးတူး၏ခင်ပွန်း၊ မမေမြင့်မြတ်ကြွယ်(B.E Civil)၊ မောင်အောင်ထက်နိုင်ဦး(ခ)ဝီလျှံ(အထက-၅၊ တာမွေ)(၆-A)၏ချစ်လှစွာသောဖခင်သည် ၂၆-၂-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံတစ်ဝန်း တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ရှစ်သိန်းကျော်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မတ် ၇ ရက်တွင် စတင်ဖြေဆိုမည့် ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ် မြန်မာနိုင်ငံတစ်ဝန်း တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ရှစ်သိန်းကျော်ရှိကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမျိုးသန့်က ပြောသည်။

"ဒီနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမယ့် နောက်ဆုံးစာရင်းအရဆိုရင် ကျောင်းသား ကျောင်းသူ ပေါင်း ၈၄၄၂၉၂ ဦး ဖြစ်ပါတယ်၊ ရန်ကုန်တိုင်းဒေသကြီး မှာတော့ ၁၂၁၃၅၃ ဦး ဖြစ်ပါတယ်၊ ဒီနှစ်ကတော့ မနှစ်က ခုနှစ်သိန်း ခြောက်သောင်းကျော်နဲ့ နှိုင်းစာမယ်ဆိုရင်တော့ ရှစ်သောင်းလောက်

စာမျက်နှာ ၂ ကော်လံ ၅ ✻


## ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ

စာ » ၆

## ဝေါဟာရ အသုံးအနှုန်းများနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ

စာ » ၁၀




# ဘာလင်မြို့၌ ယနေ့ကျင်းပသည့် The Berlin Conference on Myanmar Genocide ကွန်ဖရင့်ဖိတ်ကြားမှုပယ်ဖျက်ခံရခြင်းနှင့် ပတ်သက်၍ မြန်မာ့အရေး စိတ်ဝင်စားသူများက သတင်းစာရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ယနေ့ကျင်းပသည့် The Berlin Conference on Myanmar Genocide ကွန်ဖရင့်ဖိတ်ကြားမှု ပယ်ဖျက်ခံရခြင်းနှင့်ပတ်သက်၍ မြန်မာ့အရေး စိတ်ဝင်စားသူများ ဖြစ်ကြသည့် Forum on Strategies for Peace, and Harmony and Reconciliation မှ အဖွဲ့ဝင်များက ပူးပေါင်းပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (MISIS) ရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**အသိပေးအကြောင်းကြား**

အဆိုပါ ဘာလင်ကွန်ဖရင့်ကို "Forum on Strategies for Peace, Harmony and Reconciliation"မှ အဖွဲ့ဝင်များက တက်ရောက်ရန် စာရင်းပေးခဲ့သော်လည်း ဖိတ်ကြားမှု ပယ်ဖျက်ခံရသည်ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ပွဲစီစဉ်သူများက အီးမေးလ်မှတစ်ဆင့် အသိပေး အကြောင်းကြားခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ယနေ့သတင်းစာရှင်းလင်းပွဲ ပြုလုပ်ကျင်းပသည့် မြန်မာ့အရေး စိတ်ဝင်စားသူများထဲတွင် ပါဝင်သူ လူသားချင်းစာနာမှု အကူအညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က "မြန်မာ့အရေးကို စိတ်ဝင်စားသူတွေက ဂျာမနီနိုင်ငံမှာ ကျင်းပမယ့် ကွန်ဖရင့်ကို တက်ရောက်ချင်တယ်၊ သူတို့အသံတွေကို နားထောင်ချင်တယ်၊ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေနဲ့ ပါဝင်ချင်တဲ့အတွက်ကြောင့် သွားရောက်ဖို့စီစဉ်ခဲ့တာဖြစ်တယ်၊ အစိုးရကို ကိုယ်စားပြုပြီး တက်တာမျိုး မဟုတ်ပါဘူး၊ အရပ်ဘက် လူမှုအဖွဲ့အစည်းအနေနဲ့ ပါဝင်ချင်တဲ့ အတွက်ကြောင့်

စာမျက်နှာ ၆ ကော်လံ ၁ ❖

# AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် ရန်ကုန်နှင့် ထန်ဟွာ၊ အန်ကောနှင့် ရှမ်း ယနေ့ကစားမည်



AFC Cup ပြိုင်ပွဲ ပထမပွဲတွင် အနိုင်ရထားသည့် ရန်ကုန်အသင်း။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယနေ့ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်နှင့် ထန်ဟွာ၊ အန်ကောနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒုတိယနေ့ပွဲတွင် ရန်ကုန်အသင်းက အိမ်ကွင်း ကစားရမည်ဖြစ်သော်လည်း ရှမ်းယူနိုက်တက်အသင်းမှာမူ အဝေးကွင်း ယှဉ်ပြိုင် ကစားရမည် ဖြစ်သည်။

AFC Cup ပြိုင်ပွဲအုပ်စုပွဲများကို ဖေဖော်ဝါရီ ဒုတိယပတ်တွင် စတင်ကျင်းပခဲ့ပြီး ပထမပွဲတွင် ရန်ကုန်အသင်း အနိုင်ရခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းမှာမူ အိမ်ကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့သည်။ ထို့ကြောင့် ယနေ့ကစားမည့် ဒုတိယပွဲမှာ နိုင်ပွဲရထားသည့် ရန်ကုန်အသင်းအတွက်ရော ရှုံးပွဲကြုံတွေ့ထားသည့် ရှမ်းယူနိုက်တက်အသင်း အတွက်ပါ အရေးပါလျက်ရှိသည်။ ရန်ကုန်အသင်းသည် အုပ်စု (G) တွင် ထန်ဟွာ (ဗီယက်နမ်)၊ ဂလိုဘယ် (ဖိလစ်ပိုင်)၊ ဘာလီယူနိုက်တက်(အင်ဒိုနီးရှား)တို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အဖွင့်ပွဲတွင် ရန်ကုန်အသင်းက အဝေးကွင်းတွင် ဘာလီယူနိုက်တက်ကို သုံးဂိုး-တစ်ဂိုး၊ ထန်ဟွာအသင်းက အိမ်ကွင်းတွင် ဂလိုဘယ် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ နိုင်ပွဲရထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး နှစ်ပွဲဆက်အနိုင်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ ရန်ကုန်အသင်းနှင့် ထန်ဟွာ အသင်းတို့ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည် ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၃ ✪

KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017